


# သုခအစစ် နှင့် သုခအတု

Myanmar Cyber Media
PDF Team

Typing - ငွေဇင်ယော်

Cover Design - ကိုလေးအောင်

Proof & PDF - NTA

စာဖတ် ပရိသတ်များအား အစဉ် လေးစားလျက်....

mCm PDF

www.mmcybermedia.com

May - 2011

# သုခအစစ် နှင့် သုခအတု

## အထွေထွေစာစုများ

ပါရဂူ



ပုံနှိပ်မှတ်တမ်း

စာမူ ခွင့်ပြုချက် အမှတ် - ၄၀၀၂၁၄၀၂၁၀

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် - ၄၀၀၆၂၅၀၆၁၀

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၂၊ ဒီဇင်ဘာ၊ ဖူလုံ စာပေ။

ဒုတိယအကြိမ်၊ ၂၀၁၀၊ နိုဝင်ဘာ၊ သူရိယ စာပေ။

အုပ်ရေ

၁၀၀၀

မျက်နှာဖုံး ဒီဇိုင်း

ပန်းချီ - တင်အောင်ထိုက်

ဒီဇိုင်း - ခွန်ကျော်စွာ

အတွင်းဖလင်

"ပုံရိပ်ရှင်"

စာအုပ်ချုပ်

ကိုမြင့်

ကွန်ပျူတာ စာစီ

Dream City

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်

ဦးဇော်မြင့်ဝင်း

Color Zone ပုံနှိပ်တိုက်

၁၈၄ (ခ)၊ ၃၁ - လမ်း (အထက်)၊

ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးမြတ်ဟိန်း

"သုရိယ စာပေ"

၄၂ (က)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊

ဗဟန်း မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး

၁၀၀၀ ကျပ်

## မာတိကာ

- စာရေးသူ၏ အတ္တုပ္ပတ္တိ အကျဉ်း
၁။ သုခ အစစ်နှင့် သုခ အတု
၂။ အပြုံးကိုယ်စီ ရှိကြစေ
၃။ ဒေါသ ဖြေဖျောက်နည်း
၄။ အခွင့်အရေးနှင့် တာဝန် ဝတ္တရား
၅။ အဓိကနှင့် သာမည
၆။ ဟိံသာနှင့် အဟိံသာ
၇။ နိုင်းယှဉ်ချက်
၈။ ကွန်ပျူတာ ဗေဒင်
၉။ စာကလေးခွေ
၁၀။ သုံးပန်လှ ယုန်
၁၁။ တိရစ္ဆာန်လောက
၁၂။ ရွှေသက်န်းနှင့် ဗုဒ္ဓ ဒိုင်ယာရီ
၁၃။ ယဉ်ကျေးမှုအမွေ ပုဂံမြေ
၁၄။ ကုမ္ဘ မေလာ
၁၅။ ကလေးစာပေ
၁၆။ ကလေးဉယျာဉ်
၁၇။ ကလေးနှင့် ကစားစရာ (၁)
၁၈။ ကလေးနှင့် ကစားစရာ (၂)
၁၉။ ကလေးနှင့် ပန်းချီ
၂၀။ ပန်းချီ အနုပညာကျောင်းနှင့် ပန်းချီပြပွဲ
၂၁။ ဗုဒ္ဓခေတ် လယ်ယာ စိုက်ပျိုးရေး
၂၂။ ဝါတွင်းနှင့် လယ်ယာ စိုက်ပျိုးရေး
၂၃။ ဇေယျ၊ မဟာဆွေ ရာပြည့် ပွဲသဘင်
၂၄။ ဘရက်လေဘာ

## စာရေးသူ၏ အတ္ထုပ္ပတ္တိ အကျဉ်း

၁၉၂၁ - ၁၉၂၁ ခု၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ဟင်္သာတ ခရိုင်၊ သနွံသနော့ ကျေးရွာ၌ ဖွားမြင်သည်။ မိဘ နှစ်ပါးမှာ ဦးဘစောနှင့် ဒေါ်မေတုတ် ဖြစ်သည်။ အမည်ရင်းမှာ ဦးလှကြိုင် ဖြစ်သည်။ သနွံသနော့ရွာ မူလတန်းကျောင်း၌ စတုတ္ထတန်းအထိ ကျောင်းတက်ခဲ့သည်။

၁၉၃၃ - ၁၂ နှစ် အရွယ်တွင် သနွံသနော့ရွာ ဘုန်းတော်ကြီးကျောင်း၌ ကိုရင်ဝတ်သည်။ ဘွဲ့အမည်မှာ ရှင်ပုဏ္ဏရိက ဖြစ်သည်။

၁၉၃၄ - ၁၄ နှစ် အရွယ်တွင် ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက်၌ ပညာသင်သည်။ ရှင်ပုဏ္ဏရိက ဘွဲ့အမည်ကို ရှင်ပါရဂူ ဘွဲ့အမည် ပြောင်းသည်။

၁၉၃၆ - ၁၅ နှစ်အရွယ်တွင် သံလျင်မြို့နယ် လပဟာရက်ရွာ ပထမပြန် စာသင်တိုက်၌ အစိုးရ ပထမပြန် စာမေးပွဲ ပထမငယ်တန်း အောင်မြင်သည်။

၁၉၃၇ - ၁၆ နှစ် အရွယ်တွင် အထက်ပါ ကျောင်းတိုက်၌ အစိုးရ ပထမပြန် စာမေးပွဲ ပထမလတ်တန်း အောင်မြင်သည်။

၁၉၃၈ - ၁၇ နှစ် အရွယ်တွင် အထက်ပါ ကျောင်းတိုက်၌ အစိုးရ ပထမပြန် စာမေးပွဲ ပထမကြီးတန်း အောင်မြင်သည်။ (ထိုနှစ်က ဟံသာဝတီ တစ်ခရိုင်လုံး ပထမကြီး နှစ်ပါးတည်းသာ အောင်မြင်ရာ တစ်ပါးမှာ ရှင်ပါရဂူ ဖြစ်သည်။ ပထမပြန် စာမေးပွဲ သမိုင်း၌ ထိုနှစ် ထိုအချိန်ထိ ၁၇ နှစ်နှင့် ပထမကြီး အောင်မြင်သူ နှစ်ပါးတည်းသာ ရှိရာ တစ်ပါးမှာ ရှင်ပါရဂူ ဖြစ်သည်။)

၁၉၃၉ - "မျိုးညွန့်နွယ်" အမည်ဖြင့် တိုးတက်ရေး မဂ္ဂဇင်းတွင် "လူငယ်ခေတ်" ဆောင်းပါးများကို လည်းကောင်း၊ "သာမဏေ ရှင်ပါရဂူ" အမည်ဖြင့် ဒဂုန် မဂ္ဂဇင်းတွင် "သံဃာတော်များနှင့်..." ဆောင်းပါးကို လည်းကောင်း ရေးသားသည်။

၁၉၄၀ - ရန်ကုန်မြို့တွင် ကျင်းပသော အစိုးရ ဓမ္မာစရိယ စာမေးပွဲတွင် ဂုဏ်ထူး သုံးကျမ်း အောင်မြင်သည်။ "ဘုန်းကြီးကျောင်းသား" အမည်ဖြင့် တိုးတက်ရေး မဂ္ဂဇင်းတွင် "ဝိပါက်" ဝတ္ထုနှင့် "ရင်သွေး" ဝတ္ထု ရေးသည်။

၁၉၄၂ - သနွံသနော့ ရွာကျောင်း ဥဒကုက္ခေပ သိမ်၌ ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက် စတုတ္ထ ဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ဆရာ အရာထားပြီး ဘကြီးတော်သူ ဦးဘိုးသီ၊ ဒေါ်စောလေးတို့က ရဟန်းဒါယကာ ပြုလျက် ဥပသမ္ပဒ ပဉ္စင်းအဖြစ် ရောက်သည်။

၁၉၄၄ - သံလျင်မြို့ ဂျပန်စာသင်ကျောင်း (ယခင် စိန့်ဂျော့ဂျက်) ၌ ဂျပန်စာ ၂ နှစ် သင်သည်။ မြန်မာတစ်နိုင်ငံလုံးရှိ ဂျပန်စာသင်ကျောင်းများအတွက် ထုတ်ဝေသော ဂျပန်စာစောင်၌ ဂျပန်ဘာသာ ဆောင်းပါး ရေးသည်။

၁၉၄၇ - အိန္ဒိယ သူဌေးကြီး ဗိရလာ၏ အရိယဓမ္မ ပညာတော်သင်ဆုဖြင့် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဗာရာဏသီ ဟိန္ဒူတက္ကသိုလ် အိုရီယမ်တယ် ကောလိပ်၌ ဟိန္ဒီနှင့် သက္ကတ

သင်သည်။ ထိုအချိန်အတွင်း မိဂဒါဝုန် မဟာဗောဓိအသင်းက ထုတ်ဝေသော ဟန္ဒီဘာသာ "ဓမ္မဒူတ" စာစောင်၌ ဟိန္ဒီဘာသာ ဆောင်းပါး ရေးသည်။ ဂျာနယ်ကျော်၌လည်း ဆောင်းပါး ရေးသည်။

၁၉၅၂ - မြန်မာနိုင်ငံ ပြန်လာသည်။

၁၉၅၃ - "ဝိဇ္ဇာ" အမည်ဖြင့် "ဇော်လဂါမှ ဂင်္ဂါသို့" (ဒုတိယပိုင်း) ရေးသည်။

၁၉၅၄ - "ပါရဂူ" အမည်ဖြင့် "ဗုဒ္ဓစကား" ရေးသည်။

၁၉၅၅ - လူဝတ်လဲသည်။

၁၉၅၆ - နယူးဒေလီမြို့ အာရှ စာရေးဆရာများ ညီလာခံ အတွင်းရေးမှူး အဖွဲ့သို့ မြန်မာ စာရေးဆရာ ကိုယ်စားလှယ် အဖြစ် သွားရောက်သည်။

၁၉၅၇ - ၆၁ မြန်မာနိုင်ငံရှိ အိန္ဒိယသံရုံး ပြန်ကြားရေး ဌာန၌ ဘာသာပြန်အရာရှိ တာဝန် ထမ်းဆောင်သည်။

၁၉၅၈ - ၆၁ မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှုဆောင်။

၁၉၆၃ - "သုန္ဒရာ နန္ဒ ခေါ် ညီတော်မင်းနန်" စာအုပ်ဖြင့် အနုပညာ စာပေဆိုင်ရာ ဘာသာပြန် စာပေဆု ချီးမြှင့်ခြင်း ခံရသည်။

၁၉၆၃ - ၆၅ မြန်မာနိုင်ငံ စာရေးဆရာ သမဂ္ဂ အသင်း အမှုဆောင်၊ မြန်မာစာပေ ပြန့်ပွားရေး အသင်း အမှုဆောင်။

၁၉၆၅ - မြန်မာနိုင်ငံ ဟိန္ဒီစာပေ အသင်းကြီးမှ ပေးသော ရွှေတံဆိပ် ဆုရှင်။

၁၉၇၁ - ၇၅ မြန်မာစာ ကော်မရှင် အဖွဲ့ဝင် လူကြီး။

၁၉၈၅ - မြန်မာနိုင်ငံ ကောလိပ်နှင့် တက္ကသိုလ်များ၏ အရှေ့တိုင်းစာပေ သင်ကြားရေး အဖွဲ့ဝင် လူကြီးအဖြစ် စတင် ဆောင်ရွက်သည်။ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဟိန္ဒီဘာသာဖြင့် ထုတ်ဝေသော "အာ့ဂျ်" (AJ) နေ့စဉ် သတင်းစာတွင် "ဦးပါရဂူ" အမည်ဖြင့် "ဗရမာကီကျိတ္တိ" (မြန်မာပြည်မှ ပေးစာများ) ရေးသော ပင်တိုင် ဆောင်းပါးရှင်၊ ကရာချိမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ယူနက်စကို "နယူးလက်တား" တွင် "လုကြိုင်" အမည်ဖြင့် မြန်မာနိုင်ငံ စာပေယဉ်ကျေးမှု သတင်းဆောင်းပါး ရေးသော ပင်တိုင် ဆောင်ပါးရှင်။

၁၉၈၆ - "ဂေါရီ" စာအုပ်ဖြင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်ဆု ချီးမြှင့်ခံရသည်။

၁၉၈၉ - မြန်မာပြည် တိုးအသင်း ဥက္ကဋ္ဌ၊ မြန်မာပြည် ဟိန္ဒီအသင်း ဥက္ကဋ္ဌ။

၁၉၉၈ - မြန်မာနိုင်ငံ ယဉ်ကျေးမှု တက္ကသိုလ် ပညာရေး အဖွဲ့ဝင် လူကြီး၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာ အဖွဲ့ (ဓမ္မဇောတိ) အမှုဆောင်၊ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ဥက္ကဋ္ဌ။

၂၀၀၀ - ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ ရည်ညွှန်းကျမ်း စီစဉ်ရေး အဖွဲ့ဝင် လူကြီး၊ နော်ဝေရောက် အိန္ဒိယ အမျိုးသားများ အင်္ဂလိပ် - ဟန္ဒီ နှစ်ဘာသာဖြင့် ထုတ်ဝေသော "သျှံတိဒူတ" မဂ္ဂဇင်း၏ အကြံပေး အဖွဲ့ဝင်။

၂၀၀၁ - ပခုက္ကူ ဦးအုန်းဖေ တစ်သက်တာ စာပေဆု။

၂၀၀၂ - အမျိုးသားစာပေ တစ်သက်တာ စာပေဆု။

၂၀၀၃ - ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမဆင့်)။

၂၀၀၃ - Commondation ဂုဏ်ပြုတံဆိပ်၊ Several World Hindi Conference, Suriame.

၂၀၀၅ - သုတစွယ်စုံ တစ်သက်တာ စာပေဆု။

၂၀၀၅ - ပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက် တည်ထောင်သူ။ စာအုပ် အမျိုးအစား (၂၀၀) ကျော် ထုတ်ဝေပြီး။

## သုခ အစစ်နှင့် သုခ အတု

"သုခ" ဟူသော ပါဠိ စကားလုံးကို "ချမ်းသာ" ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုနေကြ၍ "သုခ" ဟူသည်မှာ စည်းစိမ်ဥစ္စာ ကြွယ်ဝ ချမ်းသာခြင်း၊ ခန့်ငြား ထည်ဝါသော တိုက်တာ အဆောက်အအုံ၌ ခြွေရံသင်းပင်း များစွာတို့နှင့် နေခြင်း၊ ကား တဝီဝီ စီးခြင်း၊ လေအေးစက် တပ်ထားသော အခန်းများ၌ နေခြင်း၊ ရုပ်မြင်သံကြား စလောင်းများကို အချိန်မရွေး ကြည့်ခြင်း၊ စက်ရုံ အလုပ်ရုံများကို ပိုင်ဆိုင်ခြင်း၊ နေ့စဉ် နေ့တိုင်း ဝင်ငွေ မရေတွက်နိုင်လောက်အောင် ရရှိခြင်း၊ ဆီဦးထောပတ် စသော စားကောင်းသောက်ဖွယ်များကို စားခြင်း စသော ရုပ်ပိုင်းဆိုင်ရာ ချမ်းသာမှုကို သုခဟု ထင်မှတ်နေကြသည်။ အမှန်က ယင်း သုခသည် အပေါ်ယံ သုခ ဖြစ်သည်။ သုခ အစစ်အမှန် မဟုတ်ပေ။ သုခ အတုသာ ဖြစ်သည်။

သုခ အစစ်၊ သုခ အမှန်မှာ "စေတသိက သုခ" ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ သုခ ဖြစ်သည်။ စိတ် ငြိမ်းချမ်းမှု ရရှိခြင်း ဖြစ်သည်။ အပေါ်ယံ သုခနှင့် အတွင်းသား သုခ နှစ်မျိုး ရှိသည့်အနက် အတွင်းသား သုခ ဖြစ်သော သုခစစ် သုခမှန်သည် လက်တစ်ကမ်း၌သာ ရှိသည်။ "ကာယိက သုခ" ဟု ခေါ်သော အပေါ်ယံ လူမြင်ကွင်း၌ ပေါ်နေသည့် သုခ အတုမှာ လက်တစ်ကမ်း၌ ရှိမနေဘဲ ယင်း သုခ အတု ရှိရာသို့ ခြေကုန်လက်ပမ်းကျအောင် ပြေးသွားနေရသည်။ သုခ အတုဆီ လှမ်းသွားသော

လမ်းများကလည်း ဘေးရန် အန္တရာယ် အပြည့် ရှိနေသည်။ ယင်းကဲ့သို့ ဘေးရန်အန္တရာယ် အပြည့် ရှိနေသော လမ်းတွင် ခြေကုန်လက်ပမ်းကျအောင် ပြေးသွားသော်လည်း အပေါ်ယံ အတုအယောင် သုခကို ရချင်မှလည်း ရလိမ့်မည်။ ရပြန်တော့လည်း လက်လွတ်သွားမှာ စိုးရိမ်ကြောင့်ကြမှု ရှိနေ၍ သုခဟု ဆိုရသော်လည်း၊ သုခဟု နာမည်တပ်ထားသော်လည်း အမှန်က ဒုက္ခသာ ဖြစ်သည်။ သုခ သကြား ဖြူးထားသော ဒုက္ခ ဆေးခါးကြီးသာ ဖြစ်သည်။

သုခ အစစ်အမှန်ကိုမူ တံလျှင်ထဲတွင် ရေရှာနေရသလို မရှာရပေ၊ မိမိ လက်တစ်ကမ်း၌သာ သုခစစ် သုခမှန် ရှိနေသည်။ မိမိ၏ အတွင်းသန္တာန်၌သာ သုခစစ် သုခမှန် ရှိနေသည်။ သုခ အစစ်အမှန် ရရှိလိုသော သူသည် မိမိ၏ လက်တစ်ကမ်း၌သာ၊ မိမိ၏ အတွင်းသန္တာန်၌သာ ရှာဖွေရမည်။ မိမိ၏ စိတ်နှလုံးကို လောဘ၊ ဒေါသ၊ မောဟတရားများမှ ကင်းဝေးနိုင်သမျှ ကင်းဝေးသွားအောင် ကြိုးစား အားထုတ်ရမည်။ မိမိ၏ စိတ်နှလုံးကို ကိလေသာ အညစ်အကြေး ကင်းစင်နိုင်သလောက် ကင်းစင်သွားအောင် လုပ်ပြီးသောအခါ၊ လုံးဝ ကင်းစင်သွားအောင် မလုပ်နိုင်သည့်တိုင် ကိလေသာ အညစ်အကြေးထု ပါးသွားအောင် လုပ်ပြီးသောအခါ၊ မိမိ၏ စိတ်နှလုံးသည် ငြိမ်းချမ်းမှု အရိပ်အာဝါသအောက် ရောက်လာပေလိမ့်မည်။ ထိုအခါ သုခစစ်၊ သုခမှန်သည် မိမိထံ ရောက်လာပေလိမ့်မည်။

သုခ အတုအယောင်က ပူပြီး၊ သုခ အစစ်အမှန်က အေးသည်။ သုခချမ်းသာဟု ထင်မှတ်နေကြသော စည်းစိမ်ချမ်းသာသည် မီးပုံကြီးနှင့် ပမာတူသည်။ လောဘ၊ ဒေါသ၊ မောဟ ဖိုခနောက်ပေါ်၌ ထိုင်နေသော သူသည် ဘယ်မှာ အေးငြိမ်းမှု ရရှိနိုင်မည်နည်း။ သုခ အတုအယောင် ဖြစ်သော စည်းစိမ် ချမ်းသာကို ရရှိအောင် ပြုလုပ်ရာ၌လည်း လောဘ၊ ဒေါသ၊ မောဟတရားများ လွှမ်းမိုး ကြီးစိုးနေသည်။ ဥစ္စာခနေ ကြွယ်ဝ ချမ်းသာအောင် လုပ်ရာ၌ သမာအာဇီဝ နည်းမျိုးဖြင့် မဟုတ်ဘဲ "မိစ္ဆာ အာဇီဝ" နည်းမျိုးစုံဖြင့် ကြိုးစား အားထုတ်ရသည်။ သူတစ်ပါး မျက်ခုံးပေါ်၌ စကြံ လျှောက်ရသည်။ အမြတ်ကြီးစား စနစ်၊ မှောင်ခို စနစ်၊ ငွေ့ဘစနစ် စသော မသမာသော နည်းမျိုးစုံဖြင့် သူ့ထက်ငါ ချမ်းသာကြွယ်ဝသူ ဖြစ်အောင် ကြိုးစားကြသည်။ သူတစ်ပါးကို တံတောင်ဖြင့် တွက်ပြီး မိမိက အရင်ဦးအောင် ပျာယီးပျာယာ ဖြစ်နေကြသည်။ မိမိလက်ဝယ် စည်းစိမ်ဥစ္စာ ရောက်ရှိလာပြန်တော့လည်း ယင်း စည်းစိမ်ဥစ္စာ လက်ထဲက လွတ်ထွက်မသွားအောင် "ဥစ္စာစောင့်" ကဲ့သို့ မိမိ စည်းစိမ် ဥစ္စာအပေါ် ခင်တွယ် ကပ်ငြိနေသည်။ ယင်း အပြုအမူ အားလုံးသည် ပိုင်ရှင်အား သုခ အစစ်အမှန် ဖြစ်သော စိတ်ချမ်းသာမှုကို မပေးရုံမျှမက စိတ်ဆင်းရဲအောင်ပင် ပြုလုပ်နေသည်။

"သုခ" ဟူသော စကားလုံး၏ အဓိပ္ပာယ် အစစ်အမှန်မှာ စိတ်ချမ်းသာခြင်း ဖြစ်သည်။ စိတ်ရွှင်လန်း ချမ်းမြေ့ခြင်း ဖြစ်သည်။ "နသုခံလဘိ" ဟု ဆိုထားသော မဟာဝံသ၏ အနက် အဓိပ္ပာယ်မှာ **"Could get no peace of mind, took no comfort"** (စိတ်နှလုံး ငြိမ်းချမ်းမှု မရှိ) ဟု အနက် အဓိပ္ပာယ် ထွက်သည်။ ထို့ပြင် "သုခံ ဘဝတော ဟောတု" ဟူသော အဆိုအမိန့်၏ အဓိပ္ပာယ်ကလည်း (သင် စိတ်ချမ်းသာမှု ဖြစ်ပါစေ) **"I wish you joy"** ဟု အနက် အဓိပ္ပာယ် ထွက်သည်။

"သုခပ္ပတ္တော" ဟူသော ဇာတက၏ အဆိုအမိန့်၌လည်း **"Come to will well being, prosperous, happy"** (စိတ် ရွှင်လန်း ချမ်းမြေ့ခြင်းသို့ ရောက်၏) ဟု အနက်အဓိပ္ပာယ် ထွက်သည်။ ယင်း အဆိုအမိန့် စသည်များ၌ ဆိုထားသော "သုခ" ၏ အဓိပ္ပာယ်မှာ ရုပ်ပိုင်းဆိုင်ရာ သုခ မဟုတ်ပေ။ ဥစ္စာခနေ ကြွယ်ဝချမ်းသာခြင်း မဟုတ်ပေ။ စိတ်ပိုင်းဆိုင်ရာ ကြွယ်ဝချမ်းသာခြင်း ဖြစ်သည်။ စိတ် ရွှင်လန်း ချမ်းမြေ့ခြင်း ဖြစ်သည်။

သူဌေးကြီးတစ်ဦး ရှိသည်။ ဇနီးမယားများကိုလည်း တစ်ယောက်မက ယူထားသည်။ ဥစ္စာ ပစ္စည်းကလည်း ကျိကျိတက် ကြွယ်ဝ ချမ်းသာသည်။ နောက်တစ်ဦးက သမ္မာအာဇီဝ နည်းဖြင့်

အသက်မွေးဝမ်းကျောင်း ပြုလုပ်ပြီးလျှင် နေနိုင် စားနိုင်သူ တစ်ဦး ဖြစ်ပြီး တစ်လင်တစ်မယား စနစ်အရ အိမ်ထောင် မိသားစုလည်း ရှိသည်။ ရံဖန်ရံခါ ထုထက်နေသော ကိလေသာတရားများ ပါးသွားအောင် တရားသဘောကိုလည်း နှလုံးသွင်းနေသည်။

ထိုပုဂ္ဂိုလ် နှစ်ဦးအနက် မည်သူက သုခစစ်၊ သုခမှန် ရှိမည် ထင်သနည်း။ ပထမလူ ကျိုကျိုတက် ကြွယ်ဝချမ်းသာပြီး ဇနီးမယားတွေ တစ်ဒါဇင်လောက် ယူထားသည့်အတွက် ချမ်းသာသုခ ရှိသူဟု ထင်ရမည် ဖြစ်သော်လည်း အမှန်က ထိုပုဂ္ဂိုလ်သည် လောဘ၊ ဒေါသ၊ မောဟ မီးပုံများကြားထဲ ရောက်နေသူ ဖြစ်၍ အမြဲတမ်း ပူလောင်နေရသူ ဖြစ်သည်။ မိမိ၏ ဥစ္စာပစ္စည်း လက်လွှတ် ဆုံးရှုံးသွားမှာ စိုးရိမ်သည့် အတွက်ကြောင့် လည်းကောင်း၊ လောဘ အတောမသတ်နိုင်သဖြင့် ပစ္စည်းဥစ္စာ ဆထက်ထမ်းပိုး တိုးပွား များပြားလာစေရန်အတွက် လည်းကောင်း၊ အမြဲတမ်း ကြောင့်ကြ စိုက်နေရသဖြင့် စိတ်ရွှင်လန်း ချမ်းမြေ့မှု မရရှိနိုင်ပေ၊ မယားတွေ တစ်ဒါဇင်လောက် ယူထားသည့် အတွက် သူ့ အိမ်ထောင်ကလည်း ဦးထောင်ပဲ့နင်း ဖြစ်နေပေလိမ့်မည်။ ယင်းအခြေအနေ၌ ထိုပုဂ္ဂိုလ်ထံ သုခစစ် သုခမှန် ဘယ်မှာ ဦးလှည့်တော့မည်နည်း။ ယင်းပုဂ္ဂိုလ်နှင့် ဆန့်ကျင်ဘက် ဒုတိယ ပုဂ္ဂိုလ်ကမူ ဘဝ ရပ်တည်သွားနိုင်ရုံ အတွက် တရားသဘော အခြေခံအရ၊ လောဘဇော မထွက်ဘဲ သမ္မာအာဇီဝ နည်းဖြင့်သာ ဝမ်းဝရုံ၊ ခါးလုံရုံ အသက်မွေး ဝမ်းကျောင်းနေသူ ဖြစ်၍ လောဘ၊ ဒေါသ၊ မောဟ ဖိုခနောက်ပေါ်မှာ ထိုင်နေသူ မဟုတ်သောကြောင့် သုခစစ်၊ သုခမှန်နှင့် ပြည့်စုံသော ဘဝဖြင့် နေထိုင်သွားနိုင်သူ ဖြစ်ပေလိမ့်မည်။

နိုင်ငံတကာ ဂြိုလ်တု သတင်းဂျာနယ်





## အပြုံးကိုယ်စီ ရှိကြစေ

ဣဓေကစ္စော ဟာသ ဗဟုလော ဝေဒ ဗဟုလော တုဋ္ဌိဗဟုလော၊ ပါမောဇ္ဇဗဟုလော သီလာနိ ပရိပုရေတိတိ ဟာသပညာ။ ပဋ္ဌသမ□ဒါမဂ္ဂ (ရယ်ရင်း ပြုံးရင်း သီလ အစရှိသည်တို့ကို ဖြည့်ဆည်း ကျင့်ကြံသော သူများ)

“ပဋ္ဌသမ□ဒါမဂ်” ၏ အဆိုအရ ရယ်ခြင်း ပြုံးခြင်းသည် ပညာ ၁၆ ပါးထဲက တစ်ပါး ဖြစ်သည်။ ဟာသ သို့မဟုတ် ရယ်ခြင်း ပြုံးခြင်းသည် ကျင့်သုံးသင့် ကျင့်သုံးအပ်သော ပညာရပ်တစ်ခု ဖြစ်သည်။

ရယ်ခြင်း ပြုံးခြင်း၌လည်း အမျိုးမျိုး အစားစား ရှိသည်။ ကျေနပ်ခြင်း မရှိသော အခါ၌လည်း အပြုံး ပေါ်လာတတ်သည်။ ယင်းအပြုံးကို “မဲ့ပြုံး” ဟု ခေါ်သည်။ စိတ်မကောင်းဖြစ်သည့် အခါ၌လည်း အပြုံး ပေါ်လာတတ်သည်။ ယင်း အပြုံးကို “မချိပြုံး” ဟု ခေါ်သည်။ ယင်း အပြုံးများသည် အပြုံးစစ်စစ် အဟုတ်ပေ။ ဆေးခါးကို သကြား ဖုံးထားခြင်းမျိုး ဖြစ်သည်။ စိတ်နှလုံးထဲက ဒုက္ခ ဝေဒနာကို အပြင်တွင် ပေါ်မလာစေလိုသည့်အတွက် အပြုံးဖြင့် ဖုံးအုပ်ထားခြင်း ဖြစ်သည်။ နှလုံးသည်းပွတ်ထဲက ပီတိ သောမနဿသည် အပြုံးအဖြစ် အပြင်ဘက် ဖိတ်လျှံ

ကျလာခြင်း ဖြစ်သည်။ အတွင်းသန္တာန်၌ ရွှင်လန်းချမ်းမြေ့မှု မရှိလျှင် အပြင်ဘက်တွင် အပြုံး ပေါ်မလာနိုင်ပေ။ အပြုံးသည် ပီတိနှင့် သောမနဿ ဖြစ်သည်။

အပြုံး၌ ထက်မြက်သော အစွမ်းသတ္တိ ရှိသည်။ အပြုံးကြောင့် မိမိနှင့် ဆန့်ကျင်ဘက် ဖြစ်သူသည်ပင် မိမိကို အာရုံ ညွတ်လာနိုင်သည်။ အပြုံးသည် အောင်မြင်မှုကိုလည်း ပေးစွမ်းနိုင်သည်။ အပြုံးကြောင့် ရောဂါဝေဒနာ တစ်ဝက်လောက် သက်သာသွားနိုင်ပြီး စိတ်မချမ်းမြေ့နေသူ၏ စိတ် မချမ်းမြေ့ ဖြစ်နေခြင်းသည်လည်း တစ်ဝက်လောက် ပျောက်သွားနိုင်သည်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိသော ဘဝနေထိုင်မှုအတွက် ရေ၊ မြေ၊ လေ၊ အစာ အာဟာရ အရေးကြီးသလောက်ပင် အပြုံးသည်လည်း အရေးပါ အရာရောက်သည်။ အခါခပ်သိမ်း မျက်နှာ တင်းမာနေမည် ဆိုလျှင် ကျန်းမာရေးလည်း ထိခိုက်သွားနိုင်သည်။

လုပ်ငန်းကိစ္စ အဝဝတို့၌ အပြုံး၏ အခန်းကဏ္ဍသည် မသေးငယ်လှပေ။ လုပ်ငန်းကိစ္စ ဆောင်ရွက်ရာ၌ လည်းကောင်း၊ ကုန်ပစ္စည်း ကူးသန်းရောင်းဝယ်မှု ပြုလုပ်ရာ၌ လည်းကောင်း အပြုံး တစ်ချက်သည် တစ်သက်လုံးအတွက် ဖြစ်သွားနိုင်သည်။ မိမိ၏ အပြုံးသည် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာသည့် အပြုံး ဖြစ်ဖို့ အရေးကြီးသည်။ အပေါ်ယံ အပြုံးမျိုး မဖြစ်သင့်ပေ။ ရင်ထဲက မပါသော အပေါ်ယံ အပြုံးသည် ရိုးရိုး နေသလောက်ပင် အရာမရောက်ပေ။ အပေါ်ယံ အပြုံးကို "သကြၤန်အမြောက်" ဟု လူတွေက နားလည်ကြသည်။

မကျန်းမမာဖြစ်နေသော မိတ်ဆွေသင်္ဂဟ တစ်ဦးဦးထံ လူမမာ သွားမေးလျှင် အပြုံးကို သယ်ဆောင်သွားဖို့ မမေ့သင့်ပေ။ သတင်းမေးသွားသူ၏ အပြုံးကြောင့် လူမမာသည် အဖျင်းဆုံး အချိန် အခိုက်အတန့် သူ၏ ရောဂါဝေဒနာကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားနိုင်သည်။ လူမမာသည် ယင်း အပြုံးကို ရောဂါဝေဒနာ ပျောက်ကင်းသွားပြီးနောက် အချိန်ကာလ ကြာမြင့်စွာ အထိ သတိရ နေပေလိမ့်မည်။ အပြုံးသည် မည်သည့် နေရာ၌ မဆို၊ မည်သည့် အချိန်၌ မဆို ခက်ခက်ခဲခဲ ရှာဖွေ ဖော်စပ်မနေရဘဲ ရောင်တခင် ရနိုင်သော ဆေးတစ်လက် ဖြစ်သည်။

အရယ် အပြုံးသည် ပညာရပ်တစ်ခု ဖြစ်သည် ဆိုသည့်အတိုင်း ပြုံးတတ်ဖို့တော့ လိုအပ်သည်။ မပြုံးရမည့် နေရာ၌ သွားပြုံးလျှင် အပြုံးကြောင့် အကျိုး ရှိမလာနိုင်သည့် အပြင် အပြစ်ပင် ဖြစ်လာနိုင်သည်။ အပြုံးမတတ်လျှင် အမြတ်မထွက်သည့် အပြင် ဖိနပ်စာပင် ဖြစ်သွားနိုင်သည်။ မိတ်ဆွေ ကားမောင်းသွားသည် ဆိုကြပါစို့။ ရေဝပ်နေသော ကားလမ်းပေါ် ကားနှင့် ဖြတ်သွားသည့် အတွက် ပလက်ဖောင်းပေါ် လျှောက်သွားနေသော ခရီးသွား တစ်ဦးကို ရွှံ့စက် စင်သွားလျှင် ခရီးသွားသည် ရွှံ့စက် ပေကျံသွားသည် ဖြစ်၍ ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်သွားလိမ့်မည်။ ထိုအခါ မိတ်ဆွေက တောင်းပန်ရမည့် အစား ပြုံးပြလျှင် မိတ်ဆွေ၏ အပြုံးသည် ခရီးသွားထံမှ အဖျင်းဆုံး ဆဲရေးတိုင်းထွာမှုကို ဖိတ်မန္တက ပြုသလို ဖြစ်သွားလိမ့်မည်။ မိတ်ဆွေသည် မိမိ၏ အပြုံးကြောင့် အနည်းဆုံး အဆဲခံရဖို့ သေချာသွားသည်။

ပြုံးခြင်း၏ ဒုတိယ အဆင့်မှာ ရယ်ခြင်း ဖြစ်သည်။ မရယ်ခင် ပြုံးသည်။ ပြုံးပြီးမှ ရယ်သည်။ ရယ်ခြင်းသည်လည်း မိမိ၏ အတွင်းသန္တာန်၌ ရှိသော နှစ်သိမ့် ကျေနပ်မှုကို အိပ်သွန်ဖာမှောက် ထုတ်ပြလိုက်ခြင်း ဖြစ်သည်။ ရယ်ခြင်းသည် ကျန်းမာသူ၏ အမှတ်လက္ခဏာ တစ်ခုလည်း ဖြစ်သည်။ မကျန်းမာသူသည် မရယ်နိုင် မပြုံးနိုင်ပေ။

မိခင်သည် မိမိ၏ ရင်သွေးကို အပြုံးဖြင့် ပွေ့ချီလိုက်သည့် အခါ ရင်သွေးငယ်ကလည်း ခစ်ခစ် ခစ်ခစ်နှင့် ရယ်သည်။ ညနေစောင်း အလုပ်က ပြန်လာသော ယောက်ျားအား ဇနီးဖြစ်သူက လင်ယောက်ျားထံမှ အိတ်ကို လှမ်းယူပြီး အပြုံးဖြင့် ကြိုဆိုလိုက်လျှင် လင်ယောက်ျားသည် သူ၏

တစ်နေ့တာ လုပ်ငန်းမှ ရရှိလာသော မောပန်းခြင်း တစ်ဝက်ကို အိမ်အပြင်ဘက်၌ ထားပစ်ခဲ့လိမ့်မည်။

အပြုံးနှင့် အရယ်သည် မိမိတို့ ဘဝနှင့် ခွဲခြား၍ မရသော အင်္ဂါ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ အရယ် အပြုံး ကင်းသော ဘဝသည် သွေ့ခြောက်သော ဘဝဖြစ်၍ အရယ် အပြုံးကို နမြော တွန့်တိုနေဖို့ မလိုပေ။ အရယ် အပြုံးနှင့် ကုန်ဆုံး ကျော်လွန်သွားသော ဘဝသည် သာယာစိုပြေသော ဘဝ ဖြစ်သည်မှာ ငြင်းမရသော အချက် ဖြစ်သည်။

နှစ်သစ်မင်္ဂလာမှာ အပြုံးကိုယ်စီ ရှိကြပါစေဟု ဆုတောင်းမေတ္တာ ပို့လိုက်ပါသည်။

လယ်ယာစီးပွား သတင်း

၁၉ - ၁ -၂၀၀၁



## ဒေါသ ဖြေဖျောက်နည်း

ဒေါသသည် မိမိ တစ်ဦးချင်းအတွက် လည်းကောင်း၊ မိမိ မိသားစုအတွက် လည်းကောင်း၊ မိမိ ရပ်ရွာအတွက် လည်းကောင်း၊ မိမိ မြို့နယ်အတွက် လည်းကောင်း၊ မိမိ တိုင်းပြည်အတွက် လည်းကောင်း၊ မိမိ ကမ္ဘာအတွက် လည်းကောင်း၊ အလွန်တရာ ကြီးမားသော အန္တရာယ် ဖြစ်သည်။ ဒေါသကြောင့် မိမိ အကျိုး ဆုတ်ယုတ်ရသည်။ ဒေါသကြောင့် မိမိ၏ မိသားစု မဖြစ်တန်တာ ဖြစ်ရသည်။ ဒေါသကြောင့် မိမိ ရပ်ရွာနှင့် မိမိ မြို့နယ် ပျက်သုဉ်းသွားရသည်။ ဒေါသကြောင့် မိမိ၏ တိုင်းပြည် ကမောက်ကမ ဖြစ်သွားရသည်။ ဒေါသကြောင့် ကမ္ဘာကြီး မီးဟုန်းဟုန်း တောက်ရသည်။ ဒေါသသည် မည်မျှ ကြီးမားသော ဘေးအန္တရာယ် ဖြစ်သနည်း။ ထို့ကြောင့် ဘာသာတရား အားလုံးက ဒေါသကို ပယ်ရန် ဆုံးမဩဝါဒ ပေးထားကြခြင်း ဖြစ်သည်။

ဒေါသသည် လူတို့၏ သဘာဝအရ ဖြစ်ပေါ်လာသော စိတ်၏ အခြေအနေ၊ စိတ်၏ လှုပ်ရှားမှု ဖြစ်သည်။ ဒေါသ ဖြစ်ပေါ်လာလျှင် လူတို့၏ စိတ်အခြေအနေသည် ပုံမှန် မဟုတ်တော့ဘဲ

ပြောင်းလဲလာသည်။ သွေးခုန်နှုန်း မြန်လာသည်။ မျက်နှာ တင်းမာလာသည်။ မျက်နှာ နီလာသည်။ မျက်လုံး နီလာသည်။ ဒေါသစိတ် ကြွတက်လာသည် ဖြစ်၍ ကိုယ်ခန္ဓာရှိ အခြား ခံစားမှုများ အားပျော့သွားသည်။ အကောင်းအဆိုး စဉ်းစားဆင်ခြင်ဉာဏ် ပျက်စီးသွားသည်။ လူတစ်ဦး တစ်ယောက်ကို ချောက်တွန်းလိုလျှင်၊ ဒုစရိုက်အလုပ် တစ်ခုခုကို ပြုလုပ်စေလိုလျှင် ဒေါသကို ဆွပေးပါ။ အိပ်ပျော်နေသော ဒေါသကို နိုးလာအောင် လုပ်ပေးပါ။ ထိုပုဂ္ဂိုလ်သည် အကောင်းအဆိုး စဉ်းစားဉာဏ် ပျောက်သွားပြီးလျှင် ချောက်ထဲ ထိုးဆင်းသွားမည့် အလုပ်ကို လုပ်လိမ့်မည်။ ထောင်နှုတ်ခမ်း နင်းသည့် အလုပ်ကို လုပ်လိမ့်မည်။ "သေစား သေစေ" အပြစ်ဒဏ် ခံရသည့် အလုပ် လုပ်လိမ့်မည်။

ဒေါသကို နှိုးဆွသော အရာတစ်ခုမှာ အရက်သေစာ ဖြစ်သည်။ အရက်သေစာ အတိုင်းထက် အလွန် သောက်လျှင် ထိုပုဂ္ဂိုလ်၏ သန္တာန်၌ ဒေါသဘီလူး ဘွားခနဲ ပေါ်လာလိမ့်မည်။ အချို့ ပုဂ္ဂိုလ်များမှာ မဆိုစလောက် သေရည်သေရက် သောက်ရုံမျှနှင့် ဒေါသ အရိပ်အယောင် ပေါ်လာသည်။ သွေးဆိုးလာသည်။ သေရည်သေရက် အရူးအမူး သောက်ပြီးနောက် ဒေါသဘီလူး၊ ဒေါသ တစ္ဆေသရဲ အပူးခံရသော အခါ သူတစ်ပါးကို သာမက မိမိ မိသားစုကိုပါ ရန်လုပ်သည်။ အရက်မူးပြီး ဒေါသမုန်တိုင်း တိုက်ခတ်လာသည့်အတွက် မိမိ၏ မိသားစု၌ပင် မဖြစ်တန်တာ ဖြစ်ရသည်။ မိမိ၏ ဇနီးမယားကို ကိစ္စတုံး လုပ်ပစ်သည် အထိပင် ဖြစ်သည်။ သေရည်သေရက် အလွန်အကျွံ သောက်သောကြောင့် ဒေါသ ဖြစ်ပေါ်လာသည်။ ဒေါသ ဖြစ်ပေါ်လာသည့် အတွက် စဉ်းစားဉာဏ် ဆိတ်သုဉ်းသွားပြီး မဖြစ်တန်တာ ဖြစ်ရခြင်း ဖြစ်သည်။ ယင်းသို့အားဖြင့် ဒေါသသည် အိမ်ထောင်မိသားစု သာယာချမ်းမြေ့မှုကို ဖျက်ဆီးပစ်သော အဓိက အကြောင်းတစ်ရပ်လည်း ဖြစ်သည်။

ဒေါသကို မည်ကဲ့သို့ တားမြစ်မည်နည်း။ သတိလက်လွှတ် မဖြစ်လျှင် ဒေါသကို တတ်နိုင်သမျှ ထိန်းချုပ်၍ ရသည်။ ဒေါသ အပူမီးကို ငြိမ်းအေးသွားစေသော အရာတစ်ခုမှာ ဆင်ခြင် စဉ်းစားဉာဏ် ဖြစ်သည်။ အခြေအနေ အရပ်ရပ်ကို ဆင်ခြင် စဉ်းစားဉာဏ်ဖြင့် ဝေဖန် သုံးသပ်ကြည့်ဖို့ လိုအပ်သည်။ အကောင်းအဆိုး ဆင်ခြင် စဉ်းစားဉာဏ် လက်လွှတ်သွားသည်နှင့် တစ်ပြိုင်နက် ဒေါသ ခေါင်းထောင်ထ လာလိမ့်မည်။

ဒေါသသည် တစ်စုံတစ်ယောက်၏ ကိုယ်၊ နှုတ်၊ နှလုံး အားလုံးအတွက် ကြီးမားသော အန္တရာယ် ဖြစ်သည်။ ဒေါသထွက်လာလျှင် ဒေါသနှင့် ယှဉ်သော စကားလုံးများ ထွက်လာလိမ့်မည်။ သူတစ်ပါးအား ထိခိုက်စေမည့် ဆဲဆို ကြိမ်းမောင်းခြင်းများကို ပြုလုပ်လာပေလိမ့်မည်။ စိတ်နှလုံးကို ပုံမှန် အနေအထားမှ ဖောက်လွဲဖောက်ပြန် ပြောင်းလဲလာအောင် ပြုလုပ်ပေလိမ့်မည်။ စိတ်နှလုံးကို ကြည်လင်နေရာမှ နောက်ကျူလာအောင် လုပ်လိမ့်မည်။ စိတ်နှလုံးကို ဖြူစင်နေရာမှ မည်းနက်လာအောင် လုပ်ပေလိမ့်မည်။ ကိုယ်ခန္ဓာလည်း ဒေါသကြောင့် ထိခိုက်လာနိုင်သည်။ ဒေါသ အဖြစ်များသူသည် အခါခပ်သိမ်း တင်းမာမှုများ ရှိနေသည်။ စိတ်နှလုံးနှင့် ပတ်သက်သော ရောဂါဝေဒနာမျိုးနှင့် အခြား ဝေဒနာများ ဖြစ်ပေါ်လာတတ်သည်။

ဆယ်မိနစ် ဒေါသထွက်ခြင်းသည် တစ်နေ့လုံး ပင်ပန်းသည့် အလုပ်ကို လုပ်ခြင်းထက် လူ၏ အင်အားကို ကုန်ခမ်းသွားစေနိုင်သည်ဟုပင် ပြောဆိုကြသည်။ နံနက်ချိန်က စပြီး ညအချိန် အထိ အလုပ် လုပ်ခြင်းသည် တစ်နာရီ ဒေါသထွက်ခြင်းလောက် မပင်ပန်းပေ။ ဒေါသထွက်နေချိန်၌ ပြောဆိုသော စကားများနှင့် ပြုလုပ်သော အပြုအမူများသည် ဒေါသ ပြေပျောက်သွားပြီး ဆင်ခြင် စဉ်းစားလိုက်သောအခါ မှားသော စကားများ၊ မှားသော အပြုအမူများ ဖြစ်သည်ဟူ၍ တွေးမိပြီး နောင်တကြီးစွာ ရတတ်ကြသည်။

တရားဘာဝနာ ပွားများ အားထုတ်သူများ၏ အဓိက ရည်ရွယ်ချက်မှာ လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော စိတ်ဖောက်ပြန်မှုများ၊ သို့မဟုတ် ကိလေသာ တရားများကို ပယ်သတ်ရန် ဖြစ်သည်။ တရားဘာဝနာ ပွားများ အားထုတ်၍ တရားအမြင် ရပြီး ယင်း စိတ်ဖောက်ပြန်မှုများ၊ သို့မဟုတ် ကိလေသာ တရားများ လျော့ပါးသွားကြသည်များလည်း ရှိသည်။ သို့သော်လည်း တရားဘာဝနာ ပွားများ အားထုတ်ကြသော်လည်း အချို့ ပုဂ္ဂိုလ်များမှာ ယင်း စိတ်ဖောက်ပြန်မှုများ၊ သို့မဟုတ် ကိလေသာ တရားများ လျော့မသွားရုံ သာမက ပိုပြီး ခေါင်းထောင်ထလာသည်ကို တွေ့ရသည်။ ထိုပုဂ္ဂိုလ်များသည် သူများ ယောင်၍ ယောင်ကြသော်လည်း၊ သူများ တရားထိုင်၍ ထိုင်ကြသော်လည်း တရားအမြင်မှန် မရရှိသူများ ဖြစ်သည်။

ဒေါသ ပြေပျောက်အောင် ပြုလုပ်ရန်အတွက် သူတော်စင် ပုဂ္ဂိုလ်အချို့ ညွှန်ကြား ပြောပြထားသော နည်းလမ်းတစ်ခု ရှိသည်။ ယင်း နည်းလမ်းမှာ လွယ်ကူမှု ရှိပြီး၊ အထိုက်အလျောက် ဒေါသ ပြေပျောက် သွားနိုင်စရာလည်း ရှိသည်။ အကယ်၍ ဒေါသထွက်လာသည် ဆိုလျှင် ဒေါသနှင့် ယှဉ်သော စကားကို မပြောမီ၊ ဒေါသနှင့် ယှဉ်သော အလုပ်ကို မလုပ်မီ တစ်၊ နှစ်၊ သုံး၊ လေး... စသည်ဖြင့် တစ်ဆယ်ထိအောင် ရေတွက် နေရမည်။ အကယ်၍ ပေါ်လာသော ဒေါသသည် အတိုင်းအတာ ကြီးမားနေသည် ဆိုလျှင် တစ်ရာအထိ ရေတွက်နေရမည်။ ယင်းအချိန် အတောအတွင်း သူ့အလိုလို ဒေါသမီး ငြိမ်းအေးသွားလိမ့်မည်။

ဒေါသ ထွက်တတ်သူအတွက် အကောင်းဆုံး နည်းလမ်းမှာ ဒေါသထွက်စဉ် ခဏ၌ လက်လွတ်သွားသော သတိကို ပြန်ဆွဲခေါ်ယူခြင်း ဖြစ်သည်။ ပျောက်ကွယ်သွားသော အကောင်းအဆိုး စဉ်းစားဉာဏ် ပြန်ပေါ်အောင် လုပ်ခြင်း ဖြစ်သည်။ အကောင်းဆုံး နည်းလမ်း တစ်ခုမှာ ခန္တီတရား လက်ကိုင်ထားခြင်း ဖြစ်သည်။ ဒေါသကို ခန္တီဖြင့် တိုက်ဖျက်ပစ်ရမည်။ သူတစ်ပါးအပေါ် မလိုမုန်းထား ဒေါသ ပွားနေခြင်းကို သည်းခံစိတ်ဖြင့် ငြိမ်းအေးသွားအောင် ပြုလုပ်ရမည်။ မည်းနက် ညစ်ညမ်းနေသော ဒေါသကို ခန္တီဆပ်ပြာဖြင့် ဆေးကြောပစ်ရမည်။ ခန္တီတရား လက်ကိုင်ထားနိုင်လျှင် ရန်သူကိုဖြစ်စေ အနိုင် ရရှိလာပေမည်။

လယ်ယာစီးပွား

၈ - ၁၂ - ၂၀၀၀

## အခွင့်အရေးနှင့် တာဝန် ဝတ္တရား

အိန္ဒိယနိုင်ငံ အတန်းကျောင်းများတွင် **'Civics'** ကို ဘာသာရပ် တစ်ခုအဖြစ် သင်ကြားရသည်။ **'Civics'** ကို မြန်မာဘာသာဖြင့် "ပြည်သူ့ နီတိ" ဟု ဘာသာပြန်ကြသည်။ မြန်မာနိုင်ငံ "ပြည်သူ့ နီတိ" ကို ကျောင်းသင် ဘာသာရပ် တစ်ခုအဖြစ် ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း အိန္ဒိယနိုင်ငံ၌မူ "ပြည်သူ့ နီတိ" ကို အထက်တန်းကျောင်းများ၌ သာမက တက္ကသိုလ် ဉပစာတန်း အထိပင် ဘာသာရပ် တစ်ခုအဖြစ် သတ်မှတ် ပြဋ္ဌာန်းပြီး စာမေးပွဲများ၌ မေးခွန်းတစ်ခု တည့်သွင်းထားသည်။

"ပြည်သူ့ နီတိ" ဟူသည်မှာ ပြည်သူတို့ လိုက်နာ ကျင့်သုံးအပ်သော နီတိ သို့မဟုတ် ကျင့်ဝတ် ဖြစ်သည်။ "ပြည်သူ့ နီတိ" ၏ ကျင့်ဝတ်များသည် နိုင်ငံတော်က သတ်မှတ် ပြဋ္ဌာန်းထားသော စည်းမျဉ်း ဥပဒေ မဟုတ်ပေ။ မိမိတို့၏ အသိစိတ်ဖြင့် လိုက်နာ ကျင့်သုံးရသော လူ့ ကျင့်ဝတ်၊ လူ့ စည်းကမ်း ဥပဒေ၊ ပြည်သူ့ ကျင့်ဝတ်၊ ပြည်သူ့ စည်းကမ်း ဥပဒေ ဖြစ်သည်။





အိန္ဒိယနိုင်ငံ၌ ပေါ်ပေါက်ခဲ့သော "စာဏကျ နီတိ"၊ "ဝိဒူရ နီတိ"၊ "ဘတ္တိဟရိ နီတိ" စသော နီတိ ကျမ်းများနှင့် မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သော "လောက နီတိ"၊ "မဟာရဟ နီတိ"၊ "ရာဇ နီတိ"၊ "ဓမ္မနီတိ" စသော နီတိ ကျမ်းများတွင် ဆိုထားသော အဆိုအမိန့်များသည်လည်း **'Civics'** ခေါ် "ပြည်သူ့ နီတိ" ၌ အကျုံးဝင်သည်။

**'Civics'** ခေါ် "ပြည်သူ့ နီတိ" နှင့် ပတ်သက်သော စာအုပ်များ၌ ဖော်ပြထားသော "ပြည်သူ့ နီတိ" သို့မဟုတ် "ပြည်သူ့ ကျင့်ဝတ်" တစ်ခုမှာ ပြည်သူတို့၏ အခွင့်အရေးနှင့် တာဝန် ဝတ္တရား **"Right and Responsibility"** ဖြစ်သည်။ အခွင့်အရေးနှင့် တာဝန်ဝတ္တရား ဆိုင်ရာ ပြည်သူ့ ကျင့်ဝတ်သည် နိုင်ငံတော် အစိုးရ တစ်ခုခုက သတ်မှတ် ပြဋ္ဌာန်းထားသော စည်းမျဉ်း ဥပဒေ မဟုတ်ဘဲ မိမိတို့ အသိစိတ်ဖြင့် ပြည်သူပြည်သားကောင်း တစ်ယောက်ပီပီ လိုက်နာ ကျင့်သုံးအပ်သော လူ့ ကျင့်ဝတ်၊ ပြည်သူ့ ကျင့်ဝတ် ဖြစ်သည်။

အခွင့်အရေးနှင့် တာဝန် ဝတ္တရားသည် မျဉ်းပြိုင် ဖြစ်သည်။ တစ်ခုက အခြား တစ်ခုထက် ကျော်လွန် မသွားရပေ။ တစ်ခုက အခြား တစ်ခုကို ထိခိုက် နစ်နာသွားအောင် မပြုလုပ်ရပေ။ တစ်ခုနှင့် တစ်ခု အပေးအယူ ရှိရမည်။ တစ်ခုနှင့် တစ်ခု ချိန်ခွင်ညှာ တန်းနေရသည်။ တစ်ခုနှင့် တစ်ခု သဟဇာတ ဖြစ်ရသည်။ တစ်ခုနှင့် တစ်ခု ဖောက်ထိုးမိုးမျှော် ဖြစ်မနေရပေ။

ပြည်သူသည် တောဝနာတွင် ဧကစာ ကျင့်နေသူ တစ်ဦးကဲ့သို့ တစ်ဦးတစ်ယောက်တည်း နေသူ မဟုတ်ပေ။ တောဝနာတွင် ဧကစာ ကျင့်သူကဲ့သို့ လုံးတီး ဖြစ်နေလျှင် "ပြည်သူ" ဟူ၍ပင် အမည်နာမ တပ်ခေါ်ရလိမ့်မည် မဟုတ်ပေ။ အခြား ပြည်သူများ ကြားထဲတွင် နေရသောကြောင့် "ပြည်သူ" ဟူသော အမည်နာမ ရရှိနေခြင်း ဖြစ်သည်။

မိမိ ပတ်ဝန်းကျင်၌ မိမိ အိမ်နီးနားချင်း ရှိနေသည်။ မိမိ အိမ်နီးနားချင်းကို လွန်သွားလျှင် မိမိ ရပ်ကွက်၊ မိမိ ရပ်ရွာ ရှိနေသည်။ မိမိ ရပ်ကွက် မိမိ ရပ်ရွာကို လွန်သွားလျှင် မိမိ မြို့နယ် ရှိနေသည်။ မိမိ မြို့နယ် လွန်သွားလျှင် မိမိ တိုင်းပြည် ရှိနေသည်။ မိမိ တိုင်းပြည် လွန်သွားလျှင် မိမိ ကမ္ဘာ ရှိနေသည်။ ကမ္ဘာကြီးသည် မိသားစုကြီး တစ်ခု ဖြစ်သည်။ မိမိသည် ကမ္ဘာ့ မိသားစုထဲက ဖြစ်သည်။ မိမိ တိုင်းပြည် မိသားစုထဲက ဖြစ်သည်။ မိမိ မြို့နယ် မိသားစုထဲက ဖြစ်သည်။ မိမိ ရပ်ရွာ မိသားစုထဲက ဖြစ်သည်။ မိမိ အိမ်နီးနားချင်း မိသားစုထဲက ဖြစ်သည်။ မိသားစုများနှင့် နေရသူ ဖြစ်သဖြင့် မိသားစုများနှင့် ပတ်သက်ပြီး လိုက်နာ ကျင့်သုံးရမည့် ပြည်သူ့ ကျင့်ဝတ် ရှိနေသည်။

အခွင့်အရေးနှင့် တာဝန် ဝတ္တရားသည် မျှဉ်းပြိုင် ဖြစ်နေ၍ မိမိ ရယူထားသော အခွင့်အရေးက မိမိ လိုက်နာကျင့်သုံးရမည့် တာဝန် ဝတ္တရားကို ထိပါးသွားမည် ဆိုလျှင် ပြည်သူတစ်ယောက် အနေနှင့် လိုက်နာ ကျင့်သုံးရမည့် ပြည်သူ့ ကျင့်ဝတ် သို့မဟုတ် ပြည်သူ့ နီတိကို ချိုးဖောက်ရာ ရောက်သွားလိမ့်မည်။

မိတ်ဆွေတစ်ဦး၏ အိမ်သို့ ကျွန်တော် မကြာခဏ ရောက်သွားတတ်သည်။ ယခု လေး၊ ငါးလ အချိန်အတောအတွင်း သုံး၊ လေးကြိမ်လောက် ရောက်သွားသည်။ ရောက်သွားတိုင်း မိတ်ဆွေ၏ အိမ်တွင် ကြာကြာ မနေနိုင်ဘဲ ပြန်လာရသည်။ အကြောင်းမှာ သူ၏ အိမ် ဘေးခြံထဲက ခွေး ဟောင်သံကို တစ်ချိန်လုံး ကြားနေရသည့် အတွက် ဖြစ်သည်။

"ဘယ်လိုလဲ မိတ်ဆွေ၊ ခင်ဗျားအိမ် ကျုပ်လာတိုင်း ဟိုဘက်ခြံက ခွေးဟောင်သံ ကြား, ကြား နေရပါလား။ ခွေးဟောင်သံက ခြံထဲ သူစိမ်းလာတဲ့အတွက် ဟောင်တဲ့ အသံမျိုးလည်း မဟုတ်ဘူး။ ကြိုးပဲ ချည်ထားသလား။ အခန်းထဲပဲ ပိတ်လှောင်ထားသလား မသိဘူး။ အဲဒီလို တစ်ခုခု လုပ်ထားတဲ့အတွက် ဟောင်တဲ့ အသံမျိုး ဖြစ်နေတယ်။ အော်တဲ့ အသံမျိုး ဖြစ်နေတယ်။ ကျုပ် လာတိုင်း ဒီ ခွေးဟောင်သံကိုပဲ ကြားနေရတယ်။ ဘယ်လိုဖြစ်တာလဲ မိတ်ဆွေ"

မိတ်ဆွေက စိတ်ပျက်လက်ပျက်နှင့် ပြန်ပြောသည်။ "မသိပါဘူးဗျာ။ သူတို့အိမ်နှင့် ဒီလောက်လည်း ဆက်သွယ်မှု မရှိပါဘူး။ သူတို့က သူဌေးတွေ၊ ဝင်းနဲ့ ခြံနဲ့ တိုက်ကြီးကို တွေ့တယ် မဟုတ်လား။ ဒီခွေးဟောင်သံကို ကြားနေရတာ သုံးလေးလလောက် ရှိနေပြီ။ နေ့ရော ညရော တရစပ် ဟောင်နေတယ်။ ရပ်လိုက်ရင် ခဏပဲ။ နောက် ပြန်ဟောင်တာပဲ။ တချို့က ပြောတယ်။ တန်ဖိုးကြီးကြီး ပေးဝယ်ထားတဲ့ ခွေးချော ခွေးလှ တစ်ကောင်ကို တခြားခွေးတွေနဲ့ မရောအောင် အခန်းထဲ ပိတ်လှောင်ထားတာတဲ့။ ကျုပ်လည်း သွားပြီး မစပ်စုပါဘူး။ တစ်ချိန်လုံး ခွေးဟောင်သံ ကြားနေရတဲ့အတွက် အိပ်ရေးလည်း ပျက်တယ်။ အလုပ်လုပ်ရာမှာလည်း အနှောင့်အယှက် ဖြစ်တယ်။ တခြား အိမ်နီးနားချင်းတွေလည်း ကျုပ်လိုဘဲ ဖြစ်နေကြမှာပဲ။ ဒါပေမဲ့ ဘာမှပြောသံ မကြားရဘူး။ အားလုံးက ငြိမ်နေတော့ ကျုပ်က သူ့ရဲ့ကောင်းလုပ်လို့ ဘယ်ဖြစ်မှာလဲ"

"ခင်ဗျားအိမ်လာတာ စိတ်ပြေလက်ပျောက် စကားလေးဘာလေး ပြောရအောင် လာတာ။ အခုလို တစ်ဖက်အိမ်က ခွေးဟောင်သံ အဆက်မပြတ် ကြားနေရရင်တော့ မဖြစ်ဘူး။ ကျုပ် ခင်ဗျားအိမ် မလာသေးဘူး။ ခင်ဗျား အိမ်ဘေးက ခွေးဟောင်သံ မကြားရတော့မှဘဲ ကျုပ် လာမယ်"

မိတ်ဆွေအိမ်မှ ပြန်လာခဲ့သည်။ အတော်လှမ်းလာသည်အထိ ခွေးဟောင်သံကို ကြားနေရတုန်း ဖြစ်သည်။ အခွင့်အရေးနှင့် တာဝန်ဝတ္တရားပိုင်း ဆိုင်ရာ ပြည်သူ့ ကျင့်ဝတ်ကို ဖောက်ထိုးမိုးမျှော် လုပ်နေသူများ ရှိကြပါကလား။ ငါ့ ခြံ၊ ငါ့ အိမ်ထဲ ငါ ဘာလုပ်လုပ် ငါ လုပ်ချင်သလို လုပ်ပိုင်ခွင့် ရှိတယ်။ အဲဒီလို တာဝန် ဝတ္တရားကို ဘေးဖယ်ထားပြီး အခွင့်အရေးကို မီးကုန်ယမ်းကုန် ယူနေကြသူများ ရှိပါကလား။

"အခွင့်အရေးနှင့် တာဝန် ဝတ္တရား" ကို ဖောက်ထိုးမိုးမျှော် လုပ်နေကြသူများ အကြောင်း စဉ်းစားရင်းနှင့် မိမိ အိမ်တံခါးဝ ပြန်ရောက်လာသည်။

လယ်ယာစီးပွား

ဇွန်၊ ၂၉၊ ၂၀၀၁။

## အဓိကနှင့် သာမည

လုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ လည်းကောင်း၊ ကိုယ်ကျင့်တရားများနှင့် ပတ်သက်၍ လည်းကောင်း၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စသော ကိစ္စများနှင့် ပတ်သက်၍ လည်းကောင်း အဓိက အလုပ်နှင့် သာမည အလုပ် ဟူ၍ နှစ်မျိုး နှစ်စား ရှိသည်။ အဓိက အလုပ် ဟူသည်မှာ မလုပ်မဖြစ်သော၊ အရေးတကြီး လိုအပ်သော၊ မလုပ်လျှင် အကျိုး ဆုတ်ယုတ် သွားနိုင်သော အလုပ်မျိုး ဖြစ်ပြီး သာမည သို့မဟုတ် သာမန် အလုပ်မှာ မလုပ်လျှင်လည်း ဖြစ်သော၊ ဆိုင်းထား၍ ရသော၊ အရေးတကြီး လုပ်ဖို့ မလိုအပ်သော အလုပ်မျိုး ဖြစ်သည်။ ယင်း အလုပ် နှစ်မျိုးအနက် အဓိက အလုပ်မှာ ဦးစားပေး လုပ်ရသော အလုပ် ဖြစ်ပြီး သာမည အလုပ်မှာ အဓိက အလုပ် လုပ်ပြီးသည့် နောက်မှ လုပ်လိုလျှင် လုပ်ရသော၊ မလုပ်ဘဲလည်း နေ၍ရသော အလုပ် ဖြစ်သည်။

သို့သော် တချို့လူများသည် အဓိကနှင့် သာမည နှစ်မျိုး ရှိသည့်အနက် သာမညကို ရှေ့တန်းတင်ပြီး အဓိကကို နောက်ပို့ထားကြသည်။ ယင်းသို့ ကပြောင်းကပြန် ဖြစ်နေသည့် အတွက် မိမိ၏ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းလည်း အကျိုးမရှိပေ။ မိမိ ကိုယ်တိုင်လည်း ဆုံးရှုံး နစ်နာသွားတတ်သည်။

ကလေးငယ်များသည် အဓိကနှင့် သာမညကို ခွဲခြား သိနိုင်သော အသိဉာဏ် မရှိကြသေးပေ။ တချို့ မွေးကင်းစ ကလေးများသည် နေ့ခင်းကို ညထင်ပြီး ညကို နေ့ခင်း ထင်မှတ်နေကြသည်။ ညဥ့် နိုးနေပြီး နေ့ခင်းတွင် အိပ်ကြသည်။ ယင်းသို့ နေ့နှင့် ည အချိန်မှားပြီး အိပ်သည့်အတွက် မိဘများ အိပ်ရေးပျက်ကြသည်။ ညဥ့်အချိန်၌ ကလေး ထိန်းနေရသောကြောင့် အိပ်ရေးပျက်ပြီး နေ့လယ်နေ့ခင်း အလုပ်လုပ်ချိန် ရောက်သောအခါ အိပ်ရေးမဝသောကြောင့် အလုပ်ကောင်းကောင်း မလုပ်နိုင်ကြတော့ပေ။ မွေးကင်းစ ကလေးတွင် နေ့နှင့် ည ခွဲခြားနိုင်သော အသိဉာဏ် မရှိသောကြောင့် နေ့နှင့် ည၊ အဓိကနှင့် သာမည မသိသည့်အတွက် အပြစ် ပြောစရာ မရှိသော်လည်း လူကြီးများ အနေနှင့် အဓိကကို သာမည ထင်ပြီး သာမညကို အဓိက ထင်နေခြင်းမှာ မသင့်တော်ပေ။

လယ်ယာ စိုက်ပျိုးချိန်၌ ကောက်ပဲသီးနှံ ဖြစ်ထွန်းရေးအတွက် လယ်ကွက်ထဲတွင် သင့်တင့်လျောက်ပတ်သလောက် ရေရရှိဖို့ လိုအပ်သောကြောင့် လယ်ကွက်ထဲ ရေ အနုတ်အသွင်း လုပ်ခြင်းသည် အဓိကအလုပ် ဖြစ်သည်။ သို့သော် အဓိကအလုပ် ဖြစ်သော ရေ အနုတ်အသွင်း အလုပ်ကို မလုပ်ဘဲ သာမညအလုပ် ဖြစ်သော ပေါင်းသင်သည့် အလုပ်ကို ရှေ့တန်းတင်ပြီး လုပ်နေမည် ဆိုလျှင် ကောက်ပဲသီးနှံ ဖြစ်ထွန်းရေးအတွက် အနှောင့်အယှက် အဟန့်အတား ဖြစ်လာနိုင်သည်။

ထမင်းစားသည့် အလုပ်သည် အဓိကအလုပ် ဖြစ်သည်။ အဓိကအလုပ် ဖြစ်သော ထမင်းစားသည့် အလုပ်ကို မလုပ်ဘဲ သာမညအလုပ် ဖြစ်သည့် လက်ဖက်ရည် သောက်သော အလုပ်ကို ရှေ့တန်းတင်ပြီး လုပ်နေလျှင် အဓိကနှင့် သာမည အတွက်မှားသော ထိုပုဂ္ဂိုလ်သည် ကျန်းမာရေး ထိခိုက် မသွားပေဘူးလား။





တစ်လောက မိတ်ဆွေ တစ်ဦးထံ ရောက်သွားသည်။ မိတ်ဆွေသည် ညကို နေ့ခင်းမှတ်ပြီး နေ့ခင်းကို ညမှတ်နေသော မွေးကင်းစ ကလေးကဲ့သို့ပင် အဓိကနှင့် သာမညကို အမှတ်မှားနေသည်။ အဓိကကို သာမည မှတ်ပြီး သာမညကို အဓိက မှတ်နေသည်။

သူတို့ မိသားစုထဲက ကလေးတချို့ မကျန်းမမာ ဖြစ်နေကြသည်။ ဗေဒင်ဆရာ တစ်ယောက်ထံ ဗေဒင် သွားမေးသောအခါ ဗေဒင်ဆရာက ယတြာချေရမည်ဟု ပြောလိုက်သည်။ မိသားစု ကျန်းမာရေးနှင့် လာဘ် သပ္ပကာ ပေါများရေး၊ စီးပွားဥစ္စာ တိုးတက်ရေးအတွက် ယတြာ ချေနေသည်ကို တွေ့ရသည်။

သူတို့ ခြံဝင်းထဲက ထောင့် တစ်ထောင့်တွင် ငှက်ပျောတုံး တစ်တုံးပေါ်၌ ဖယောင်းတိုင်မီးများ ထွန်းထားသည်ကို တွေ့၍ အကျိုးအကြောင်း မေးကြည့်သောအခါ ဗေဒင်ဆရာက ယတြာ ချေခိုင်း၍ ယတြာ ချေနေကြောင်း ပြောပြသည်။ ဗေဒင်ဆရာ ဟောသည့်အတိုင်း ယတြာ ချေလိုက်လျှင် လိုအင်ဆန္ဒ ပြည့်ဝသွားလိမ့်မည်ဟု သူတို့ ယုံကြည်နေကြသည်။

သူတို့ ယတြာ ချေနေသော နေရာသို့ သွားကြည့်ပြီး အနီးအနားကို မျက်စိ ကစား ကြည့်လိုက်သည်တွင် ရာဝင်အိုးကြီး တစ်အိုးကို တွေ့ရ၍ အိုးထဲ ငုံ့ကြည့်လိုက်သည်။ ရာဝင် အိုးထဲတွင် မိုးရေ တစ်ဝက်လောက် ရှိနေသည်။ မိုး ရက်ဆက်ရွာနေ၍ ရေ အလိုလို ရောက်နေသော စဥ့်အိုးသည် ခြင်မျိုးပေါင်းစုံ ပေါက်ပွားရာ နေရာ ဖြစ်နေသည်။

ကျွန်ုပ် မိတ်ဆွေသည် မိသားစု ကျန်းမာရေးအတွက် ခြင်တွေ ပေါက်ပွားရာ ရာဝင်အိုးထဲက ရေကို ထုတ်ပစ်ရမည့် အလုပ်ကို လုပ်ဖို့ သတိမရဘဲ၊ မလုပ်လျှင်လည်း ဖြစ်သော သာမည အလုပ်ကို လုပ်နေသည်။ အဓိက အလုပ်ကို ပစ်ထားပြီး သာမည အလုပ်ကို အရေးတကြီး လုပ်နေသည်။

ဗေဒင်ဆရာ ယတြာ ချေခိုင်းသည့် အလုပ်ကို လုပ်သည့်အတွက် မိသားစု ကျန်းမာလာမည်။ စီးပွားဉစ္စာ တိုးတက်လာမည် ဆိုသည်ကိုမူ အနာဂတ် ကိစ္စဖြစ်၍ ပြောမပြနိုင်သော်လည်း ယခု လောလောဆယ် အခြေအနေအရ ပြောပြရလျှင်မူ ရာဝင်အိုးထဲက တရုန်းရုန်း ဖြစ်နေသော ခြင်များ ကိုက်သောကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လာနိုင်သည်။ ငှက်ဖျားရောဂါ ဖြစ်လာနိုင်သည်။ ယင်းသို့ ရောဂါဘယ ထူပြောလာမည် ဆိုလျှင် ဆေးရုံ ပြေးရသည့် အတွက်၊ ဆရာဝန်ကို ပေးရသည့် အတွက်၊ ဆေးဝယ်ရသည့် အတွက် ဝင်ငွေ မည်မျှ ထိခိုက်သွားမည်နည်း။

အဓိက အလုပ်ကို မလုပ်ဘဲ သာမည အလုပ်ကို ရှေ့တန်းတင်နေသောကြောင့် မိမိတို့၏ လိုအင်ဆန္ဒ ဖြစ်သော မိသားစု ကျန်းမာရေးအတွက်လည်း အကျိုး ဖြစ်ထွန်းလာနိုင်စရာ အကြောင်း မရှိပေ။ အကယ်၍ မကျန်းမမာ ဖြစ်လာမည် ဆိုပါက ရောဂါ ဝေဒနာအတွက် ငွေကို ရေလို ဖြုန်းနေရသောကြောင့် စီးပွားရေးလည်း ထိခိုက်လာနိုင်သည်။

အဓိကနှင့် သာမညကို ခွဲခြား မသိလျှင် အကျိုးရှိလာဖို့ ဝေးစွ၊ အကျိုးမဲ့သာ ဖြစ်လာစရာ အကြောင်းရှိသည်။

လယ်ယာစီးပွား

စက်တင်ဘာ၊ ၂၁၊ ၂၀၀၁။





## ဟာသနှင့် အဟာသ

တစ်လောက ရိုက်တာ သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ သေလုမြောပါး ဝေဒနာ ခံစားနေရသော ရစ်ငှက် တစ်ကောင်ကို ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘက်က လည်မျို ညှစ်သတ်သော သတင်း ဖြစ်သည်။ ယင်း သတင်းကို ဆန်းဒေးမိရာ သတင်းစာ၌ ဓာတ်ပုံများဖြင့် ဖော်ပြထားသည်။ သေအံ့မူးမူး ဖြစ်နေသော ရစ်ငှက် တစ်ကောင်ကို ဘုရင်မကြီးက လည်မျို ညှစ်သတ်သော သတင်းသည် အင်္ဂလန်နိုင်ငံ၌ အတော်ကလေး ဂယက်ရိုက်ခတ် သွားစေခဲ့သည်။ အင်္ဂလန်နိုင်ငံ နော့ဖို့ရှိ ဆန်ဒရင်ဟမ် ဘုရင့်နန်းတော်ဝင်း၌ ဖြစ်ပျက်သည့် အဖြစ်အပျက် ဖြစ်သည်။ ဝေဒနာ ခံစားနေရသော ရစ်ငှက်ကို ဘုရင်မကြီးက လည်မျို ညှစ်သတ်နေစဉ် မင်းသား ဖိလစ်နှင့် ဧည့်သည်တော်များလည်း ကြည့်ရှုနေကြသည်ဟု ဆန်းဒေးမိရာ သတင်းစာက ဖော်ပြထားသည်။

ဆန်းဒေးမိရာ သတင်းစာ၌ ယင်းသတင်း ပါလာသောအခါ တိရစ္ဆာန်များကို ညှင်းပန်း သတ်ဖြတ်ခြင်း ဆန့်ကျင်ရေး လှုပ်ရှားမှု အသင်းဝင်များက ဘုရင်မကြီး၏ လုပ်ရပ်ကို ဆန့်ကျင် ကန့်ကွက်ကြသည်။ ဘုရင်မကြီးက မည်သို့မျှ တုန့်ပြန်ပြောဆိုခြင်း မရှိဘဲ နောက်တစ်နေ့ တနင်္ဂနွေနေ့ ချာ့ချ်သို့ သွားသောအခါ သူ၏ ဦးထုပ်တွင် ရစ်ငှက်၏ အတောင်ပံများကို ထိုးစိုက်သွားသည်ဟု ဆိုသည်။

ဘုရင်မကြီး ယခုကဲ့သို့ ရစ်ငှက်ကို လည်မျို ညှစ်သတ်ခြင်းသည် တိရစ္ဆာန် တစ်ကောင်ကို ရက်ရက်စက်စက် သတ်ဖြတ်ခြင်းမျိုး မဟုတ်ဘဲ ဝေဒနာခံစားနေရသည်ကို မကြည့်ရက်သောကြောင့် ကိစ္စတုံး လုပ်ပစ်လိုက်ခြင်း ဖြစ်သည်ဟု ဘုရင်မကြီးဘက်က ရှေ့နေလိုက်သူများလည်း ရှိသည်။ သို့သော်လည်း ရစ်ငှက်ကို ဘုရင်မကြီး လည်မျို ညှစ်သတ်ခြင်းသည် ရစ်ငှက် ဝေဒနာ ခံစားနေရသည်ကို အဆုံးသတ်သွားအောင် ပြုလုပ်ခြင်း ဖြစ်သည်ဟု အကြောင်းပြစေကာမူ ပတ်ဝန်းကျင် အနေအထားကို လေ့လာ သုံးသပ်ကြည့်သောအခါ ဘုရင်မကြီး၏ ညှာတာမှု ဝန်းကျင်၌ ရက်စက်မှု၊ ကြင်နာကင်းမှုများ လွှမ်းနေသည်ကို တွေ့ရသည်။ ဘုရင်မကြီး အပိုင်ဖြစ်သော အင်္ဂလန်နိုင်ငံ အရှေ့ပိုင်း နော့ဖို့ရှိ ဆန်ဒရင်ဟမ် နန်းတော်ဝင်းအတွင်း၌ သားကောင်များကို အပျော် ပစ်ခတ်ကြစဉ် ဘုရင်မကြီး၏ ခွေးတစ်ကောင်က ရစ်ငှက်ကို ကိုက်လိုက်ခြင်း ဖြစ်သည်။ ယခု ဖြစ်ရပ်၌ ဘုရင်မကြီးဘက်က ခုခံကာကွယ် ပြောသူများ ရှိကြသော်လည်း ဆန့်ကျင်သူများကမူ ဘုရင်မကြီးသည် ရစ်ကို ပစ်သတ်ရာ၌ ပါဝင်နေသည် ဖြစ်၍ ရက်စက်သူ တစ်ဦး ဖြစ်သည်ဟု စွပ်စွဲထားသည်။

ယင်း အဖြစ်မျိုး အိန္ဒိယနိုင်ငံ၌ တစ်ခါတုန်းက ဖြစ်ခဲ့ဖူးသည်။

မဟတ္တမ ဂန္ဒီသည် ဆန့်ငင်ဆန့်ငင် ဖြစ်နေသော ဆိတ်ကလေးကို မကြည့်ရက်သောကြောင့် ဆိတ်ကလေး ဝေဒနာ ခံစားနေရသည်ကို အဆုံးသတ်သွားအောင် ကိစ္စတုံး အလုပ်ခိုင်းလိုက်သည်။ ဤတွင် “အဟိံသာ” တရားကို ဘက်စုံ ရုပ်လုံးဖော်နေသူ မဟတ္တမ ဂန္ဒီလို ပုဂ္ဂိုလ်တစ်ဦးက ဆိတ်ကလေးကို အသတ်ခိုင်းခြင်းသည် “အဟိံသာ” တရားကို ရုပ်လုံးဖော်နေသူ၏ “ဟိံသာ” အကွက် တစ်ကွက်ဟု စွပ်စွဲကြသည်။ သို့ရာတွင် ယင်း ဝေဖန်သံ စွပ်စွဲသံသည် ကျယ်လောင်ခြင်း မရှိဘဲ တိုးတိုးညင်းညင်းသာ ထွက်ပေါ်လာပြီး ပျောက်ကွယ်သွားသည်။ အကြောင်းမှုကား ဘုရင်မကြီး အဲလစ်ဇဘက်လို မဟုတ်ဘဲ မဟတ္တမ ဂန္ဒီ၏ ကရုဏာတရား၌ ရက်စက်ခြင်း၊ အညှာအတာ ကင်းမဲ့ခြင်း အရိပ်အယောင်များ လုံးဝ စိတ်သုဉ်းနေသည့် အတွက်ကြောင့် ဖြစ်သည်။

မဟတ္တမ ဂန္ဒီသည် ဆိတ်ကလေး ဝေဒနာ ခံစားနေရသည်ကို မကြည့်ရက်သည့် အတွက်ကြောင့်သာ အပြီးသတ်သွားအောင် အလုပ်ခိုင်းခြင်း ဖြစ်သည်။ မဟတ္တမ ဂန္ဒီ၏ လုပ်ရပ်အတွက် သူ စွဲကိုင်ထားသော “အဟိံသ” လမ်းစဉ်ကို ညှိုးမှိန်သွားအောင် မပြုလုပ်ကြသည့် အပြင် ပိုပြီး ဝင်းလက် တောက်ပြောင်လာအောင်ပင် ပြုလုပ်ကြသည်ကို တွေ့ရသည်။ မဟတ္တမ ဂန္ဒီ၏ အဟိံသာ တရားသည် “နိဂေးတစ်” သဘောတရားမျှ သာမက “ပိုစစ်တစ်” သဘောတရားလည်း အပြည့်အဝ ရှိနေသည်ဟု ပြောဆိုကြသည်။

လယ်ယာစီးပွား

၂၉ - ၁၂ - ၂၀၀၀။

## နှိုင်းယှဉ်ချက်

စာရေးလျှင် ရေး၊ စာဖတ်လျှင် ဖတ်၊ စာရေးစာဖတ် မလုပ်သည့် အချိန်များ၌ အိမ်ရှေ့ ဝရန်တာတွင် ကုလားထိုင် တစ်လုံးနှင့် ထိုင်နေပြီး ရှေ့ဘက်က လမ်းပေါ်တွင် သွားလာလှုပ်ရှား နေသူများကို ကြည့်ရှုနေလေ့ ရှိသည်။ ထိုသူများထဲတွင် မိသားစု နှစ်စုကိုမူ အထူး သတိထား နေမိသည်။ လမ်းထဲတွင် မိမိတို့ အိမ်နှင့် ဓားလွယ်ခုတ်၌ ရပ်ကွက်တစ်ခု ရှိသည်။ ခြံအမှတ် ၂၈ ရပ်ကွက်ဟု ခေါ်သည်။ ထိုရပ်ကွက်ထဲတွင် အိမ်ပေါင်း နှစ်ရာ၊ သုံးရာလောက် ရှိလိမ့်မည်။ ခြံအမှတ် ၂၈ ထဲက အိမ်များကို လျော်ကြေးပေးပြီး တခြားနေရာသို့ ပြောင်းရွှေ့ ပေးလိုက်သည်မှာ နှစ်နှစ်၊ သုံးနှစ်လောက် ရှိသွားပြီ။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် မပြောင်းရွှေ့ဘဲ ကျန်နေသူ များလည်း တချို့ ရှိသည်။ နေ့စဉ်နေ့တိုင်း မိမိ မမြင်ချင် မြင်လျက်သား ဖြစ်နေသော မိသားစု နှစ်စုမှာ ယင်း ခြံနံပါတ် ၂၈ ထဲက အကျန်အကြွင်းများ ဖြစ်ပုံရသည်။ မိသားစု တစ်စုကို နံနက် ၆ နာရီနှင့် ညနေ ၆ နာရီခန့်တွင် အချိန်မှန်မှန် အိမ်ရှေ့ လမ်းပေါ်တွင် တွေ့မြင်နေရသည်။ နံနက်ချိန်တွင် အသွားဖြစ်ပြီး ညနေချိန်က အပြန်ဖြစ်သည်။ အဝတ်အစား ညစ်ညစ်နွမ်းနွမ်း ဝတ်စားထားသော အသက် ၃၀ ကျော်လောက် ရှိမည့် မိန်းမတစ်ဦးနှင့် သူ၏ ကလေးသုံးယောက် ဖြစ်သည်။ နို့စို့အရွယ်ကလေးကို နောက်ကျောတွင် အဝတ်ဖြင့် သိုင်းထားသည်။ လက်နှစ်ဖက်ဖြင့်လည်း သယ်စရာ ပစ္စည်း၊ အိုးခွက် အတိုအထွာများကို သယ်ဆောင်လာသည်။ ခြောက်နှစ် အရွယ်လောက် ရှိသည့် မိန်းကလေးနှင့် သုံးနှစ်သမီး အရွယ်လောက် ရှိမည့် ကလေး တစ်ယောက်က အမေဖြစ်သူ၏ နောက်က လိုက်သွားကြသည်။ တစ်ခါတစ်ရံ ခြောက်နှစ်အရွယ် သမီးက လက်နှင့် ဖြစ်စေ၊ ဦးခေါင်းမှာ ရွက်၍ ဖြစ်စေ ပစ္စည်း အနည်းငယ်ကို သယ်ယူသွားသည်။ မိသားစု အဆင်အပြင် အဝတ်အစားနှင့် ပုံပန်းသဏ္ဍာန်ကို ကြည့်လျှင် သူတောင်းစားနှင့် နင်လား ငါလားဟု ထင်ရသည်။ သို့သော်လည်း သူတောင်းစား မဟုတ်ပေ။ မိမိတို့၏ ဝမ်းရေးအတွက် မည်သူ့ထံကမှ လက်ဖြန့် တောင်းခံခြင်း မပြုဘဲ ကိုယ့်လုပ်အားနှင့် ကိုယ် ဝမ်းကျောင်းနေသူများ ဖြစ်ကြသည်။

နံနက်ချိန် သူတို့ကို မြင်ရသည်မှာ ဝက်ပါလမ်းထိပ် စာပေစိစစ်ရေး ရုံးရှေ့တွင် ကွမ်းယာဆိုင်ထွက်ဖို့ သွားကြခြင်း ဖြစ်သည်။ မိခင်နှင့် ကလေး သုံးယောက်သည် တစ်နေ့လုံး ထိုနေရာ၌ ကွမ်းယာ ရောင်းကြသည်။ အလုပ်သိမ်းချိန်မှာ ညနေ ၆ နာရီလောက် ဖြစ်သည်။ ထိုအချိန်တွင် နံနက်ကဲ့သို့ပင် မိခင်လုပ်သူက နို့စို့ကလေးကို ကျောပေါ်တွင် အဝတ်နှင့် သိုင်းပိုးပြီး ချီလာသည်။ လက်တစ်ဘက်စီတွင်လည်း ပစ္စည်းအပြည့်ဖြင့်၊ ခြောက်နှစ်သမီး အရွယ်ကလေး ကလည်း သူတစ်နိုင် သယ်စရာများကို သယ်ဆောင်လာသည်။ အသွားဖြစ်စေ အပြန်ဖြစ်စေ မည်သည့်အချိန် ကြည့်ကြည့် မိခင်ဖြစ်သူ၏ မျက်နှာသည် အားလျော့နေသည် ဟူ၍ မရှိဘဲ အားမာန် အပြည့် ရှိနေသည်ကိုသာ တွေ့ရသည်။ ကလေးများလည်း ကလေးပီပီ ဘာကြောင့်ကြမှုမျိုးမှ မထားဘဲ တစ်ခါတစ်ရံ ခုန်ပေါက် ပြေးလွှား သွားသည်ကိုပင် တွေ့ရသည်။

ယင်းမိသားစုကို တစ်နေ့ နှစ်ကြိမ် မှန်မှန် တွေ့မြင်နေရသည်။ သို့သော် မည်သည့်အခါမှ ကလေးများ၏ အဖေ ပါလာသည်ကို မတွေ့ရပေ။ နေ့ရှိသရွေ့ သားအမိ လေးယောက်ကိုသာ တွေ့မြင်နေရသည် ဖြစ်၍ အကျိုးအကြောင်း စုံစမ်း မေးမြန်းကြည့်သောအခါ ကလေးများ၏

အဖေသည် ဥပဒေ မလွတ်သော ပြစ်မှုတစ်ခု ကျူးလွန်မိသည် ဖြစ်၍ အကျဉ်းကျနေသည်ဟု သိရသည်။ ဖခင်ဖြစ်သူ အကျဉ်းကျနေသည့် အချိန်မှစ၍ မိခင်သည် မိသားစုကို ကွမ်းယာရောင်း ကျွေးနေရရှာသည်။ ကလေးများကလည်း တစ်ယောက်မှ အရွယ်မရောက်ကြသေးပေ။ အငယ်ဆုံးမှာ နို့စို့အရွယ်မျှသာ ရှိသေးသည်။ မိခင်ဖြစ်သူသည် ကလေးသုံးယောက်နှင့်သာ အိမ်တွင်နေရရှာသည်။ သူတို့နေသော အိမ်၏ အခြေအနေကိုမူ သွားမကြည့်ဘဲနှင့်ပင် တွက်ဆကြည့်၍ ရသည်။ မိခင်ဖြစ်သူသည် ကလေးတွဲလောင်းနှင့် တစ်ခါတစ်ရံ ထောင်ဝင်စာ သွားမတွေ့ဘဲ နေမည် မဟုတ်ပေ။ သို့သော်လည်း မိခင်၏ မျက်နှာကို ကြည့်လိုက်လျှင် မည်သည့်အချိန်မှ အားကိုးရာမဲ့ အမူအရာမျိုးကို မတွေ့ရပေ။

နောက် မိသားစု တစ်ခုလုံးကိုလည်း လမ်းပေါ်တွင် နေ့စဉ်နှင့်အမျှ တွေ့နေရသည်။ ယင်း မိသားစုကမူ လမ်းပေါ်တွင် အချိန်နှင့် သွားလာခြင်းမျိုး မဟုတ်ဘဲ အကြိမ်များစွာ သွားလာ နေသည်ကို တွေ့ရသည်။ ယင်း မိသားစုမှာ မိစုံဖစုံ ဖြစ်သည်။ သို့သော်လည်း မိဘ နှစ်ဦးစလုံး မယ်မယ်ရရ အလုပ်တစ်ခု လုပ်သည်ကို မတွေ့ရပေ။ အိမ်ဘေးက ကြည်ကြည်ထွန်းက ထမင်းဟင်း ကျန်သည့် အခါများ၌ ပလတ်စတစ်အိတ်နှင့် ထုပ်ပြီး ပေးသည်။ တောင်း၍ ရသော ထမင်းထုပ်ကို အိမ်သို့ သယ်သွားပြီး စားကြသည်။ ထမင်းထုပ် မရသော နေ့များ၌ မည်ကဲ့သို့ စားသောက် နေကြသည် မသိပေ။ ကလေးငယ်လေး ချီထားသော သား အကြီးကောင်သည် ကျွန်တော့်အိမ် လာသော ဧည့်သည်များထံမှလည်း ပိုက်ဆံ တောင်းသည်။

တစ်ချိန်တွင် လမ်းသုံးလမ်း ဆုံသော ဝင်္ကပါလမ်းထိပ်၌ မီးစိမ်း မပြသေး၍ ကားများ ရပ်စောင့်နေကြစဉ် ကလေးချီထားသော ကောင်လေးသည် ကားထဲ ပါလာသူများထံ ပိုက်ဆံ တောင်းသည်။ ကားတိုက်မှာ စိုးသောကြောင့် ရဲက နှင်ထုတ်ပစ်လိုက်သည့် အချိန်မှ စ၍ ထိုနေရာတွင် ကောင်လေးကို မတွေ့ရတော့ပေ။ တောင်း၍ ရသော ပိုက်ဆံကို ကလေးက အိမ်ပြန်ပေးသည်။ ကြည့်ရသည်မှာ မိသားစုကို ကလေးက လုပ်ကျွေးနေသည့်ပုံ ပေါ်သည်။ အိမ်ထောင်ဦးစီး ဖြစ်သူ ယောကျ်ားမှာ အလုပ် တစ်ခုခု လုပ်သည်ကို မတွေ့ရသော်လည်း တစ်နည်းနည်းနှင့် ပိုက်ဆံရလာလျှင် အရက်သောက်ပစ်သည်ဟုလည်း သိရသည်။

မိသားစု နှစ်စုစလုံး ချို့တဲ့သော မိသားစုများ ဖြစ်ကြသည်။ သို့သော်လည်း ပထမမိသားစုမှာ အိမ်ထောင်ဦးစီး ယောကျ်ား မရှိတော့ပြီ ဖြစ်သော်လည်း မိန်းမဖြစ်သူမှာ မိန်းမသား ဖြစ်လျက်နှင့် အားမာန်မလျော့ဘဲ ကွမ်းယာရောင်းပြီး သူ့ မိသားစုကို ထိန်းထားသည်။ ဒုတိယ မိသားစုကမူ မိစုံဖစုံ ဖြစ်သော်လည်း မယ်မယ်ရရ အလုပ် မလုပ်ကြဘဲ သူတစ်ပါးထံ၌သာ လက်ဖြန့် တောင်းခံ နေကြသည်။

လယ်ယာစီးပွား

၂၇ - ၄ - ၂၀၀၁။

## ကွန်ပျူတာ ဗေဒင်

ယခင်က ကြားတောရလမ်း ပလက်ဖောင်းပေါ်တွင် နေရာလပ် မရှိလောက်အောင်ပင် ဈေးသည်များ ပြည့်ကျပ်နေကြသည်။ ခရီးသွားများသည် ဆိုင်များ၊ ဈေးသည်များကို မနည်း ရှောင်ကွင်းလျက် ခဲခဲယဉ်းယဉ်း သွားကြရသည်။ ရန်ကုန်မြို့ရှိ တခြား လမ်းများလို ကြားတောရလမ်း ကိုလည်း ချဲ့လိုက်သော အခါ ရွှေတိဂုံဘုရား အရှေ့ဘက် စောင်းတန်းအထိ ဖြူးဖြူးဖြောင့်ဖြောင့် ကျယ်ကျယ်ဝန်းဝန်း လမ်းသစ်ကြီး ဖြစ်လာသည်။ လမ်းသစ်တွင် ခရီးသွားများ အလွယ်တကူ သွားလာနိုင်စေရန်အတွက် လည်းကောင်း၊ ရွှေတိဂုံဘုရား အရှေ့ဘက် စောင်းတန်းအထိ အသွားအလာ ပြုလုပ်သော လမ်း၏ အသရေကို တိုးမြှင့်ရန်အတွက် လည်းကောင်း၊ ယာဉ် အသွားအလာ ရှောရှောရှူရှူ ဖြစ်စေရန်အတွက် လည်းကောင်း၊ ခရီးသွားများ အသွားအလာ လုပ်သော လမ်းဘေး ပလက်ဖောင်းပေါ်တွင် ဈေးသည်များ၊ ဈေးဆိုင်များကို ရောင်းချခွင့် မပြုတော့ပေ။

သို့သော်လည်း အခါကြီး ရက်ကြီးများ ရောက်လာသောအခါ ယခင်ကလိုပင် ပလက်ဖောင်း ပေါ်၌ ဈေးဆိုင်များ၊ ဈေးသည်များကို ရောင်းချခွင့် ပြုထားသည်။ အခါကြီး ရက်ကြီးကို စောင့်နေကြသော ဈေးသည်များ၊ ဈေးဆိုင်များသည် အခါကြီး ရက်ကြီး ရောက်လာပြီ ဆိုလျှင် ပလက်ဖောင်းပေါ်၌ ယခင်ကလိုပင် လူသွားစရာ လမ်းမရှိလောက်အောင်ပင် ပြည့်ကျပ်နေသည်။

ထိုနေ့က အခါကြီး ရက်ကြီးနေ့ ဖြစ်သောကြောင့် ကြားတောရလမ်း ပလက်ဖောင်းပေါ်တွင် ဈေးဆိုင်များ၊ ဈေးသည်များ ပွဲဈေးတမျှ စည်ကားနေသည်။ ပလက်ဖောင်းပေါ်က ဈေးသည်များ၊ ဈေးဆိုင်များနှင့် အပြိုင် ကြော်ငြာကားများလည်း ပလက်ဖောင်းဘေးတွင် ရပ်ထားကြသည်။ ကြော်ငြာကားများမှာ ဆေးကြော်ငြာ ကားများ၊ ရုပ်ရှင်ကြော်ငြာ ကားများ၊ ထီလက်မှတ်ရောင်းသော ကားများ ဖြစ်ကြသည်။ ကြော်ငြာကားများမှ ထွက်ပေါ်လာသော သီချင်းသံများ၊ ကျယ်လောင်သော ကြော်ငြာသံများသည် ကြားတောရလမ်း တစ်လျှောက်တွင် ပွဲတင်ထပ်နေသည်။ ယင်း ကြော်ငြာကားများ ကြားထဲတွင် ဗေဒင်ကြော်ငြာ ကားတစ်စီးလည်း နေရာယူထားသည်ကို တွေ့ရသည်။ ရုပ်ရှင်ကြော်ငြာ ကားများ၊ ဆေးကြော်ငြာ ကားများ၌ ကားဘော်ဒီ နံရံတွင် ကြော်ငြာစာလုံးများ၊ ကြော်ငြာအရုပ်များ ရေးထားသကဲ့သို့ပင် ဗေဒင်ကြော်ငြာ ကားဘော်ဒီတွင် နံရံ နှစ်ဘက်၌လည်း “ကွန်ပျူတာ ဗေဒင်” ဟူသော ကြော်ငြာ စာလုံးကြီးကို ပြူးတူးပြဲတဲ ရေးဆွဲထားသည်။ ဗေဒင်ကြော်ငြာ ကားမှ “ကွန်ပျူတာ ဗေဒင်” အတွက် ဖိတ်ခေါ်သော ကြော်ငြာသံသည်လည်း အခြား ကြော်ငြာသံများနှင့် ပြိုင်တူ ကြားတောရလမ်း တစ်လျှောက် ပွဲတင်ထပ်နေသည်။

ထိုနေ့က ကြားတောရလမ်း ဖြတ်လျှောက်သွားသောအခါ “ကွန်ပျူတာ ဗေဒင်” ကြော်ငြာ ကားကို တွေ့ရသည်။ ကွန်ပျူတာ ဗေဒင် ကြော်ငြာသံ ကြားရသည့် အတွက် ကွန်ပျူတာ ဗေဒင် ကြော်ငြာကားကို စိတ်ဝင်စားသွားသည်။

“မြန်မာ ဗေဒင်ဆရာ လောကထဲတွင်လည်း ကွန်ပျူတာ နေရာဝင်ယူ နေပါပြီကော။ မြန်မာ ဗေဒင်များလည်း ကွန်ပျူတာခေတ်ကို အမီ လိုက်နေကြပြီ။ ကွန်ပျူတာနှင့် ဗေဒင် ဟောနေကြပြီ။”

ကားထဲတွင် ကွန်ပျူတာ ပါလာပြီး ဗေဒင် လာမေးသူများအား ကွန်ပျူတာနှင့် ဗေဒင် ဟောလိမ့်မည် ဟူသော အထင်ဖြင့် ကွန်ပျူတာ ဗေဒင် ကြော်ငြာကားအနီး ကပ်သွားသည်။ ကားထဲ လှမ်းကြည့်လိုက်သောအခါ ကားထဲတွင် ကွန်ပျူတာနှင့် တူသော ဘယ်လို ပစ္စည်းမျိုးကိုမှ မတွေ့ရပေ။ ရိုက်ပြီးသား ဗေဒင် ဟောစာတမ်း စာရွက်ပုံကိုသာ တွေ့ရသည်။

ဇာတာကို ကွန်ပျူတာထဲတွင် ထည့်လိုက်လျှင် ကွန်ပျူတာက ဟောစာတမ်း ထုတ်ပေးသည် ဟူ၍ ကြားဖူးနား၀ ရှိသောကြောင့် တကယ် ကွန်ပျူတာနှင့် ဗေဒင်ဟောနေသည် ဆိုလျှင် မိမိ ဇာတာကို ပေးပြီး ကွန်ပျူတာအား ဗေဒင်ဟောခိုင်းမည် ဟူသော မျှော်လင့်ချက်ဖြင့် သွားရောက် စုံစမ်းခြင်း ဖြစ်သည်။ သို့ရာတွင် ကားထဲ၌ ကွန်ပျူတာကို မတွေ့ရဘဲ “ရယ်ဒီမိတ်” ဟောစာတမ်းများ ကိုသာ တွေ့ရသောကြောင့် ကွန်ပျူတာ ဗေဒင်ဆရာများကို အကျိုးအကြောင်း မေးကြည့်လိုက်သည်။

“ဘယ့်နှယ်လဲ... ခင်ဗျားတို့ ကွန်ပျူတာ ဗေဒင်လို့ ကြော်ငြာပြီး ကွန်ပျူတာလည်း မတွေ့ရပါလား”

မိမိ၏ အမေးကို သူတို့ ပြန်လည်ဖြေသော အဖြေစကားကို ကြားရသောအခါ “သေဟဲ့... နန္ဒိယ” ဟု နှုတ်မှ ထွက်ပြီး ကွန်ပျူတာအနီးမှ လှည့်ထွက်လာခဲ့သည်။ သူတို့၏ အဖြေစကားမှာ “ဒီ ဗေဒင်ဟောစာတမ်းတွေ ကွန်ပျူတာစာလုံးနဲ့ ရိုက်ထားတာ မဟုတ်လား၊ အဲဒါ ကွန်ပျူတာ ဗေဒင်ပေါ့” ဟူ၍ ဖြစ်သည်။

ကွန်ပျူတာ ဗေဒင် ကြော်ငြာကားကို ကျောခိုင်းပြီး မိမိ လိုရာခရီးကို ဆက်သွားသည်။ သို့သော်လည်း ဗေဒင်ကြော်ငြာ ကားမှ ထွက်ပေါ်နေသော ကွန်ပျူတာ ဗေဒင် ကြော်ငြာသံသည် မိမိနောက်မှ ထပ်ချပ်မကွာ လိုက်ပါလာသည်။

**လယ်ယာစီးပွား**

၁၁-၈-၂၀၀၀။

## စာကလေးခွေ

"စာကလေးခွေ"

မိမိအိမ်ရှေ့ ငါးထပ်ကြီးဘုရားလမ်း တစ်လျှောက် ပဲ့တင်ထပ်သွားသော အသံ။ ယင်း အသံကို ကြားရသည့် အခါတိုင်း အတိတ်ကာလဆီ ပြန်ရောက်သွားခဲ့သည်။ ၁၉၄၇ ခုနှစ် မေလတွင် အိန္ဒိယနိုင်ငံ ပညာ သွားသင်သည်။ မိမိ ရောက်သွားချိန်မှာ နွေရာသီ ကျောင်းပိတ်ချိန် ဖြစ်နေ၍ မိဂဒါဝုန် မဟာဗောဓိ အသင်းတိုက်တွင် တစ်လကျော်ကျော် ကျောင်းပြန်ဖွင့်ချိန် စောင့်နေရသည်။ ဇူလိုင်လဆန်း ကျောင်းပြန်ဖွင့်မှ B.H.U ခေါ် ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ်တွင် ကျောင်း တက်ရသည်။

ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ်သည် အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များထဲတွင် အကြီးမားဆုံး၊ အကျော်ကြားဆုံး တက္ကသိုလ်ကြီး တစ်ခု ဖြစ်သည်။ ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ် ကျောင်းဝင်းကြီး ထဲတွင် ကောလိပ်ပေါင်းစုံ ရှိသည်။ ယင်း ကောလိပ်များထဲတွင် "အိုရီယန်တယ် ကောလိပ်" အမည်ရှိ ကောလိပ်ကြီး တစ်ခုလည်း ရှိသည်။ ယင်း ကောလိပ်၌ "ဟိန္ဒီ စာပေနှင့် သက္ကတ စာပေ" ကို သင်ကြား ပို့ချပေးသည်။ ဟိန္ဒီ စာပေနှင့် သက္ကတ စာပေ သင်ဖို့သွားသော မိမိသည် ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ်ရှိ "အိုရီယန်တယ် ကောလိပ်" ကျောင်းသားတစ်ယောက် ဖြစ်လာသည်။

"အိုရီယန်တယ် ကောလိပ်" ကျောင်း အဆောက်အအုံကြီးကို ဆောက်လုပ် လှူဒါန်းသူမှာ ဗီရလာ သူဌေးကြီး ဖြစ်သည်။ မိမိအား ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ် အိုရီယန်တယ် ကောလိပ်၌ ဟိန္ဒီနှင့် သက္ကတ သင်ရန် ပညာစရိတ် ထောက်ပံ့သူမှာလည်း ဗီရလာ သူဌေးကြီး ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဗီရလာ သူဌေးကြီး ဆောက်လုပ် လှူဒါန်းထားသော ကျောင်းတွင် ဗီရလာ သူဌေး အထောက်အပံ့ဖြင့် ကျောင်းတက်နေရသည်။ သို့သော်လည်း ဗီရလာ သူဌေး ဆောက်လုပ် လှူဒါန်းသော ဗီရလာ ဟိုစတယ်တွင်မူ မနေရပေ။ ဗီရလာ ဟိုစတယ်မှာ အဆောင်ခ ပေးပြီး နေသော ကျောင်းသားများအတွက် ဖြစ်၍ အခမဲ့ နေလိုသော မိမိအတွက် အခမဲ့ နေခွင့်ပြုထားသော ရှူအီးယား ဟိုစတယ်၌သာ နေရသည်။

ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ်၌ ကျောင်းသားဘဝဖြင့် နေစဉ် ကာလအတွင်း ရှူအီးယား ဟိုစတယ်၌ နေပြီး အိုရီယန်တယ် ကောလိပ်၌ ကျောင်းတက်သည်။ စားတော့ "မက်စ်" မှာ။ နံနက်တိုင်း "မက်စ်" ၌ လက်ဖက်ရည် သောက်သည်။ လက်ဖက်ရည် သောက်တိုင်း မုန့်အနေနှင့် "စာကလေးခွေ" နှင့် အခြား "မီထာအီ" ခေါ် မုန့် တစ်မျိုးမျိုး ပါသည်။ စာကလေးခွေမှာမူ ပင်တိုင် အစားအစာ ဖြစ်သည်။ မိမိတို့ စားရသော စာကလေးခွေမှာ "အခွေ" မဟုတ်ပေ။ အချောင်းကလေးတွေ ဖြစ်သည်။ သူတို့စကားဖြင့် "ဆေးရိုး" ဟု ခေါ်သည်။

ထို့ကြောင့် "စာကလေးခွေ" ဟု အော်ဟစ်ပြီး ရောင်းသော စာကလေးခွေ ဈေးသည် သူငယ်၏ အသံကို ကြားတိုင်း အတိတ်ကာလ B.H.U ကျောင်းသားဘဝကို ပြန်လည် သတိရလာသည်။

"စာကလေးခွေ"

စာကလေးခွေ ဈေးသည် သူငယ်လေး အော်ဟစ်လိုက်သော အသံသည် ငါးထပ်ကြီး ဘုရားလမ်း တစ်လျှောက်လုံး ပျံ့သွားသည်။

"ဟေ့... စာကလေးခွေ၊ လာဦး"

စာကလေးခွေ သံယောဇဉ်၊ စာကလေးခွေ အစွဲရှိနေ၍ စာကလေးခွေ ဈေးသည် သူငယ်ကို လှမ်းခေါ်လိုက်သည်။ တောင်း နှစ်တောင်းကို ထမ်းပိုးဖြင့် ရှေ့တစ်တောင်း နောက်တစ်တောင်း ထမ်းထားသော သူငယ်လေး ခြံထဲ ဝင်လာသည်။

"ဟေ့... မင်း စာကလေးခွေ တစ်ခု ဘယ်လောက်လဲ"

"တစ်ဆယ်ပါ အဘ"

"မင်း ဘယ်က လာရောင်းတာလဲ"

"ကျွန်တော် ကျောက်ပန်းတောင်းကပါ"

"မင်းအသက် ဘယ်လောက် ရှိပြီလဲ"

"၁၆ နှစ်ပါ"

"မင်း ကျောင်းမနေဘူးလား"

"နေပါတယ်၊ ခုနစ်တန်း။ အခုတော့ ကျောင်းထွက်လိုက်ပြီ"

"ဘာဖြစ်လို့ ကျောင်းဆက်မတက်တာလဲ"

"အမေကို လုပ်ကျွေးချင်လို့ပါ။ အဖေ မရှိတော့ဘူး။ အမေ့ကို ကျွန်တော် လုပ်မကျွေးရင် ဘယ်သူမှ လုပ်ကျွေးမယ့်သူ မရှိဘူး။ ဒါကြောင့် ကျောင်းထွက်ပြီး ရန်ကုန်မှာ ရရာအလုပ် လာလုပ်နေတာဗျ"

"မင်း စာကလေးခွေ ရောင်းတာ တစ်နေ့ ဘယ်လောက် ရသလဲ"

"တစ်နေ့ နှစ်ရာမျိုး သုံးရာမျိုး ရပါတယ်။ တစ်မြို့လုံး လိုက်ရောင်းရပါတယ်။ စာကလေးခွေတို့ ကောက်ညှင်းခွက်ကြော်တို့ ကြော်တဲ့ဖိုက ယူပြီး ရောင်းရပါတယ်။ ရောင်းပြီးမှ ရှင်းပါတယ်။ မရောင်းရတာ ပြန်အပ်ပါတယ်။ ကုန်တဲ့နေ့ပဲ များပါတယ်။ အားလုံးရှင်းပြီး ကျွန်တော့်အတွက် နှစ်ရာ သုံးရာလောက် ကျန်ပါတယ်။ ရသမျှ ငွေထဲက ကျွန်တော့် စားစရိတ် နှုတ်ပြီး အမေ့ဆီ ပို့ပေးပါတယ်။"

"ရော့... ငါးဆယ်ယူ၊ စာကလေးခွေ ငါးခွေ ထားခဲ့"

* * * *

"စာကလေးခွေ"

စာကလေးခွေ အော်သံသည် ကျယ်ရာမှ တဖြည်းဖြည်း တိုးသွားသည်။ တိုးရာမှ ပျောက်သွားသည်။

ဈေးသည် သူငယ်ကလေးသည် ငါးထပ်ကြီးဘုရား လမ်းထဲက ထွက်ပြီး ဝင်္ကပါလမ်း စာပေစိစစ်ရေး ရုံးဘက် ထွက်သွားသည်။

စာကလေးခွေကို စားရင်း မိမိ၏ စိတ်အာရုံ ငှက်လည်း လွန်ခဲ့သော အနှစ် ၅၀ ကျော်က ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ် ကျောင်းသားဘဝဆီ ပျံသန်းသွားသည်။

လယ်ယာစီးပွား

၄ - ၈ - ၂၀၀၀။

## သုံးပန်လှ ယုန်

တိရိစ္ဆာန်များထဲတွင် ယုန်သည် အလွန် ချစ်စရာကောင်းသော သတ္တဝါ ဖြစ်သည်။ အမဲလိုက်သူ တစ်ယောက် ပြောသည်ကို ကြားဖူးသည်။ ညဥ့်အချိန် တောလမ်းကို ကားမောင်းပြီး အမဲပစ် သွားသောအခါ ကားမီးရှေ့တွင် ယုန်ကလေး တစ်ကောင် ထွက်မပြေးဘဲ ကြောင်ကြည့် နေသည်ကို တွေ့မြင်ရသည်။ အမဲပစ်သူကို မျက်လုံးလှလှလေးနှင့် စိုက်ကြည့်နေသော ယုန်ကလေးကို တွေ့ရသည့်အခါ အမဲပစ်သူသည် ယုန်ကလေးကို သနားသွားပြီး သူ၏ သေနတ်ကို အောက်ပြန်ချထားလိုက်သည်။ ဤမျှ ရိုးသားသော၊ သနားဖွယ် ကောင်းသော ယုန်သည် ပုံဝတ္ထု ဆရာများ၏ စိတ်ကူးဉာဏ်ထဲတွင် ဇာတ်ကောင်အဖြစ်နှင့် စရိုက် အမျိုးမျိုးကို သရုပ်ဆောင်ပေး နေရသည်။

လိပ်နှင့် အပြေးပြိုင်ပွဲတွင် အပြေးမြန်သော ယုန်သည် အသွားနှေးသော လိပ်ကို အရှုံး ပေးလိုက်ရသည်။ ယင်း ဇာတ်လမ်းတွင် ယုန်သည် အပျင်းထူသော၊ လုံ့လဝီရိယ နည်းသော၊ အလုပ် တစ်ခုကို ပေါ့ပေါ့ဆဆ တွက်သော ဇာတ်ပို့ ဇာတ်ဆောင်အဖြစ် အသုံးတော် ခံရသည်။ လိပ်က အဓိက ဇာတ်ဆောင် ဖြစ်သွားသည်။

“သသပဏ္ဍိတ” ဇာတ်တော်တွင်ကား ယုန်သည် ဘုရားအလောင်း ဖြစ်နေပြန်သည်။ ပုဏ္ဏားယောင် ဆောင်ထားသော သိကြားမင်းက ယုန်ကို စားဖွယ်တစ်ခု ပေးရန် အလှူခံသောအခါ မြက်စားသော ယုန်သည် တခြား အစားအစာ မရှိသောကြောင့် သူ့ကိုယ်ကို စားပါဟု ပြောပြီး မီးပုံထဲ ခုန်ချလိုက်သည်။ ဘုရားအလောင်း ယုန်၏ ယင်း အံ့ဖွယ်သူရဲ အလှူဒါန အကြောင်းကို ကမ္ဘာချဉ်းအောင် အစွန့်ရှည်စွာ တည်သွားစေရန် အတွက် လတွင် ယုန်ရုပ် ဖော်ပြထားသည်ဟု ဆိုရိုးစကား ရှိသည်။

မြန်မာ့ရိုးရာ ပုံပြင် “ရွှေယုန်နှင့် ရွှေကျား” တွင်ကား ယုန်သည် ရွှေကျားနှင့် တွဲဖက်ပြီး ရွှေယုန် ဖြစ်လာပြန်သည်။ ယင်းကဲ့သို့ ခုနစ်ထွေအက ကနေရသော ယုန်သည် ယခု ပြောပြမည့် ပုံဝတ္ထုတွင်ကား မည်ကဲ့သို့ ဇာတ်ကောင်စရိုက်ကို သရုပ်ဆောင်ရသနည်း။

* * * *

ရွာတစ်ရွာ၏ အပြင်ဘက်၌ အိုင်ကလေး တစ်အိုင် ရှိသည်။ အိုင်ထဲတွင် လိပ်တစ်ကောင် နေသည်။ ရေအိုင်ကလေးထဲတွင် နေသော လိပ်သည် တစ်ခါတစ်ရံ ရေအိုင် အပြင်ဘက်က မြက်ခင်းပေါ်၌ လှည့်ပတ် သွားလာနေသည်။ အနီးအနား၌ ယုန်တစ်ကောင်သည် သူ့မိသားစုနှင့် အတူ နေထိုင်သည်။ ယုန်သည် အလွန်တရာ ရိုးသားသူ ဖြစ်၍ ဘယ်သူက ပြောပြော ယုံကြည်သွားသည်က များသည်။ တစ်နေ့ အိုင်ထဲက ထွက်ပြီး မြက်ခင်းပေါ် လှည့်လည် သွားလာနေသော လိပ်နှင့် မြက်စားနေသော ယုန်တို့ ဆုံကြသောအခါ အဆွေခင်ပွန်း ဖြစ်သွားကြသည်။





တစ်နေ့သ၌ ယုန်က လိပ်ကို “မိတ်ဆွေ... ဘာကြောင့် ရေထဲမှာ နေတာလဲ၊ ကျုပ်တို့လို မြေပြင်ပေါ်မှာ နေပါလား။ ဘယ်နေရာမဆို လှည့်လည် သွားလာနေလို့ ရတယ်” ဟု ပြောသည်။ ယုန်၏ စကားကို ကြားရသောအခါ လိပ်က ပြန်ပြောသည်။ “မိတ်ဆွေ မသိပါဘူး။ ရေထဲမှာ နေရတာ ဘယ်လောက် ပျော်စရာ ကောင်းသလဲ။ ရေထဲမှာ ခုန်ပေါက် ပြေးလွှားနေရင် မောလည်း မမောဘူး။ ဘယ်လို ဘေးအန္တရာယ်မှ ကြုံလာစရာလည်း မရှိဘူး။ ရေထဲမှာ နေရတာ နတ်ပြည်မှာ နေရတဲ့ အတိုင်းပဲ။ ရေအပြင်ဘက် ထွက်တယ်ဆိုရင် နေပူမိမှာလည်း စိုးရိမ်ရတယ်၊ သားရဲ တိရစ္ဆာန် အန္တရာယ်ကလည်း ရှိတယ်။ ကျုပ်ကို ကြည့်ပါလား၊ အပြင်ဘက် ထွက်လည်ချင်တဲ့ စိတ် ရှိလာရင် အိုင်အပြင်ဘက် ထွက်ပြီး လည်လို့ရတယ်။ လည်လို့ပြီးရင် ကိုယ့်အိမ်ကိုယ့်ရာ ရေထဲပြန်သွားတယ်”

လိပ်၏ စကားကို ကြားသောအခါ ယုန်သည် လိပ် ပြောပြသော နတ်ပြည် သွားပြီး နေကြည့်ချင်စိတ် ပေါ်လာသည်။ “မိတ်ဆွေ... မိတ်ဆွေနေတဲ့ ရေထဲ ကျုပ် လာနေကြည့်မယ် ဆိုရင် မိတ်ဆွေက ကန့်ကွက်မှာလား”

“မိတ်ဆွေ ကျုပ်နဲ့ လာနေရင် ကျုပ် အဖော်တောင် ရဦးမယ်။ တစ်နေ့ တစ်ရက် မကဘူး။ ရက်ရှည်လများ နေလို့တောင် ရတယ်။ မိတ်ဆွေ ပျော်တယ်ဆိုရင် တစ်သက်လုံးလည်း နေသွားနိုင်တယ်”

လိပ်၏ ဆွယ်တရားကို သွားရည်ကျပြီး ယုန်သည် လိပ်နှင့်အတူ ရေထဲ ဆင်းသွားသည်။ ရေက တိမ်တိမ်ကလေး။ နစ်သွားမှာ မစိုးရိမ်ရ။ ထိုနေ့၌ လိပ်နှင့် ယုန်သည် ရေထဲတွင် ပျော်ပျော်ပါးပါး လှည့်လည် သွားလာနေကြသည်။ ရေကစားကြသည်။ ညနေချိန် ရောက်သောအခါ

ယုန်သည် ရေအိုင်ပေါ် တက်လာပြီး "မနက်ဖြန် လာခဲ့ဦးမယ်" ဟု ပြောလျက် သူ့နေရာ သူ ပြန်သွားသည်။

အတန်ငယ် သွားမိသောအခါ ယုန်သည် "ဟပ်ချိုး... ဟပ်ချိုး" ဖြစ်လာသည်။ ရေထဲတွင် အနေကြာသောကြောင့် အအေးမိလာသည်။ သူ၏ မိဘများထံ ရောက်သွားသောအခါ ခိုက်ခိုက် တုန်နေသည်။ ယုန်၏ အခြေအနေကို တွေ့ရသောကြောင့် သူ၏ မိဘ ယုန်ဖို၊ ယုန်မသည် သူတို့၏ သား အနီးတွင် မြက်ခြောက်များ စုပုံပေးသည်။ အတန်ငယ် ကြာသွားသောအခါ မြက်ခြောက်များ၏ အနွေးဓာတ်ကြောင့် ယုန်သည် နေသာထိုင်သာ ရှိလာသည်။ သူ့သား ယုန်က လိပ်နှင့် အတူ နတ်ပြည်မှာ နေခဲ့ရပုံကို ပြောပြသောအခါ သူ၏မိခင် ယုန်မကြီးက ပြောသည်။ "သား... သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ ကိုယ့် ဓလေ့၊ ကိုယ့် လူနေမှုဘဝ၊ ကိုယ့် ယဉ်ကျေးမှု ပတ်ဝန်းကျင်မှာ နေကြရတာ ဖြစ်တယ်။ လိပ်ဆိုတဲ့ သတ္တဝါဟာ ရေထဲမှာ နေတဲ့ သတ္တဝါမျိုး ဖြစ်တယ်။ ရေမရှိရင် နေလို့မဖြစ်ဘူး။ ငါတို့ဘဝက တစ်မျိုး။ ကုန်းပေါ်မှာသာ နေလို့ရတဲ့ ဘဝ ဖြစ်တယ်။ ရေထဲမှာ နေရတဲ့ သတ္တဝါ မဟုတ်ဘူး"

သူ၏ မိခင် ယုန်မကြီး၏ စကားကို ကြားရသောကြောင့် ယုန်သည် သတ္တဝါ အသီးသီး၏ ဘဝကို နားလည် သဘောပေါက်သွားသည်။ နောက်ရက်များ၌ကား သူ့မိတ်ဆွေ လိပ်နှင့် တွေ့ရုံသာ တွေ့သည်။ ရေထဲ မဆင်းတော့ပေ။ နတ်ပြည်က အရသာကို စိတ်ကူးထဲပင် မထည့်တော့ပေ။

* * * *



ဤ ပုံဝတ္ထုထဲက ဇာတ်ကောင် ယုန်၏ စရိုက်သည် မည်သည့် အဓိပ္ပာယ်ကို ဆောင်နေသနည်း။ မျှော်လင့်ချက် ကြီးစွာဖြင့် ပြည်ပထွက်ကြသူ တချို့ ရှိသည်။ ပညာရေး၊ စီးပွားရေး၊ ဘာသာရေး စသော လုံလောက်သည့် အကြောင်းပြချက်ဖြင့် သွားနေကြသူများ အတွက်မူ တစ်စုံတစ်ခု ထင်မြင်ချက် ပေးစရာ လိုမည် မထင်ပေ။ သို့သော်လည်း ကုန်းပေါ်မှာ နေရတာ အကောင်းသားနှင့် ရေထဲက အရသာကို သို့မဟုတ် နတ်ပြည်က အရသာကို သို့မဟုတ် ဘယ်ဆီ ကြည့်လိုက် ကြည့်လိုက် မျက်စိကျိန်းသည့် အရသာကို မြည်းစမ်းကြည့်မည် ဟူသော မျှော်လင့်ချက်ကြီးဖြင့် သွားပြီး နာစေးချောင်းဆိုး ဖြစ်လာမည် ဆိုလျှင်ကား အဝေးက မျောက်မင်း အူသံကို စည်တော်သံ ထင်မှတ်မှားသော၊ တံလျှပ်ကို ရေထင်မိသော ဤ ဝတ္ထုထဲက သနားစရာ ယုန်ခများလို ဖြစ်နေလိမ့်မည်။

လယ်ယာစီးပွား

၁၅ - ၁၂ - ၂၀၀၀။

## တိရစ္ဆာန် လောက

ကျွန်ုပ်တို့ ရပ်ကွက်သည် ကန်တော်ကြီးနှင့် နီးသည်။ ကန်တော်ကြီးသည် သဲကန္တာရထဲက အိုအေစစ်သဖွယ် ဖြစ်သည်။ လူတွေ ကားတွေ ဥဒဟို ပြေးလွှားနေကြသော ရန်ကုန်မြို့၏ အလယ်က ဆိတ်ငြိမ် တောအုပ်သဖွယ် ဖြစ်သည်။ ကန်တော်ကြီးထဲတွင် ကြီးကြီးငယ်ငယ် ရှယ်ရှယ်စားစား သစ်ပင်များ ရှိသည်။ တချို့ တောဖိုးသစ်ပင်ကြီးသည် ရန်ကုန်မြို့ တည်စက ပေါက်နေဟန် တူပြီး သစ်ပင်ကြီးများ၏ အသက်သည် ရာနှင့်ချီပြီး ရှိနေတော့မည်။ ယင်း သစ်ပင်ကြီးများထဲက အကြီးဆုံး သစ်ပင်များမှာ သင်္ကန်းပင်များ ဖြစ်သည်။ တချို့ သင်္ကန်းပင်ကြီး များ၏ ပင်စည် လုံးပတ်မှာ လူနှစ်ယောက် လက်လေးဘက်ဖြင့် ပတ်ထား၍ ရလောက်အောင်ပင် ကြီးမားသည်။ အမြင့်ကလည်း ပေတစ်ရာကျော်လောက် ရှိလိမ့်မည်။ တစ်ခါက ကန်တော်ကြီး တစ်ဝိုက်ရှိ သစ်ပင်တချို့ကို ချိုင်ကြသည်။ သစ်ပင်ချိုင်သူများသည် အိပ်မက်ရသောကြောင့် သင်္ကန်းပင်ကြီး တချို့ကို မချိုင်ရဲတော့ဘဲ ယခင်အတိုင်း ဆက်လက် ထားကြသည်ဟု သိရသည်။





ကန်တော်ကြီးနှင့် နယ်မြေ စပ်နေသောကြောင့် ကျွန်ုပ်တို့ ရပ်ကွက်လည်း သစ်ပင်၊ ဝါးပင်များဖြင့် တန်ဆာဆင်ထားသည်။ သစ်ပင်၊ ဝါးပင်များ စိမ်းစိမ်းစိုစို ရှိနေသောအခါ ကျေးငှက် တိရစ္ဆာန်များသည် သူတို့အိမ် သူတို့ယာ လာလုပ်ကြသည်။ ကျေးငှက် တိရစ္ဆာန်များသည် ကန်တော်ကြီးက သစ်ပင်၊ ဝါးပင်များနှင့် ကျွန်ုပ်တို့ ရပ်ကွက်က သစ်ပင်၊ ဝါးပင်များတွင် ကူးချည် သန်းချည် လုပ်နေကြသည်။ နံနက် အိပ်ယာထ ငါးနာရီလောက်တွင် ကျေးငှက်များ သီဆို ကျူးရင့်ကြသော ကျေးငှက် တေးသီချင်းများကို ကြားနေရသည်။ ချိုးကူသံများလည်း ရပ်ကွက် တစ်ခုလုံး ပျံ့လွင့်နေသည်။ ချိုးဖိုနှင့် ချိုးမသည် မောင်မယ် ထွေ့သံ၊ ငေါ့သံ၊ မြူသံ၊ ဆွယ်သံ၊ ခေါ်သံများကို သစ်ပင် စင်မြင့်ပေါ်က အတိုင်အဖောက် လွှင့်နေကြသည်။

ကျွန်ုပ်တို့ ခြံထဲတွင် အုန်းပင်နှင့် မာလကာပင်များ ရှိသည်။ အုန်းသီးနှင့် မာလကာသီးများသည် ရှဉ့်များအတွက် စားကောင်းသောက်ဖွယ်များ ဖြစ်နေကြသည်။ နံနက် စောစော အိပ်ရာထပြီး အိမ်ရှေ့ လှမ်းမျှော်ကြည့်လိုက်လျှင် နံနက် လေပြည်လေညှင်း သယ်ဆောင် လာသော ပန်းရနံ့ကို ရှူရှိုက်ရင်း “ရှဉ့် ဆပ်ကပ်” ကိုလည်း ကြည့်နေရသည်။ ခြံစည်းရိုးရှိ အုန်းပင် တစ်ပင်နှင့် တစ်ပင် အကွာအဝေးတွင် လျှပ်စစ် ဝိုင်ယာကြိုးနှင့် တယ်လီဖုန်းကြိုးများ သွယ်တန်းထားသည်။ ရှဉ့်ကလေးများသည် အုန်းပင် တစ်ပင်နှင့် တစ်ပင် ကူးသောအခါ လျှပ်စစ် ဝိုင်ယာကြိုးပေါ် လျှောက်ပြီး ကူးသွားကြသည်။ ယင်း မြင်ကွင်းကို ကြည့်ရသည့်အခါ ရှဉ့်ကလေးများ ကြိုးတန်းလျှောက်သွားသည်နှင့် တူသောကြောင့် “ရှဉ့်ဆပ်ကပ်” ကြည့်ရသလို ဖြစ်နေသည်။

မိမိတို့ အိမ်သို့ လာကြသော တချို့ ဧည့်သည်များသည် ရှဉ့်ကို မမြင်ဘူး၍ မိမိတို့ အိမ် ပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ်က ရှဉ့်များကို တွေ့ရသောအခါ အထူးအဆန်း ဖြစ်နေကြသည်။ ရန်ကုန်မြို့ထဲလို သစ်ပင်မရှိသော နေရာ၌ ရှဉ့်လည်း မရှိပေ။ အခြား ကျေးငှက် တော်တော် များများလည်း မရှိပေ။ အိမ်ဟောင်း၊ ကျောင်းဟောင်းများပေါ်၌ နေလေ့ရှိသော ခိုများသာ ရှိသည်။

ရှဉ့်ကို ကျွန်တော်တို့ရွာ ကျွန်တော်တို့ဒေသ၌ "ရှဉ့်" ဟု ခေါ်သလို တခြား ဒေသများ၌ ခေါ်သံ မကြားရပေ။ အိန္ဒိယပြည်၌ တွေ့ရသော ရှဉ့်များကမူ အရောင် ကြောင်ကြောင်ကျားကျား ကလေးများ ဖြစ်၍ ပိုပြီး ချစ်စရာ ကောင်းသည်။

မိမိတို့ အိမ်ရှေ့ မျက်နှာစာ၌ ခွေးနှင့် ကျေးငှက် တိရစ္ဆာန်များကို အစာ ကျွေးလေ့ကျွေးထ ရှိသည်။ အိမ်ရှေ့ မျက်နှာစာ၌ အစာ လာစားကြသော ကျေးငှက် တိရစ္ဆာန်များကို တွေ့ရသောအခါ ကျေးငှက် တိရစ္ဆာန် တစ်မျိုးစီ တစ်မျိုးစီ၏ သဘောသဘာဝကို တွေ့မြင် သိရှိရသည်။ အစာများများ စားသူသည် တခြား အတူ စားသူ၏ အစားအစာကို လုစားသည်။ တခြား စားသူကို စားခွင့် မပေးချင်။ တခြား စားသူကို ရန်ပြုသည်။ မိမိတို့ အိမ်တွင် ခွေးများလည်း ရှိသည်။ ခွေးများသည် အစာ အလွန်စားသည်။ အစာများများ စားသူများ ဖြစ်၍ ခွေးများကို အစာကျွေးသောအခါ တစ်ကောင်ဆီ သီးသန့် ကျွေးရသည်။ တစ်ကောင်ဆီ သီးသန့် ကျွေးစေကာမူ အစာစားရင်း တစ်ကောင်နှင့် တစ်ကောင် မာန်ဖီနေကြသည်။

ထမင်းလုံး သို့မဟုတ် ဆန်စေ့ အနည်းငယ်မျှကို စားရရုံနှင့် ဝသွားကြသော ကျီးကန်း၊ ဆက်ရက်၊ စာကလေး စသော ကျေးငှက်ကလေးများကမူ အစာစားနေရင်း တစ်ကောင်နှင့် တစ်ကောင် ရန်ပြုခြင်းမျိုး၊ လုစားခြင်းမျိုး မရှိပေ။ ကျီးကန်း တစ်မျိုးသာ သူ့ထက် အားနည်းသော ဆက်ရက်နှင့် စာကလေးများကို အနိုင်ကျင့်ချင်သည်။

ဆန်တစ်စေ့ ထမင်းလုံး တစ်လုံးလောက်နှင့် မျှတကြသော ဆက်ရက်နှင့် စာကလေးများ ကမူ ကိုယ့်ဟာကိုယ်သာ စားကြသည်။ အချင်းချင်းလည်း ရန်မပြုပေ။ အားနည်းသူများ ဖြစ်ကြ၍ ကြီးနိုင်ငယ်ညှင်း သဘောမျိုးလည်း မရှိပေ။ မိမိတို့ကို ရန်ပြုလျှင်လည်း ဝေးရာ ရှောင်ထွက် သွားကြသည်။

ချိုးများသည်လည်း လူကို ကြောက်သည်။ လူနှင့် ဝေးရာ၌သာ နေသည်။ ချိုးကူသံ ကြားလျှင် အနီးအနားက မကြားရပေ။ သစ်ပင်ထိပ်ဖျားလောက်ကသာ ကြားရသည်။

လူကို ကြောက်သော၊ လူအနီး ချဉ်းကပ်လေ့ မရှိသော ချိုးနှစ်ကောင်သည် တစ်နေ့ မိမိတို့ အိမ်ရှေ့ မျက်နှာစာတွင် ကျေးငှက် တိရစ္ဆာန် ဆိတ်သုဉ်းနေစဉ် မျက်စိလည် လမ်းမှားပြီး ရောက်လာကြသည်။ အိမ်ရှေ့ မျက်နှာစာရှိ ပန်းပွင့်ကလေးများ ကြားထဲတွင် အစာရှာပြီး စားသည်။ ချိုင့်ထဲတွင် တင်နေသော သစ်ပင်လောင်းထားသော ရေကျန်ကို သောက်သည်။ ထိုအခိုက် သားကောင် ခုတ်ဖို့ ချောင်းနေသော ကြောင်ပါးကြီး မြီးတံတို တစ်ကောင် တစ်နေရာမှ ထွက်လာပြီး ချိုးကလေး နှစ်ကောင်ကို ခုန်အုပ်လိုက်သည်။ ချိုးကလေး နှစ်ကောင်မှာ မောင်နှံစုံတွဲ ဖြစ်ပုံရသည်။ ချိုးကလေးများ နှစ်ကောင်ထဲက တစ်ကောင်မှာ ကြောင်ပါးကြီး မြီးတံတို၏ ပါးစပ်ထဲ ရောက်သွားသည်။ ကျန် ချိုးတစ်ကောင်ကမူ သူ့အဖော် ဘယ်သောင် ဘယ်ကမ်းဆိုက်သည်ကို မသိရတော့ဘဲ အာကာသ ကောင်းကင် ဝေးရာသို့ အဖော်မပါ တစ်ကိုယ်တည်း ပျံသွားရှာသည်။

လယ်ယာစီးပွား

၂ - ၃ - ၂၀၀၀။

## ရွှေသက်န်းနှင့် ဗုဒ္ဓ ဒိုင်ယာရီ

တစ်လောက ဒေါ်ကြည်ကြည်တင့် အမည်ရှိ အမျိုးသမီး တစ်ယောက် ကျွန်တော့်ထံ ရောက်လာသည်။ ဒေါ်ကြည်ကြည်တင့်သည် မန္တလေး ဗဟိုဘဏ်မှ ဦးစီးအရာရှိ တစ်ယောက် ဖြစ်သည်။ ဌာနဆိုင်ရာ အလုပ်ကိစ္စနှင့် ရန်ကုန်လာရင်း ကျွန်တော့်ထံ လာသော မန္တလေးမှ သူ့ အသိတစ်ယောက်နှင့် ဆုံသောကြောင့် ကျွန်တော့်ထံ လိုက်လာခြင်း ဖြစ်သည်။

"ကျွန်မ ဆရာနှင့် တွေ့ချင်နေတာ ကြာပြီ။ ကျွန်မ ကျောင်းသူဘဝထဲက ဆရာ့စာတွေ ဖတ်လာခဲ့တယ်။ ဆရာရေးတဲ့ စာအုပ်ထဲက 'ဗုဒ္ဓ ဒိုင်ယာရီ' ကို ကျွန်မ သိပ်ကြိုက်တာပဲ။ ထပ်ခါထပ်ခါ ဖတ်တယ်။ သဘောကျလွန်းလို့ စာအုပ်ဝယ်ပြီး တခြားလူတွေကို လက်ဆောင် ပေးခဲ့တာလည်း မနည်းတော့ဘူး။ အခု ရန်ကုန်လာရင်း ပုသိမ်ကြီးက ကိုဖူလုံနဲ့ တွေ့ပြီး သူက ဆရာ့ဆီ သွားမယ်ဆိုလို့ လိုက်လာခဲ့တာပါ"





ဒေါ်ကြည်ကြည်တင့်က ကျွန်တော့်ထံ လာရခြင်း အကြောင်းကို ရှင်းလင်း ပြောပြသည်။ များသောအားဖြင့် စာရေးဆရာများသည် မိမိရေးသော စာကို စာဖတ်သူက သဘောကျသည်ဟု ဆိုလျှင် ဝမ်းသာအားရ ဖြစ်ကြသည်။ နာမည်ရ စာရေးဆရာတစ်ယောက် ဆိုလျှင် စာဖတ်သူများထံမှ ပေးစာများ အနည်းနှင့် အများ လက်ခံရလေ့ ရှိကြသည်။ စာရေးဆရာများ လက်ခံရရှိသော ပေးစာများထဲက စာအများအပြားမှာ စာရေးဆရာ၏ စာကို နှစ်သက် သဘောကျ၍ ပေးကြသော စာများ ဖြစ်သည်။ သို့ရာတွင် ဝေဖန်စာမျိုးလည်း ရရှိတတ်သည်။

စာရေးဆရာများသည် မိမိ၏ စာအုပ် ချီးမွှမ်းခန်းဖွင့်သော စာမျိုး ရလျှင် ကျေနပ်အားရ သွားပြီး စာပေးသူထံသို့ပင် ပြန်စာ ပေးပို့လေ့ ရှိကြသည်။ ဝေဖန်စာမျိုး ရလျှင်ကား ပြန်စာပေးဖို့ ဝေးစွ၊ စာကိုပင် တော်ရာ ချောင်ထိုး ထားတတ်ကြသည်။

ယခု ဒေါ်ကြည်ကြည်တင့်မှာမူ အိမ်တိုင်ရာရောက် လူကိုယ်တိုင်လာပြီး မိမိ စာအုပ်ကို ကြိုက်လှပါသည်ဟု ပြောပြသည် ဖြစ်၍ စာရေးဆရာတစ်ဦး ဖြစ်သူ မိမိအနေနှင့် အဘယ်မှာလျှင် ကျေနပ်အားရခြင်း မဖြစ်ဘဲ နေပါမည်နည်း။

ဒေါ်ကြည်ကြည်တင့် ကြိုက်လှပါသည် ဆိုသော ဗုဒ္ဓ ဒိုင်ယာရီ စာအုပ်သည် ကျွန်တော်၏ စာအုပ်များထဲက ထူးခြားမှုရှိသော စာအုပ် တစ်အုပ် ဖြစ်သည်။

စာရေးဆရာများ ရေးသော စာအုပ်များသည် အကြမ်းဖျဉ်းအားဖြင့် သုံးမျိုး သုံးစား ရှိသည်။ တစ်မျိုးမှာ ရိုးရိုးစာအုပ် ဖြစ်ပြီး ထွက်လာသည့်အခါ ထူးထူးခြားခြား ဂယက်ရိုက်သွားသည့် စာအုပ်မျိုး မဟုတ်ပေ။ ကျန်စာအုပ် နှစ်မျိုးမှာ စာအုပ်ထွက်လာသည့် အခါ ဂယက်ရိုက်သွားပြီး စာဖတ်သူများ ထံမှ တုံ့ပြန်မှု ပေါ်လာသော စာအုပ်မျိုး ဖြစ်သည်။ ဂယက်ရိုက်ခြင်း၊ တုံ့ပြန်မှု ရှိခြင်း၌လည်း နှစ်မျိုး နှစ်စား ရှိသည်။ တစ်မျိုးမှာ စာဖတ်ပရိသတ်၏ ချီးကျူး ဩဘာသံကို ထောင့်အသီးသီးမှ

တစ်ညီတစ်ညွတ်တည်း လက်ခံ ရရှိခြင်း ဖြစ်သည်။ ဟိန္ဒီ ဘာသာစကားဖြင့် ယင်း စာအုပ်မျိုးကို “ကျရကျိတ” ဟု ခေါ်သည်။ “ကျရကျိတ” စာအုပ်မှာ လူအများ၏ နှုတ်ဖျား၌ ရေပန်းစားသွားသော စာအုပ်မျိုး ဖြစ်သည်။ စာဖတ်သူများ အလေးထား၍ စကားဆွေးနွေး ပြောကြားယူရသည့် စာအုပ်ဟု ဆိုလိုသည်။

နောက်တစ်မျိုးမှာမူ ဂယ်ထခြင်း၊ စာဖတ်သူများ၏ တုံ့ပြန်ခြင်းများ၌ ပထမ စာအုပ်ကဲ့သို့ ထောင့်အသီးသီးမှ ချီးကျူး ဩဘာသံ တစ်သံတည်း တစ်မျိုးတည်း ကြားရခြင်းမျိုး မဟုတ်ဘဲ ကွက်တိကွက်ကြား ကြားရခြင်းမျိုး ဖြစ်သည်။ ချီးကျူး ဩဘာသံ ထွက်လာသော ထောင့်မျိုးလည်း ရှိသည်။ ဝေဖန်သံ ထွက်လာသော ထောင့်မျိုးလည်း ရှိသည်။ ယင်း စာအုပ်မျိုးကို “ကွန်ထရိုဗာရှယ်” ဖြစ်ရသော စာအုပ်မျိုး ဟု ခေါ်လိုက ခေါ်နိုင်သည်။ အငြင်းပွားရသော စာအုပ်မျိုး ဖြစ်သည်။ လက်ခံသူ ရှိသလို လက်မခံသူလည်း ရှိသည့် စာအုပ်မျိုး ဖြစ်သည်။

ကျွန်တော်၏ “ဗုဒ္ဓ ဒိုင်ယာရီ” စာအုပ်သည် ယင်း စာအုပ် အမျိုးအစားထဲက ဖြစ်မလား မသိပေ။ အကြိမ် (၁၀) ကြိမ်လောက် ရိုက်နှိပ် ထုတ်ဝေရသည်ကို ထောက်ခြင်းအားဖြင့် စာဖတ်သူများ မည်မျှ စိတ်ဝင်စားသည် ဆိုသည်ကို သိရသော စာအုပ် ဖြစ်သည်။ သို့ရာတွင် အကြိမ်များစွာ ထုတ်ဝေတိုင်းလည်း လူကြိုက်များသည့် စာအုပ် မဖြစ်နိုင်ပေ။ “ကွန်ထရိုဗာရှယ်” ဖြစ်သည့် စာအုပ်မျိုး၊ အငြင်းပွားရသည့် စာအုပ်မျိုး ဖြစ်လျှင်လည်း အကြိမ်များစွာ ရိုက်နှိပ် ထုတ်ဝေရသည်။ ကျွန်တော်၏ “ဗုဒ္ဓ ဒိုင်ယာရီ” စာအုပ်သည် အကြိမ်ပေါင်း များစွာ ရိုက်နှိပ် ထုတ်ဝေရသော်လည်း “ကျရကျိတ” စာအုပ်မျိုး ဖြစ်သည့်အတွက် အကြိမ်များစွာ ထုတ်ဝေရခြင်း ဖြစ်သလော၊ သို့မဟုတ် “ကွန်ထရိုဗာရှယ်” စာအုပ်မျိုး ဖြစ်သည့်အတွက် အကြိမ်များစွာ ထုတ်ဝေရခြင်း ဖြစ်သလော၊ မိမိ ကိုယ်တိုင်ပင် ပြတ်ပြတ်သားသား သတ်မှတ် ဆုံးဖြတ်ခြင်း မပြုနိုင်သည့် အခြေအနေတွင် ရှိသည်။





ဒေါ်ကြည်ကြည်တင့်ကမူ “ဗုဒ္ဓ ဒိုင်ယာရီ” ကို အကြွင်းမဲ့ နှစ်သက် သဘောကျသော စာဖတ် ပရိသတ်တစ်ဦး ဖြစ်နေသည်။ သူက “ဗုဒ္ဓ ဒိုင်ယာရီ” အကြောင်း ဟိမဝန္တာ ချီးကျူးခန်း ဖွင့်သောအခါ “ဗုဒ္ဓ ဒိုင်ယာရီ” ဖန်တီးသူ မိမိအနေနှင့် အားရဝမ်းသာ မဖြစ်ဘဲ ဘယ်မှာ ရှိမည်နည်း။

စာရေးဆရာ တစ်ယောက်သည် မိမိစာအုပ် ချီးကျူးသံ ကြားရသည့်အတွက် ဝမ်းသာအားရ ဖြစ်သင့်သလော။ စာရေးဆရာ တစ်ယောက်သည် ချီးကျူးသံကိုလည်း ကြားရသည်။ ဝေဖန်သံကိုလည်း မကြားဘဲ နေမည် မဟုတ်ပေ။ ချီးကျူးသံ ကြားရသည့်အခါ မြောက်မသွား သင့်သလို ဝေဖန်ရှုတ်ချသံ ကြားရသည့် အခါ၌လည်း စိတ်ဓာတ် ကျမသွားသင့်ပေ။ ကိုယ့်လမ်း ကိုယ်သွားဖို့သာ အရေးကြီးသည်။ မိမိ ရေးလိုသော အကြောင်းအရာကို ရေးခြင်းသည် စာရေးဆရာ၏ အလုပ် ဖြစ်သည်။ စာရေးဆရာ ရေးသော စာအုပ် ကောင်းသည်၊ ဆိုးသည်ဟု ပြောခြင်းသည် ဝေဖန်ရေးသမား၏ အလုပ် ဖြစ်သည်။ ကိုယ့်အလုပ် ကိုယ်လုပ်ဖို့သာ လိုသည်။ ဝေဖန်သူက ကောင်းသည်ဟု ပြောသည့်အတွက် မိုးမမြင် လေမမြင် ဖြစ်သွားခြင်းနှင့် ဝေဖန်သူက ဆိုးသည်ဟု ပြောသည့်အတွက် စိတ်ဓာတ် ကျသွားခြင်းသည် မိမိကိုယ် မိမိ ယုံကြည်စိတ်ချမှု မရှိသည့်အတွက် ဖြစ်သည်။

များသောအားဖြင့် လူတို့သည် သို့မဟုတ် စာရေးဆရာတို့သည် မိမိ ယုံကြည်စိတ်ချမှု အပေါ်မှာ ရပ်တည်မနေကြဘဲ သူတစ်ပါး၏ ယုံကြည်စိတ်ချမှု အပေါ်မှာ ရပ်တည် နေလိုကြသည်။ မိမိ၏ အလုပ်ကို မိမိ မျက်စိဖြင့် မကြည့်ဘဲ သူတစ်ပါး မျက်စိဖြင့် ကြည့်ချင်နေကြသည်။ မိမိ အလုပ်ကို မိမိ ကိုယ်ပိုင် ယုံကြည်စိတ်ချမှုနှင့် အကဲမဖြတ်ဘဲ သူတစ်ပါး၏ ယုံကြည်စိတ်ချမှုနှင့် အကဲဖြတ်လိုသည်။ ယင်းကဲ့သို့ သူတစ်ပါး၏ ယုံကြည်စိတ်ချမှုကို ငှားရမ်းလိုကြသူများသည် မိမိအပေါ် ယုံကြည်စိတ်ချမှု မခိုင်မာသောကြောင့် ဖြစ်သည်။

ယင်းသို့ စဉ်းစား စိတ်ကူးနေစဉ် ဒေါ်ကြည်ကြည်တင့်က ကျွန်တော့်ကို ငွေ (၅၀၀) ကျပ် ကန်တော့သည်။ ကျွန်တော်က မယူပါရစေနှင့် ဟု အတင်း ငြင်းဆန်သည်။ သို့သော်လည်း သူ၏ အကြောင်းပြချက်ကို ကြားရသောအခါ သူ ကန်တော့သော ငွေ (၅၀၀) ကျပ်ကို လက်မခံဘဲ နေ၍ မဖြစ်တော့ပေ။

"ကျွန်မ ဆရာသုံးဖို့ ကန်တော့တာ မဟုတ်ပါဘူး။ ကျွန်မ ကန်တော့တဲ့ ငွေ (၅၀၀) နဲ့ ဘုရားမှာ ရွှေသင်္ကန်း ကပ်လှူပါ။ လူကြီးသူမတွေကို ကျွန်မ ဒီနည်းအတိုင်း ကန်တော့လေ့ ရှိပါတယ်။ ဘုရားမှာ ရွှေသင်္ကန်း ကပ်လှူရင် အသက်ရှည်ပါတယ် ဆရာ"

ကျွန်တော် မှတ်မှတ်ရရ ရွှေသင်္ကန်း နှစ်ခါသာ ကပ်ဖူးသည်။ တစ်ခါက မောင်ဆုရှင်တို့၊ ချစ်ဦးညိုတို့နှင့် စစ်တွေ ဟောပြောပွဲ အသွား ကျောက်တော်ရှိ မဟာမုနိ ဆင်းတုတော်ကို ရွှေသင်္ကန်း တစ်ကြိမ် ကပ်ဖူးသည်။ ထို့နောက် မန္တလေး မဟာမြတ်မုနိ ဘုရားတွင် တစ်ကြိမ် ရွှေသင်္ကန်း ကပ်သည်။ ယခု ဒေါ်ကြည်ကြည်တင့် ကန်တော့သွားသော ငွေငါးရာဖြင့် ရွှေတိဂုံ ဘုရားတွင် ရွှေသင်္ကန်း ကပ်လှူမည် ဆိုလျှင် တတိယအကြိမ် ရွှေသင်္ကန်း ကပ်လှူခြင်း ဖြစ်လာပေလိမ့်မည်။

လယ်ယာစီးပွား

၆ - ၇ - ၂၀၀၁။





## ယဉ်ကျေးမှုအမွေ ပုဂံမြေ

ဗုဒ္ဓဘာသာသည် လူအပေါင်းတို့၏ လောကီအကျိုး၊ လောကုတ္တရာ အကျိုးများကို ဖြစ်ပေါ် ပေါက်ဖွားစေသည်သာ မကဘဲ ကမ္ဘာလောက၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ စသော နယ်ပယ် အသီးသီး အတွက်လည်း ပြော၍ မပြနိုင်လောက်အောင်ပင် အကျိုးပြုခဲ့သည်။ အကျိုးပြုဆဲ ဖြစ်သည်။ အကျိုး ပြုနေလိမ့်ဦးမည်။

ဘုရားဟော နိကာယ်ငါးရပ် ပိဋကတ်များနှင့် အတူတကွ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ခေတ် အဆက်ဆက်က စပြီး ရေးသားထုတ်ဝေ ဖြန့်ဖြူးနေကြသော ဗုဒ္ဓ စာပေ၊ ဗုဒ္ဓ ကျမ်းစာများသည် ဗုဒ္ဓဘာသာက ကမ္ဘာ့ စာပေလောကအတွက် ပြုလုပ်ဆောင်ရွက်သော အကျိုးပြု လုပ်ငန်းကြီး ဖြစ်သည်။

အနုပညာနယ်၌ ဗုဒ္ဓဘာသာ၏ အကျိုးပြုချက်သည်လည်း ပြောမကုန်၊ ရေးမကုန် နိုင်လောက်အောင်ပင် ကြီးကျယ် များပြားလှသည်။ အနုပညာ သမိုင်း၌ အနုပညာ လက်ရာများ စတင် ပေါ်ပေါက်လာပြီးနောက် အနုပညာ လက်ရာများ၏ အဆင့် တစ်ဆင့်ပြီး တစ်ဆင့်

တိုးတက်လာသော အချိန်လောက်က စပြီး ကမ္ဘာ့ အနုပညာ လောက၌ ဗုဒ္ဓ အနုပညာ လက်ရာများ ပေါ်ပေါက်လာခဲ့သည်။

အိန္ဒိယနိုင်ငံ၌ အသောက ဘုရင်မင်းကြီး လက်ထက်လောက်က စ၍ စေတီပုထိုး တည်ခြင်းနှင့် ဗုဒ္ဓ အနုပညာ လက်ရာများကို ဖန်တီးခြင်းများ ပေါ်ပေါက်လာခဲ့သည်။ ၅ ရာစုနှစ် ဂန္ဓာရ အနုပညာ တစ်ခေတ်ဆန်းချိန်၌ကား ဂန္ဓာရ ဗုဒ္ဓ အနုပညာ လက်ရာများ အံ့ဩဖွယ် ကောင်းလောက်အောင်ပင် ထွန်းကား ပြန့်ပွားခဲ့သည်။ ထို့နောက် ယခု ဘုံဘေမြို့နှင့် မိုင် ၃၀ လောက် အကွာတွင် ရှိသော ကနေဟာရီ လိုဏ်ဂူ၌ ရှိသည့် ဗုဒ္ဓ အနုပညာ လက်ရာများသည် လည်းကောင်း၊ အဂျန္တာနှင့် ဧလိုရာ လိုဏ်ဂူများ၌ ရှိသော ဗုဒ္ဓ အနုပညာ လက်ရာများသည် လည်းကောင်း ကမ္ဘာ့ အနုပညာ စံနမူနာများ အဖြစ် တည်ရှိနေပေသည်။ ယိုးဒယားနိုင်ငံ အယုဒ္ဓယ၌ ရှိသော ဗုဒ္ဓ အနုပညာ စေတီပုထိုးများနှင့် နထုံပထုံ စေတီပုထိုး ဗုဒ္ဓ အနုပညာ လက်ရာများသည် လည်းကောင်း၊ ကမ္ဘောဒီးယားရှိ အန်ကောဝပ်သည် လည်းကောင်း၊ ဂျာဗားရှိ ဗိုရိုဗုဒိုသည် လည်းကောင်း၊ ကမ္ဘာ့ အနုပညာလောက၌ ကြီးမားသော အခန်းကဏ္ဍက ပါဝင်နေသော ဗုဒ္ဓ အနုပညာများ ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ဗုဒ္ဓ အနုပညာ ဖန်တီးမှုနှင့် ပတ်သက်၍ ကမ္ဘာ့ အနုပညာ လောကတွင် တစ်ခန်း တစ်ကဏ္ဍက ပါဝင်နေသည်။ မြန်မာနိုင်ငံ ဗုဒ္ဓ အနုပညာ၏ ဗဟိုဌာနမှာ ပုဂံ ဖြစ်သည်။

ပုဂံတွင် ယခုထက်တိုင် စေတီပုထိုးများ၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ ကျောက်ဆစ် လက်ရာ၊ ဗိသုကာ လက်ရာ အစရှိသော ဗုဒ္ဓ အနုပညာ လက်ရာများသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် အဖြစ် အနုပညာ တန်ဖိုးကို မြတ်နိုးသူများအား ဆွဲဆောင်လျက် ရှိနေသည်။

သို့ရာတွင် ပုဂံ၌ ရှိသော မြန်မာ့ယဉ်ကျေးမှု၊ အနုပညာ အမွေအနှစ်များကို မြတ်နိုးသူများ သည် ပုဂံကို မရောက်ဘဲနှင့် ကြည့်ရှုလေ့လာခြင်း ပြုလုပ်ဖို့ မလွယ်ကူပေ။

ပုဂံ ယဉ်ကျေးမှုနှင့် အနုပညာကို စိတ်ပါဝင်စားသူများအတွက် လည်းကောင်း၊ ပုဂံ ဘုရား ပုထိုးများကို ဖူးမျှော် ကန်တော့လိုသူများအတွက် လည်းကောင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ အမျိုးသား ပြတိုက်တွင် "ယဉ်ကျေးမှုအမွေ ပုဂံမြေ" ပြပွဲ ကျင်းပ ပြုလုပ်လျက် ရှိသည်။ ယင်း ပြပွဲ၌ ပုဂံမြေပေါ်တွင် ရှိနေသော ဘုရား ပုထိုးများနှင့် ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ကျောက်ဆစ် လက်ရာ အစရှိသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်၊ ပုဂံ ယဉ်ကျေးမှု အမွေအနှစ်များ၏ ပုံတူများကို စုံလင်စွာ ပြထားသည်။

ပုဂံ ခရီးသည်များသည်ပင် ယခုလောက် စုံလင်သော ပုဂံ၏ ဗုဒ္ဓ အနုပညာ လက်ရာများကို တစ်ထိုင်တည်း၊ တစ်ချိန်တည်း ကြည့်ရှု လေ့လာခွင့် ရလိမ့်မည် မဟုတ်ပေ။ ယင်း ပြပွဲ၌ ပြထားသော အထူးခြားဆုံး ဗုဒ္ဓ အနုပညာ လက်ရာများမှာ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်က မြန်မာ့ ပန်းချီပညာရှင် ရေးဆွဲခဲ့သော အဝတ် ပန်းချီကားကြီး ဖြစ်သည်။

ယခုခေတ် တရုတ်ပြည်နှင့် ဂျပန်ပြည်တို့၌ အဝတ်တွင် ပန်းချီများ ရေးဆွဲခြင်း၊ ပန်းချီပုံ ပေါ်လာအောင် အဝတ်ကို ရက်လုပ်ခြင်းများကို ပြောင်ပြောင်မြောက်မြောက် ပြုလုပ်နိုင်စွမ်း ရှိသည်ကို တွေ့မြင် သိရှိရသည်။ ယခု "ယဉ်ကျေးမှုအမွေ ပုဂံမြေ" ပြပွဲ၌ ပြထားသော အဝတ် ပန်းချီကားသည် လွန်ခဲ့သည့် နှစ်ပေါင်း ၉၀၀ ကျော်လောက်ကပင် မြန်မာ ပန်းချီပညာရှင်များ အဝတ်ကို ပန်းချီ ဖော်နိုင်လောက်အောင် ရက်လုပ်နိုင်ခြင်း၊ ဆေးရောင်စုံ သုံးပြီး ပန်းချီရေးဆွဲနိုင်ခြင်း သမိုင်းဖြစ်ရပ် အမှန်၏ ငြင်းမရသော အထောက်အထား ဖြစ်နေသည်။

ယင်း အဝတ်ပန်းချီကားသည် နှစ်ပေါင်း ၉၀၀ ကျော် ရှည်ကြာလာခဲ့ပြီ ဖြစ်၍ ဆွေးမြေ့နေသော်လည်း မူလ ဆေးရောင်အတိုင်း ကျန်ရှိနေသေးသည်ကို တွေ့ရသည်။ ယင်း အဝတ်ပန်းချီကားကို တွေ့မြင်သိရှိ လေ့လာကြည့်ရှုံမှုနှင့်ပင် "ယဉ်ကျေးမှုအမွေ ပုဂံမြေ" ပြပွဲ သွားရကျိုး နပ်ပြီဟု ဆိုရပေလိမ့်မည်။

လယ်ယာစီးပွား

၇ - ၉ - ၂၀၀၁။

## ကုမ□မေလာ

အိန္ဒိယနိုင်ငံ၊ ဥတ္တရပရဒေ့ရှ် ပြည်နယ်၌ အေလဟာဘတ် အမည်ရှိ မြို့တစ်မြို့ ရှိသည်။ အေလဟာဘတ်မြို့သည် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်း မြို့တစ်မြို့ ဖြစ်သည့်အပြင် ဟိန္ဒူလူမျိုးတို့ အထွတ်အမြတ် ထားသော ဘာသာရေး မြို့တစ်မြို့လည်း ဖြစ်သည်။ မြို့၏ ရှေးအမည်မှာ ပရာယာဂ (ပယောဂ) ဟု ခေါ်သည်။ ယခုလည်း စာထဲပေထဲတွင် ပရယာဂဟုပင် ရေးသားကြသည်။ အချို့မှာ ယခုထက်တိုင် ရှေးအမည်ကိုပင် အသုံးပြုနေကြတုန်းပင် ဖြစ်သည်။ အေလဟာဘတ် မြို့သည် အိန္ဒိယနိုင်ငံရှိ မြို့များထဲက စာအုပ်ထုတ်ဝေရေး အထွန်းကားဆုံး မြို့တစ်မြို့လည်း ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက ဦးသိန်းဖေ (သိန်းဖေမြင့်) အိန္ဒိယ ရောက်နေစဉ် ရေးသားသော **"What happened in Burma"** အမည်ရှိ စာအုပ် တစ်အုပ်ကိုပင် အေလဟာဘတ်မြို့ "ကီတာဗ်မဟလ်" စာအုပ်ထုတ်ဝေရေး ဌာနမှ ထုတ်ဝေ ဖြန့်ချိခဲ့ဖူးသည်။

ဂင်္ဂါမြစ်သည် ဟိမဝန္တာမှ မြစ်ဖျားခံလာပြီးလျှင် အရှေ့ဘက် မိုင်ပေါင်း ၁၅၆၀ စီးဆင်း သွားလျက် ဘင်္ဂလား ပင်လယ်အော်ထဲ စီးဝင်သွားသည်။ ယမုန်နာမြစ်၏ မြစ်ဖျားမှာလည်း ဟိမဝန္တာပင် ဖြစ်သည်။ ယင်း မြစ်နှစ်သွယ်သည် "ပရယာဂ" ခေါ် အေလဟာဘတ်၌

လာဆုံကြသည်။ ဂင်္ဂါနှင့် ယမုန်နာ ဆုံသည့် နေရာကို "ဆံဂမ်" ဟု ခေါ်သည်။ ဟိန္ဒူ လူမျိုးတို့သည် "ဆံဂမ်" ကို အထူး လေးစား မြတ်နိုးကြသည်။ ဟိန္ဒူ လူမျိုးတို့၏ အယူအဆအရ "ဆံဂမ်" ၌ ဂင်္ဂါနှင့် ယမုန်နာမျှသာ မက မျက်စိဖြင့် မမြင်မတွေ့ရသော ဆရဿွတီ (သူရဿတီ) မြစ်လည်း ပေါင်းဆုံ နေသည်။ ဆရဿွတီ မြစ်သည် ဟိန္ဒူ ဓမ္မကျမ်းဂန်များ၌ ရေးသား ဖော်ပြထားသော နတ်မြစ် ဖြစ်သည်။ ဂင်္ဂါ၊ ယမုန်နာ၊ ဆရဿွတီ မြစ်သုံးသွယ် ဆုံရာ ဖြစ်သောကြောင့် "တရိဝေဏီ" ဟုလည်း ခေါ်သည်။

အေလဟာဘတ်တွင် တစ်နှစ် တစ်ကြိမ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် "မာဃမေလာ" ခေါ် ဘာသာရေး ပွဲတော် ကျင်းပသည်။ ထိုနေ့ ထိုရက်များ၌ ဟိန္ဒူ လူမျိုးတို့သည် ထို မြင့်မြတ်သော မြစ်သုံးသွယ် ဆုံရာ၌ ရေချိုးလေ့ ရှိကြသည်။ ခြောက်နှစ် တစ်ကြိမ် "အဒ္ဓ ကုမ□မေလာ" ပွဲတော်ကို လည်းကောင်း၊ ဆယ့်နှစ်နှစ် တစ်ကြိမ် "ကုမ□မေလာ" ပွဲတော်ကို လည်းကောင်း ကျင်းပ ပြုလုပ်ကြသည်။ ထို ပွဲတော်ချိန်များ၌မူ အိန္ဒိယ တစ်ပြည်လုံးမှ ဟိန္ဒူ ဘာသာဝင်များသည် သန်းချီ ရောက်လာကြပြီး မြစ်ဆုံတွင် ရေချိုးကြသည်။ ထိုအခါများ၌ တစ်ဦးနှင့် တစ်ဦး ထိခိုက်ပြီး တစ်ယောက်နှင့် တစ်ယောက် နင်းမိပြီး သေဆုံးကုန်ကြသည့် လူဦးရေလည်း မနည်းပေ။

ပါဠိ ပိဋကတ်စာပေ ကျမ်းဂန်များ၌ မကြာခဏ တွေ့မြင် သိရှိရသော "ပယောဂတိတ္တ" (ပယာဂ မြစ်ဆိပ်) ဟူသည်မှာ ဂင်္ဂါနှင့် ယမုန်နာ မြစ်နှစ်သွယ် ဆုံသော အေလဟာဘတ် ဆိပ်ကမ်းပင် ဖြစ်သည်။ ယင်း ဆိပ်ကမ်း၌ပင် ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်လည်း ဖြတ်ကူးတော်မူခဲ့ဖူးသည်။ ဝေရဉ္ဇာ၌ ဒွါဒသမ ဝါကပ်တော် မူပြီးသောအခါ ရှင်တော်မြတ်ဘုရားသည် သောရေယျ၊ သင်္ကဿ၊ ကညကုဇ္ဇတို့ကို ဖြတ်သန်း ကြွတော်မူပြီးလျှင် ပယာဂသို့ ရောက်ရှိတော် မူလာသည်။ ပယာဂ ဆိပ်ကမ်းမှ တစ်ဖန် ဂင်္ဂါမြစ်ကို ဖြတ်ကူးပြီး ဗာရာဏသီ ကြွသွားတော် မူသည်။





မျက်မြင် ကိုယ်တွေ့အရ ထင်ရှားရှိသော ဂင်္ဂါမြစ်နှင့် ယမုန်နာမြစ် အပြင် ဟိန္ဒူ လူမျိုးတို့၏ ဘာသာရေး အယူအဆအရ မျက်စိဖြင့် မမြင်ရသော ဆရဿွတီ နတ်မြစ်၊ ပေါင်း မြစ်သုံးသွယ် ဆုံရာဖြစ်သော အေလဟာဘတ်မြို့ ဆိပ်ကမ်း၌ ၂၁-၂-၂၀၀၁ နေ့က ဆယ့်နှစ်နှစ် တစ်ကြိမ် ကျင်းပ ပြုလုပ်သော ယခုနှစ် "ကုမ□မေလာ" ပွဲတော်ကြီးကို ကျင်းပ ပြုလုပ်သည်။ ဆယ့်နှစ်နှစ် တစ်ကြိမ် ကျင်းပသော "ကုမ□မေလာ" ပွဲတော်သည် ၁၅၀ နှစ်မြောက် ကျင်းပသော ပွဲတော် ဖြစ်သည်ဟု ဆိုသည်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ကြေညာချက်အရ ယခုနှစ် ကျင်းပသော "ကုမ□မေလာ" ပွဲတော်၌ အိန္ဒိယ တစ်ပြည်လုံးမှ ဟိန္ဒူ ဘာသာဝင်ပေါင်း သန်း သုံးဆယ် လာရောက် ရေချိုးကြသည်ဟု သိရသည်။ ယခုနှစ် ပွဲတော်မတိုင်ခင် လွန်ခဲ့သော ဆယ့်နှစ်နှစ်က ကျင်းပပြုလုပ်သော "ကုမ□မေလာ" ပွဲတော်၌ ဟိန္ဒူ ဘာသာဝင်ပေါင်း ဆယ့်ငါးသန်း ရေချိုးခဲ့သည်။ ထိုစဉ်က လာရောက် ရေချိုးသော ဟိန္ဒူ ဘာသာဝင်တို့၏ ဦးရေထက် ယခုနှစ် ကျင်းပသော "ကုမ□မေလာ" ပွဲတော်တွင် လာရောက် ရေချိုးကြသော ဟိန္ဒူ ဘာသာဝင်များ၏ ဦးရေမှာ တစ်ဆ တိုးလာသည်။ ဟိန္ဒူ ဘာသာဝင်တို့သည် ဘာသာရေး အစွဲအလမ်း ကြီးမားသော လူမျိုးတစ်မျိုး ဖြစ်၍ နေ့ကြီးရက်ကြီး အခါကြီးများ၌ အထူးအားဖြင့် နေကြတ် လကြတ်သော နေ့များ၌ သူတို့ အထွတ်အမြတ် ထားသော ဂင်္ဂါမြစ်တွင် ရေချိုးလျှင် အပြစ်အနာအဆာ ဟူသမျှ ကင်းရှင်း ပပျောက်သွားသည်ဟု အလေးအနက် ယုံကြည်မှု ရှိကြသည်။ ယခင် ပွဲတော်များ၌ပင် တစ်ဦးနှင့် တစ်ဦး နင်းမိခြင်း ထိခိုက်ပြီး သေဆုံးကုန်ကြသူများ အများအပြား ရှိခဲ့ရာ ယခုနှစ် အဆမတန် များပြားသော လူများ ရေချိုးသည့်အခါ လဲကြ၊ ကွဲကြ၊ ဒဏ်ရာရကြ၊ သေကြသူများ၏ ဦးရေလည်း အဆမတန် ရှိလာလိမ့်မည်။

ယခုနှစ် ကျင်းပပြုလုပ်သော "ကုမ□မေလာ" ပွဲတော်ကို လာရောက်ပြီး ရေချိုးကြသော ဟိန္ဒူ ဘာသာဝင်တို့၏ ဦးရေသည် ကမ္ဘာပေါ်တွင် တစ်ချိန်တည်း တစ်နေရာတည်းတွင် လာရောက်

စုရုံးကြသော လူဦးရေအနက် အများဆုံး လူဦးရေ ဖြစ်ပေလိမ့်မည်။ ထိုနေ့က အေလဟာဘတ်နှင့် တစ်ရာသုံးဆယ့်ငါး ကီလို ဝေးသည့် ဗာရာဏသီသို့လည်း ဟိန္ဒူ ဘာသာဝင်များ အလုံးအရင်းနှင့် ချီတက် လာကြသည်။ ဗာရာဏသီ ဂင်္ဂါမြစ်ဆိပ်သည်လည်း ဟိန္ဒူ ဘာသာဝင်များ အမြတ်တနိုး ထားသော ရေချိုးဆိပ် ဖြစ်၍ ထိုနေ့က ဂင်္ဂါမြစ်ဆိပ်သို့ ယာဉ်အသွားအလာ ရပ်ဆိုင်းထားရသည်။ ဂင်္ဂါမြစ်ကမ်းပေါ်၌ပင် မြို့တည်ရှိသော်လည်း ထိုနေ့က ဂင်္ဂါဆိပ်ကမ်း ရောက်အောင် သုံးနာရီလောက် လျှောက်ကြရသည်ဟု သိရှိရသည်။

လယ်ယာစီးပွား

၂၃ - ၂ - ၂၀၀၁။

## ကလေးစာပေ

ကျွန်တော်တို့ ခြံထဲတွင် အိမ် နှစ်အိမ် ရှိသည်။ အိမ်နှစ်အိမ်လုံးမှ လူများသည် တစ်မိသားစု ကဲ့သို့ နေထိုင်ကြသည်။ ကျွန်တော့်အိမ် ဘေးကအိမ်တွင် နေထိုင်သော မိသားစုသည် ကျောင်းဆရာ မိသားစု ဖြစ်သည်။ ယခု အငြိမ်းစား ယူနေကြပြီ ဖြစ်သည့် အိမ်ရှင်နှင့် အိမ်ရှင်မ နှစ်ဦးလုံးပင် ကျောင်းဆရာ၊ ကျောင်းဆရာမများ ဖြစ်ကြသည်။ အိမ်ရှင် ကျောင်းဆရာနှင့် အိမ်ရှင်မ ကျောင်းဆရာမက မွေးဖွားလာသော သမီး ငါးယောက်လည်း ဆရာမများ ဖြစ်လာကြသည်။ အချို့က အထက်တန်း ကျောင်းဆရာမ ဖြစ်ပြီး အချို့က တက္ကသိုလ် ဆရာမများ ဖြစ်သည်။ ဆရာမ ငါးဦးအနက် အကြီး သုံးဦးမှာ အိမ်ထောင်ရှင်များ ဖြစ်လာကြပြီး သားသမီးများ မွေးဖွားလာကြသည်။ အကြီးဆုံး ဆရာမ (ယခု အငြိမ်းစား) တွင် သားသမီး လေးယောက် ရှိသည်။ သားသမီး လေးယောက်ထဲက တတိယ သမီးသည် ကျွန်တော်၏ မွေးစားသမီး ဖြစ်လာသည်။

ကလေးသည် မွေးစက ချူချာသည်။ မကြာခဏ မကျန်းမမာ ဖြစ်သည်။ နှစ်ကြိမ်တိုင်တိုင် ဆေးရုံ တက်ရသည်။ မိမိတို့၏ သားသမီး ကလေးငယ်များ မမာမကျန်းဖြစ်လျှင် ကျန်းမာရေးအတွက် တစ်စုံတစ်ယောက်အား စတိအနေဖြင့် ရောင်းသည့် ဓလေ့ မြန်မာလူမျိုး အချို့တွင် ရှိသည်။ ယင်း

ခလေ့အရ ချူချာလှသော ကလေးမကလေးကို ငွေငါးရာဖြင့် ဝယ်ယူလိုက်သည့် အတွက် ဆုမြတ်ကြည် ခေါ် ကလေးမလေးသည် ကျွန်တော်၏ ဝမ်းမနာ သမီး ဖြစ်လာသည်။

ဆုမြတ်ကြည်နှင့် ပတ်သက်ပြီး ရေးသော ဆောင်းပါး နှစ်ပုဒ် သုံးပုဒ်ကို စာစောင်များတွင် ပုံနှိပ် ဖော်ပြခဲ့ဖူးပြီ။ မူကြိုကျောင်း စတက်စဉ်က ကျောင်းမတက်ချင်သော ဆုမြတ်ကြည်ကို ကျောင်း အတင်းပို့ရသည်။ ကျောင်းရောက်သော အခါ၌လည်း ကျောင်းတွင် ငိုနေသည်။ မူကြိုကျောင်းကို ကလေးထိန်းကျောင်းဟုလည်း ခေါ်သည်။ အမှန်က မူကြိုကျောင်းဆရာမများ၏ အဓိကတာဝန်သည် ကျောင်းတွင် ကလေးပျော်အောင် ထားရသော ကလေးထိန်းအလုပ် ဖြစ်သည်။ ဆုမြတ်ကြည်ကို ထိန်းသော ဆရာမသည် အငိုတိတ်အောင် ကလေးကို အခန်း တစ်ခန်းထဲတွင် တစ်ယောက်တည်း ထားပြီး တံခါးပိတ်ထားသည်။

နောက်နေ့များတွင် ဆုမြတ်ကြည်ကို မူကြိုကျောင်း ဘယ်လို ပို့ပို့ မသွားတော့ပေ။ သူ၏ မူကြိုကျောင်းသက်လည်း တစ်ရက်မျှသာ ခံပြီး ယင်း တစ်ရက်မျှကြာသော အချိန်ကာလသည်လည်း ဆရာမ သွင်းထားသော အခန်းထဲတွင် တစ်ချိန်လုံး ငိုရင်းနှင့် အချိန်ကုန်ခဲ့ရသည်။ ဆုမြတ်ကြည် အကြောင်း ပထမဆောင်းပါး ဖြစ်လာသည်။ ဒုတိယဆောင်းပါးမှာ “အုန်းသီး အမြီး” ခေါင်းစဉ်ဖြင့် ရေးသော ဆောင်းပါး ဖြစ်သည်။ သူ၏ အဒေါ်ဖြစ်သူ တက္ကသိုလ် အင်္ဂလိပ်စာဌာန ဆရာမ ဒေါ်ချိုချိုထွန်းက အုန်းနို့ခေါက်ဆွဲ ချက်စားဖို့အတွက် အုန်းသီး ခွဲနေသည်။ အသက် သုံးနှစ်အရွယ် မျှသာ ရှိသေးသော ဆုမြတ်ကြည်သည် အနီးက ထိုင်ပြီး သူ့အဒေါ် အုန်းသီးခွဲနေသည်ကို ကြည့်ရင်း သူ့အဒေါ်အား မေးခွန်းတစ်ခု မေးလိုက်သည်။

“အန်တီချို... အဲဒါ ဘာလဲ”

“အဲဒါ ကြွက်မြီး”

သူ့အဒေါ်၏ အဖြေစကားကို ကြားရသောအခါ ဆုမြတ်ကြည် စောဒက တက်ပြန်သည်။

“ဒါ ကြွက်မြီးမှ မဟုတ်ဘဲ၊ အုန်းသီး အမြီးပါ”

သူ့အဒေါ်သည် ဆုမြတ်ကြည်၏ စောဒကကို ပြန်ဖြေရှင်း မနေအားတော့ဘဲ အုန်းသီးခွဲသည့် အလုပ်ကို ဆက်လုပ်သည်။ ယင်းအဖြစ်နှင့် ပတ်သက်၍ ရေးသော ဆောင်းပါးသည် ဆုမြတ်ကြည် အကြောင်း ဒုတိယဆောင်းပါး ဖြစ်လာသည်။

ဆုမြတ်ကြည်အကြောင်း တတိယဆောင်းပါးမှာ ဆုမြတ်ကြည် သူငယ်တန်း စတက်ချိန်က ရေးသော ဆောင်းပါး ဖြစ်သည်။ သူငယ်တန်းကျောင်း စတက်ချိန်၌လည်း ဆုမြတ်ကြည်သည် ကျောင်းမသွားချင်။ မိဘများ၏ ကြိမ်တံပြာကို ရှောင်တိမ်းပြီး ကျောင်းရောက်သောအခါ ဆရာမ၏ ကြိမ်တံပြာနှင့် လာတွေ့နေရသည်။ စိတ်မပါသောကြောင့် ဆရာမပြသော စာကို မလိုက်နိုင်၊ စာ မလိုက်နိုင်သောကြောင့် အရိုက်ခံရသည်။ အရိုက်ခံရသောကြောင့် ကျောင်းမသွားချင်။ ကျောင်းမသွားချင်သောကြောင့် စာမရ။ ယင်း “ဂျာဒေး သူ့အမေရိုက်” ပြဇာတ် ကရင်းနှင့် ဆုမြတ်ကြည်သည် မူလတန်းကျောင်းတွင် နေ့ရက် အတန်ကြာ ကုန်ဆုံး ကျော်လွန် သွားခဲ့သည်။ ယင်း အဖြစ်အပျက်သည် မိမိ၏ ကလောင်ဖျား ရောက်သောအခါ ဆုမြတ်ကြည်နှင့် ပတ်သက်သည့် တတိယဆောင်းပါး ဖြစ်လာသည်။

ယခု ဆုမြတ်ကြည်နှင့် ပတ်သက်ပြီး စတုတ္ထဆောင်းပါး ရေးဖို့ ဖြစ်လာပြန်ပြီ။ ဆုမြတ်ကြည်သည် ယခု တတိယတန်း ရောက်နေပြီ။ သူငယ်တန်း နောက်ပိုင်းနှင့် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းများ၌ တပည့်နှင့် ဆရာ အဆင်ချောလာခဲ့သဖြင့် ဆုမြတ်ကြည်သည် စာရေးတတ် ဖတ်တတ်နေပြီ။ တစ်ခါတစ်ရံ သူပြောချင်သည့် စကားကို စာနှင့်ရေးပြီး ပြောသည်အထိ ဖြစ်လာသည်။ ဆရာနှင့် မသင်ရဘဲ သူ၏ ပင်ကို ဝါသနာအရ အရုပ်များကိုပင် ဆွဲတတ်နေသည်။

ကလေးများ စိတ်ပါဝင်စားစွာဖြင့် စတင်ဖတ်သော စာအုပ်မှာ ကာတွန်းစာအုပ် ဖြစ်သည်။ တစ်လောက ဖတ်စရာ ကာတွန်းစာအုပ် မရှိ၍ ကျွန်တော့်အိမ် လာပြီး လစဉ်ထုတ် မဂ္ဂဇင်းများထဲက ကာတွန်းများကို ဖတ်သည်။ မဂ္ဂဇင်းများတွင် ပါသော ကာတွန်းများမှာ ကလေးများအတွက် ရည်ရွယ်ပြီး ဆွဲသော ကာတွန်း မဟုတ်ဘဲ လူကြီးဖတ်သော မဂ္ဂဇင်းတွင် ဆွဲထားသော ကာတွန်းများ ဖြစ်၍ ကလေးများ ဖတ်သည့်အခါ နားမလည်သော စကားလုံးများ ပါလာသည်။ ဆုမြတ်ကြည်သည် မဂ္ဂဇင်းများထဲက ကာတွန်းကို ဖတ်ရင်း သူမသိသော စကားလုံး အချို့၏ အနက် အဓိပ္ပာယ်ကို မိမိအား မေးသည်။ ကာတွန်း၏ အဓိပ္ပာယ်ကိုမူ တော်တော်များများ နားလည်နေသည်။

ဆုမြတ်ကြည်သည် စာလုံးဖြင့် ပုံဖော်ထားသော ကာတွန်းထက် စာလုံးမပါဘဲ "ရုပ်ပုံ" သက်သက်ဖြင့် ဖော်ပြထားသော ကာတွန်းကို ပိုပြီး စိတ်ဝင်စားသည်ကို တွေ့ရသည်။ စာလုံးဖြင့် ပုံဖော်မထားသော ကာတွန်းကို ဖတ်ရင်း ကာတွန်း၏ ဆိုလိုရင်း အဓိပ္ပာယ်ကိုပင် မိမိအား ပြောပြနေသည်။ စာလုံးမပါဘဲ အရုပ်သက်သက်ဖြင့် ပုံဖော်ထားသော ကာတွန်းများသည် ကလေးသူငယ်များအား စဉ်းစားဉာဏ် ဖွံ့ဖြိုးတိုးတက်အောင် များစွာ အထောက်အကူ ပြုပါကလားဟု တွေးမိသွားသည်။

ယနေ့ လစဉ်ထုတ် မဂ္ဂဇင်းများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ ပလူပျံအောင် ထွက်နေသည်။ ကလေးများအတွက် သက်သက်ထုတ်ဝေသော စာအုပ်များ သို့မဟုတ် ရုပ်ပြ ကာတွန်းများကမူ အရေအတွက် နည်းပါးသည်။ ယနေ့ စာအုပ်လောက၌ စာအုပ် ထုတ်ဝေသူများ အရေအတွက် အများအပြား ပေါ်လာကြသည်။ သို့ရာတွင် ကလေးများအတွက် စာစောင် သို့မဟုတ် စာအုပ် သို့မဟုတ် ရုပ်ပြ ကာတွန်းများ ထုတ်ဝေဖို့ စိတ်ဝင်စားသူများမှာမူ မရှိလောက်အောင်ပင် ရှားသည်။ ကလေးသူငယ်များသည် စာဖတ်တတ်စ အရွယ်၌ စာကို အာသာငမ်းငမ်း ဖတ်လိုကြသည်။ သို့သော်လည်း သူတို့အတွက် ဖတ်စရာ မရှိသလောက် ဖြစ်နေသည်။ ထို့ကြောင့် စီးပွားရေးကို အဓိက မထားဘဲ ကလေးသူငယ်များ၏ အသိဉာဏ်ဖွံ့ဖြိုးရေးနှင့် လူ့လောက၌ လူတစ်လုံး သူတစ်လုံး ဖြစ်လာစေရေးအတွက် ကလေးသူငယ်များနှင့် သင့်လျော်သော စာအုပ် သို့မဟုတ် စာစောင် သို့မဟုတ် ရုပ်ပြများကို ကလေးသူငယ်များ၏ အိတ်ထဲက မုန့်ဖိုးကို အချောင်နှိုက်ယူသည့် သဘောမျိုး မဟုတ်ဘဲ သင့်လျော်သော အဖိုးနှုန်းထားနှင့် ထုတ်ဝေကြဖို့ အချိန် ရောက်လာပြီ။

လယ်ယာစီးပွား

၁၅ - ၉ - ၂၀၀၀။

## ကလေးဥယျာဉ်

မူလတန်းကျောင်း မတက်မီ ကလေးသူငယ်များအတွက် ဖွင့်လှစ်ထားသော ကျောင်းကို မူကြိုကျောင်းဟု ခေါ်သည်။ ကလေးထိန်းကျောင်းဟုလည်း ခေါ်သည်။ အမှန်က မိဘများ မျက်ခြေမပြတ် ထိန်းရမည့် အရွယ် ကလေးသူငယ်များကို ထားသည့်ကျောင်း ဖြစ်သည်။ ဥယျာဉ်တွင်း၌ စိုက်ပျိုးစ သစ်ပင်ပန်းမန်များ ကဲ့သို့ပင် မူကြိုကျောင်း တက်နေကြသော ကလေးသူငယ်များသည်လည်း လူ့ဘဝ၌ အညွန့်တလူလူနှင့် လူကြီးသူမများ ဖြစ်လာဖို့အတွက် အစပျိုးသော ပျိုးပင်ကလေးများ ဖြစ်သည်။

ဥယျာဉ်မှူးသည် ဥယျာဉ်အတွင်း၌ ပျိုးထားသော ပျိုးပင်ကလေးများ သန်မာကြီးထွား လာအောင် မျက်ခြေမပြတ် အရိပ်တကြည့်ကြည့် လုပ်နေရသည်။ ပေါင်းသင် ပေးရသည်။ မြေဖို့ ပေးရသည်။ မြေသြဇာ ကျွေးရသည်။ ရေလောင်းရသည်။ ပိုးမဖျက်အောင် ကာကွယ်ရသည်။

ပျိုးပင်ကလေးများကို စိုက်ပျိုးရသည်မှာ သစ်ပင်ကြီးများကို ကိုင်တွယ်ရသည်ထက် လက်ဝင်သည်။ စိုက်ပျိုးရေး နည်းနာ သိဖို့ လိုသည်။ ထိုနည်းတူပင် ကလေးဥယျာဉ်ထဲက ပေါက်စကလေးများကို ကိုင်တွယ်ရသည်မှာလည်း မလွယ်ပေ။ ကောလိပ်ကျောင်း၊ တက္ကသိုလ် ကျောင်းက ဆရာများ၊ ကထိကများထက် လက်ဝင်သည်။ ကျွမ်းကျင်ဖို့ လိုသည်။ ကောလိပ်ကျောင်း၊ တက္ကသိုလ် ကျောင်းများ၌ ဆရာများ၊ ကထိကများသည် ကျောင်းသားများအား စာသင်ပေးလျှင် ကိစ္စပြတ်သလောက် ဖြစ်သွားသည်။ မူကြိုဆရာမများမှာ စာသင်ပေးရုံနှင့် ကိစ္စ မပြတ်ပေ။ သူတို့အတွက် စာသင်ပေးခြင်းမှာ အဓိက အလုပ်လည်း မဟုတ်ပေ။ ကလေးဥယျာဉ်ထဲတွင် ပျိုးပင်ကလေးများ ရှင်သန် ကြီးထွားအောင် လုပ်ပေးခြင်းကသာ "ယနေ့ ကလေး၊ နက်ဖြန် လူကြီး ဖြစ်လာမည့်" ကလေးများအား တိုင်းပြည်အတွက် အသုံးဝင်သော လူငယ် လူရွယ် လူကြီးများ ဖြစ်လာအောင် မြေတောင်မြှောက်ပေးခြင်း ကသာ မူကြိုဆရာမများ၏ အဓိကတာဝန် ဖြစ်သည်။ ထို့ကြောင့် မူကြို ဆရာမများသည် ကောလိပ်၊ တက္ကသိုလ်များက ကထိကများထက် အရေးကြီး သည်ဟု ဆိုရခြင်း ဖြစ်သည်။

ဥယျာဉ်မှူး ကျွမ်းကျင်မှု မရှိလျှင်၊ စိုက်ပျိုးရေး နားမလည်လျှင် ပျိုးပင်များ နွမ်းခြောက် သွားလိမ့်မည်။ မူကြိုဆရာမများ ကျွမ်းကျင်မှု မရှိလျှင်၊ "သင်တန်း" ပေးမထားလျှင် ကလေး အထာကို မသိလျှင်၊ ကလေး ဆိုက်ကိုလိုဂျီကို နားမလည်လျှင် ကလေးဥယျာဉ်တွင်းက ပျိုးပင်များ သို့မဟုတ် ကလေးများ ရှင်သန်ကြီးထွားရေး၌ လူတစ်လုံး သူတစ်လုံး ဖြစ်လာရေး၌ တုံ့ဆိုင်းသွား နိုင်သည်။

တစ်လောက "ကလေးဥယျာဉ်" တစ်ခုသို့ ရောက်သွားသည်။ ယင်း ကလေးဥယျာဉ်၌ ကလေးက ၃၀ လောက် ရှိပြီး ဆရာမများက ၁၀ ယောက်လောက် ရှိသည်။ ဆရာမ တစ်ယောက်၊ ကလေး သုံးယောက်နှုန်းနှင့် တွက်ကြည့်ပါ။ ကလေးများကို မိခင်တစ်ဦးထက် ကြည့်ရှု စောင့်ရှောက်နိုင်သည့် အခြေအနေ ရှိနေသည်။ ယင်း ကလေးဥယျာဉ်၌ အဆင့်မြင့် ကလေးဥယျာဉ်အတွက် လိုအပ်သော ပစ္စည်း တော်တော်များများ ရှိနေသည်ကို တွေ့ရ၏။ ကစားကွင်း ရှိသည်။ ကလေးများအတွက် စိတ်ဝင်စားဖွယ် ရုပ်စုံစာအုပ်များ၊ စာစောင်များ ထားသည်။ ကလေးများကို ပန်းချီဆွဲနည်း ပြပေးသော ပန်းချီဆရာမ ရှိသည်။ ကလေးများကို

စန္ဒရားတီးပြီး သီချင်းသင်ပေးသော ဆရာမ ရှိသည်။ ကလေးများကို အကြိုအပို့ လုပ်ပေးသည်။ ကလေးများနှင့် သင့်တော်မည့် အာဟာရကို တစ်နေ့တစ်မျိုး အပြောင်းအလဲ လုပ်ပြီး ကျွေးသည်။ ယင်း ကလေးဥယျာဉ်က ကလေးများသည် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် ရှိနေသည်ကိုသာ တွေ့ရသည်။ ထူးခြားသည်မှာ ယင်း ဥယျာဉ်ထဲက ကလေးများကို ကြည့်ရသည်မှာ ကြောက်ရမှန်း၊ လန့်ရမှန်း သိပုံ မရကြပေ။

ယင်း ကလေးဥယျာဉ်၌ မိဘဆရာ တွေ့ဆုံပွဲကိုလည်း ရံဖန်ရံခါ လုပ်သည်။ ဆွေးနွေးပွဲ၌ မိဘများက မိမိတို့၏ ကလေးများ ရင်ဆိုင်နေရသော အခက်အခဲများ၊ အဆင်မပြေမှုများ၊ ပြဿနာများ၊ လိုအပ်ချက်များ ရှိလျှင် တင်ပြရန် တံခါး ဖွင့်ထားသည်။ မိဘများကလည်း သူတို့ ရင်ဆိုင်နေရသော ပြဿနာကို တင်ပြကြသည်။ မိဘများ တင်ပြလာသော ပြဿနာများကို ကျောင်း အကြီးအကဲနှင့် ဆရာမများက ဖြေရှင်းပေးသည်။ ပြုပြင်ရမည့် အချက်အလက် ဖြစ်နေလျှင်လည်း ပြုပြင်ပေးမည်ဟု ကတိပေးသည်။ ယင်း မိဘဆရာ တွေ့ဆုံပွဲသို့ ရောက်ရှိသွားခြင်း ဖြစ်သည်။

ဆွေးနွေးပွဲ၌ တင်ပြသော ဆွေးနွေးကြသော အချက်အလက်များ၊ ပြဿနာများမှာ အလွန် စိတ်ဝင်စားစရာ ကောင်းသည်။ ယင်း အချက်အလက်များထဲက မိမိ၏ အာရုံကို အဆွဲဆောင်နိုင်ဆုံး ပြဿနာကတော့ “ဘယ်သန်” ပြဿနာ ဖြစ်သည်။ ကလေးအဖေ တစ်ဦးက “သူ့ကလေး ဘယ်သန် ဖြစ်၍ ဘယ်လက်နှင့်ပဲ စာရေးနေတယ်။ ဘယ်လို လုပ်ရမလဲ” ဟူ၍ သူ့ကလေးနှင့် ပတ်သက်သော ပြဿနာ တစ်ခု တင်ပြလာသည်။ ပြည်ပမှ ကလေးနှင့် ပတ်သက်ပြီး ဒေါက်တာဘွဲ့ ရလာသော ဆရာ (ကလေးဥယျာဉ်၏ အကြံပေး ဉာဏ်ပေး) က “ဘယ်သန် ပြဿနာဟာ မကြာခဏ ကြုံရတဲ့ ပြဿနာ ဖြစ်တယ်။ ဘယ်သန်ကလေးကို ခပ်လွယ်လွယ် ညာသန် ပြောင်းလို့ရရင် ပြောင်းနိုင်ပေမယ့် အတင်း ပြောင်းခိုင်းနေစရာ မလိုဘူး။ နယ်ပယ် အသီးသီးမှာ ထင်ပေါ် ကျော်ကြားနေတဲ့ ဘယ်သန် အများအပြား ရှိတယ်” ဟု ဖြေကြားသွားသည်။





မိမိ အာရုံကို “ဘယ်သန် ပြဿနာ” ဆွဲဆောင်နေသည်မှာ မိမိ ကိုယ်တွေ့ ဖြစ်နေသည့် အတွက် ဖြစ်သည်။ မိမိ အိမ်ဘေးတွင် မိမိ မြေးလို နေသည့် ကလေးတစ်ယောက် ရှိသည်။ သူ့နာမည် “ဖိုးသာထူး” ဟု ခေါ်သည်။ ဖိုးသာထူးသည် မူလတန်းကျောင်း မတက်ခင် အိမ်တွင် ကျူရှင်ဆရာမ ခေါ်ပြီး သင်သည်။ ဘယ်သန် ဖိုးသာထူးကို ကျူရှင်ဆရာမက ကြိုးစားပြီး ညာသန် ပြောင်းခိုင်းသည်။ မိဘများကလည်း မည်သို့မျှ မပြော။ ဘယ်သန် ဖိုးသာထူးသည် ဆရာမက ညာသန်ပြောင်း အရေးခိုင်း၍ ရေးရသော်လည်း ရေးရမှာ အခက်အခဲ ဖြစ်နေသည်။ အခက်အခဲ ဖြစ်နေသောအခါ စိတ်ပါဝင်စားမှု မရှိပေ။ စိတ်ပါဝင်စားမှု မရှိသောအခါ တိုးတက်မှု မရှိတော့ပေ။

မူလတန်းကျောင်း စတက်သောအခါလည်း ထိုနည်းအတိုင်းပင် ဖြစ်နေသည်။ ကျောင်းမှာ ညာဘက်လက်နှင့် စာရေးနေရ၍ သူ့ မသိစိတ်က သူ့ကို ဆန့်ကျင်ဘက် ပြုသည်။ ကျောင်း မတက်ချင်။ ကျောင်းတက်ချိန်ကျလျှင် ငိုနေ၍ ခြိမ်းခြောက် ဟိန်းဟောက်၍ ကျောင်း အသွားခိုင်းသည်။ ကျောင်းသွားသော်လည်း ကျောင်း၌ တိုးတက်မှု ရှိမလာပေ။ နောက်မှ ဆရာမကို တောင်းပန်ပြီး ညာလက်နှင့် အရေးမခိုင်းဘဲ သူသန်ရာ ဘယ်လက်နှင့်ပင် အရေးခိုင်းရသည်။ ထိုအချိန်မှ စ၍ ကျောင်းကိုလည်း ခြိမ်းခြောက်၍ မပို့ရတော့ပေ။ ကျောင်းတွင်လည်း တစ်နေ့ပြီး တစ်နေ့ တစ်လပြီး တစ်လ တိုးတက်မှု ရှိလာသည်။ ယခု ပထမတန်း ရောက်နေပြီ။

မိဘများနှင့် ဆရာမများသည် ကလေးများ၏ ဘယ်သန် ပြဿနာကို လိမ်လိမ်မာမာ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်ဖို့ လိုသည်။ သို့မဟုတ်လျှင် ကလေး၏ မသိစိတ်က ကလေးကို နောက်ပြန် ဆွဲနေပေလိမ့်မည်။

လယ်ယာစီးပွား

၁ - ၁၂ - ၂၀၀၀။

## ကလေးနှင့် ကစားစရာ (၁)

မိမိနှင့် သားလို သမီးလို ခင်မင်ရင်းနှီးသော ဦးဝင်းကြည်နှင့် ဒေါ်ကြည်ကြည်ထွန်းတို့တွင် သားသမီး လေးယောက် ရှိသည်။ တတိယသမီး ဆုမြတ်ကြည်၏ အကြောင်း ဆောင်းပါး ရေးခဲ့သည်မှာ သုံးလေးကြိမ် ရှိသွားပြီ။ သားအကြီး ကြည်လင်းထွန်းနှင့် ဒုတိယသမီး စန္ဒာမျိုးတို့၏ အကြောင်းကိုလည်း ဆောင်းပါး ရေးပြီးပြီ။ ကလေးတွေနှင့် အတူတူ နေရသောကြောင့် ကလေး သဘာဝကို တွေ့မြင် သိရှိရသောအခါ ကလေးများ၏ အကြောင်းအရာသည် မိမိ၏ ကလောင်ဖျား ရောက်လာကြသည်။ ယခုတစ်ဖန် ဖိုးသာထူး၏ အကြောင်း ရေးဖို့ ကြုံလာပြန်သည်။ ဖိုးသာထူးမှာ အငယ်ဆုံးသား ဖြစ်၍ နွဲ့ဆိုး ဆိုးသည်။ ဖခင်အချစ်သည် အငယ်ဆုံး သားအပေါ် စုပုံ ရောက်ရှိနေသည် ဖြစ်၍ ဖခင် အလိုလိုက်ခြင်းကို အခွင့်ကောင်းယူပြီးလျှင် ဖိုးသာထူးသည် အခြား သားသမီးများထက် ပိုပြီး အခွင့်အရေး ယူတတ်သည်။

ဖိုးသာထူးသည် ကစားစရာများကို အလွန်တရာ ခုံမင် တွယ်တာသည်။ ဈေးသို့ မိဘများနှင့် လိုက်သွားသော အခါများ၌ ဆိုင်များတွင် သူနှစ်သက်သည့် ကစားစရာတွေ့လျှင် မရမက အဝယ် ခိုင်းသည်။ ဖခင်ဖြစ်သူကလည်း သူ့သား အဝယ်ခိုင်းသော ကစားစရာကို ဘယ်လောက်ပင် အဖိုး





ပေးရ ပေးရ၊ ဝယ်မပေးဘဲ မနေပေ။ ဖိုးသာထူး၏ ဖခင် ဦးဝင်းကြည် သူ့သား ပူဆာတိုင်း ကစားစရာ ဝယ်ပေးရာ၌ နောက်ခံအကြောင်း ရှိနေသည်။ သူ ငယ်ငယ်တုန်းက သူ့မိဘနှင့် အတူ ဈေးလိုက်သွားသောအခါ ဈေးဆိုင် တစ်ဆိုင်တွင် ကလေးကစားစရာ ပစ္စည်းတစ်ခု တွေ့ရသောကြောင့် သူ့မိဘကို ဝယ်ပေးဖို့ ပူဆာသော်လည်း သူ့မိဘက ဝယ်မပေးခဲ့ပေ။ ယင်း နောက်ကြောင်းကို ပြန်ပြောင်း တွေးတောပြီးလျှင် ဦးဝင်းကြည်သည် နိုင်ငံခြားမှ ပြန်လာသည့် အခါတွင်လည်း တခြားပစ္စည်း ဝယ်မလာရလျှင် အရေးမကြီး။ သားငယ် ဖိုးသာထူး အတွက်မူ ကစားစရာ တစ်ခုမဟုတ် တစ်ခု ပါမလာဘဲ မနေ။ တစ်ခါတုန်းကလည်း အိန္ဒိယက အပြန် မိမိ ဘန်ကောက် ဝင်သွားသောအခါ ဘန်ကောက်၌ ရှိနေသော ဦးဝင်းကြည်သည် မိမိ အပြန်တွင် သူ့သားအတွက် ကစားစရာ ပစ္စည်းများ ဝယ်ပေးလိုက်သည်။

နိုင်ငံခြားမှ ဝယ်လာသော ကစားစရာများနှင့် ရန်ကုန်မြို့၌ ဝယ်သော ကစားစရာများသည် ဖိုးသာထူးထံတွင် တစ်ပုံကြီး ရှိနေသည်။ တချို့ ကစားစရာများသည် တန်ဖိုးကြီးကြီး ပေးဝယ်ရသော ကစားစရာများ ဖြစ်သည်။ ကလေးလက်ထဲတွင် ရှိနေသောအခါ တန်ဖိုးကြီးစေကာမူ ကစားစရာများ တာရှည်မခံဘဲ တစ်စစီ ဖြစ်သွားကြသည်က များသည်။ သို့သော်လည်း အပျက်အစီးများနှင့် အဟောင်းများ၏ နေရာတွင် ကစားစရာ အသစ်များ ထပ်မံ ရောက်ရှိလာသည်။

ဖိုးသာထူး ယခုနှစ် ကျောင်းပြန်ဖွင့်လျှင် ဒုတိယတန်း တက်တော့မည် ဖြစ်သော်လည်း ယခုအချိန်အထိ ကျောင်းတက်ရမှာ ခပ်ပျင်းပျင်း ရှိနေတုန်းပင် ဖြစ်သည်။ တစ်ချိန်လုံး ကစားစရာ များဆီ အာရုံရောက်နေပုံ ရသည်။

ဖိုးသာထူးထံတွင် ကစားစရာများ တောင်ပုံရာပုံ ရှိနေသည်ကို တွေ့မြင်ရသောအခါ မိမိ ငယ်စဉ်တောင်ကျေး ကလေးဘဝက အကြောင်း ပြန်ပြောင်း သတိရလာသည်။ မိမိ ကလေးဘဝက

မိဘဖြစ်သူများက မိမိအတွက် ကစားစရာ တစ်ခုခု ဝယ်ပေးသည်ကို လုံးဝ အမှတ်မရပေ။ မိဘများကလည်း စားနိုင် သောက်နိုင်ရုံ အခြေအနေမျှသာ ရှိ၍ သူတို့၏ ရင်သွေး ကလေးအတွက် ထူးထူးခြားခြား ကစားစရာ ဝယ်ပေးနိုင်စွမ်း မရှိကြပေ။ သားဖြစ်သူ မိမိကလည်း ကစားစရာ ဝယ်ပေးပါဟု မှတ်မှတ်ရရ တစ်ခါမှ မပူဆာဘူးပေ။ ငယ်စဉ်တောင်ကျေး ကလေးဘဝ အပျော်အပါး ကစားခြင်းမျိုးကိုမူ မပြုလုပ်ဘဲ မနေပေ။ မိမိတို့မှာ ကျေးတောသားများ ဖြစ်၍ ကျေးတော၏ အရိပ်အရောင် လွှမ်းနေသော ကစားစရာများနှင့်သာ ကစားလေ့ ရှိသည်။ ကစားစရာများမှာလည်း ကစားစရာ ရောင်းသော ဆိုင်ထဲက မှန်ဘီရိုထဲတွင် ရှိုးပြထားသော ကစားစရာများ မဟုတ်ပေ။ မိမိကိုယ်တိုင် မိမိလက်နှင့် ပြုလုပ်သော ကစားစရာများ ဖြစ်သည်။

မိုးဦးကျလာသောအခါ ဖားကလေးများ ခုန်ဆွခုန်ဆွနှင့် သွားလာနေကြသည်။ ဖားကလေးများကို ဖမ်းယူလိုသည့် ဆန္ဒ ပေါ်လာသည်။ ဖားကို ကလေးများက မည်သို့ ဖမ်းယူမည်နည်း။ ချောင်းထဲတွင် ငါးမျှားသူများကို တွေ့ရသည်။ ဖားကိုလည်း ငါးမျှားသလို မျှားကြည့်လျှင် ရလိမ့်မည်ဟု အကြံ ဖြစ်လာသည်။ အပ်ချည်ကြိုး ထိပ်တွင် ထမင်းလုံးကို ကပ်၍ အိပ်ရှေ့ ကပြင်က နေပြီး ဖားကလေးများ သွားနေသော မြေကြီးပေါ် အပ်ချည်ကြိုး ချလိုက်သည်။ ထမင်းလုံးကို ဖားကလေးများ ဟပ်လျှင် ဆွဲယူလိုက်မည်ဟု အားခဲထားသည်။ သို့သော်လည်း ကလေးစိတ်ကူး မျှသာ ဖြစ်သည်။ မည်သည့် ဖားကမှ အပ်ချည်ကြိုးထိပ်က ထမင်းလုံးကို မဟပ်ကြပေ။ စိတ်ကူးထားသည့်အတိုင်း ဖြစ်ပေါ်မလာသော်လည်း ကစားနည်း တစ်မျိုး ကစားရသည့်အတွက် ပျော်သွားသည်။

နောက် ကစားနည်း တစ်မျိုး ရှိသေးသည်။ မိမိ၏ မိဘများမှာ လယ်သမား မဟုတ်သော်လည်း အိမ်ရှေ့ ရွာစပ် ကျော်လွန်သွားလျှင် တစ်မျှော်တစ်ခေါ် လယ်ကွင်းကြီးကို တွေ့ရပြီး ရွာသူရွာသားများမှာလည်း အများစုက လယ်သမားများ ဖြစ်၍ လယ်သမား ဘဝနှင့် နီးစပ်သော ကစားနည်း တစ်မျိုး ဖြစ်သည်။ ယင်း ကစားနည်းကိုလည်း မိမိဘာသာ မိမိ ဖန်တီးသည်။ ဘဲဥပုံ ငါးသေတ္တာခွံကို ထိပ်က ဖောက်ပြီး ကြိုးတပ်ထားသည်။ အုန်းလက်နွား နှစ်ကောင် လုပ်ပြီး တံပိုးဆန်ဆန် တုတ်ချောင်းလေးနှင့် ငါးသေတ္တာ ဘယ်ညာတွင် နွားကြန်စုံ ချည်ထားသည်။ ငါးသေတ္တာခွံထဲတွင် မြေကြီးအပြည့် ထည့်ထားသည်။ စပါးတိုက်သော နွားလှည်းသဏ္ဍာန် ဖန်တီး ပြုလုပ်ထားခြင်း ဖြစ်သည်။ အုန်းလက်နွား တပ်ထားသည့် ငါးသေတ္တာ အခွံကို ရှေ့က ကြိုးနှင့် ဆွဲသွားသောအခါ မိမိကိုယ်တိုင် စပါးသယ်သော နွားလှည်းကို မောင်းသွားရသလို စိတ်လည်းဝင်စား ပျော်လည်း ပျော်သွားသည်။ ယင်း ကစားနည်းမျိုးများ အပြင် အသက်အရွယ် အတန်ငယ် ရလာသောအခါ ထွေပစ်ခြင်း၊ ကျီးသားရိုက်ခြင်း၊ ထုပ်စည်းတိုးခြင်း၊ ကျောက်ဒိုးပစ်ခြင်း၊ ကျောက်ဒိုး ပေါက်ခြင်း စသော အခြား ကျေးလက်ကစားနည်း အမျိုးမျိုးကိုလည်း ကစားကြသည်။

ဘုန်းကြီးကျောင်းနှင့် ရွာထိပ်အကြားက မြေကွက်လပ်တွင် ဘောလုံးလည်း ကန်ကြသည်။ ဘောလုံးကန်သည် ဆိုသော်လည်း မိမိတို့အတွက် ကစားစရာ ဘောလုံး မရှိပေ။ ဖိုးသာထူးထံတွင် ကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစား သားရေဘောလုံး၊ ပလတ်စတစ်ဘောလုံး အမျိုးမျိုး ရှိသည်။ မိမိတို့ ငယ်ရွယ်စဉ်ကမူ ဘောလုံးကန်ဖို့ သားရေဘောလုံး မဝယ်နိုင်ကြ။ အဝတ်စုတ်ကို ကျစ်နေအောင် ဘောလုံးသဏ္ဍာန် ထုပ်ပြီး ကြိုးနှင့် အထပ်ထပ် စည်းနှောင်ထားသည်။ အဝတ်စုတ်ကို ကြိုးနှင့် စည်းထားသော အဝတ်ထုပ်ကို ဘောလုံးလုပ်ပြီး ကန်ကြသည်။

ငယ်စဉ်တောင်ကျေး အရွယ်က ကစားစရာများကို မကစားနိုင်သော်လည်း ကျေးလက် သဘာဝအတိုင်း ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ကစားခဲ့ကြသည်။ ထို့နောက် နှစ်တွေ ခေတ်တွေ ကျော်လွန်လာခဲ့သည်။ မိမိ ဘဝသည်လည်း အားကစားနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်လာခဲ့သည်။ ထို့နောက် မတောက်တခေါက် စာတိုပေစ ရေးတတ်လာသော အခါ တစ်နေ့သော အခါ “ကလေးသူငယ်နှင့် လူငယ်များ ဖတ်သင့်ဖတ်ထိုက်သော စာအုပ်” ပြဿနာနှင့် ပတ်သက်ပြီး

ဆောင်းပါးတစ်ပုဒ် ရေးစဉ် မိမိ၏ အမှတ်သညာထဲတွင် ကလေးကစားစရာ အကြောင်း ပေါ်လာသည်။ မိမိ၏ ဆောင်းပါးတစ်ပုဒ်၌ ကလေးကစားစရာ ဆင်ရုပ်ကို ကလေးသူငယ် ဖတ်သော စာနှင့် ဥပမာ ပေးထားသည်။ ကလေးငယ် ကစားဖို့ ဆင်ရုပ် ပေးထားသည်။ ဆင်ရုပ်နှင့် ကစားနေသော ကလေးငယ်သည် ဆင်ရုပ်ကို ဆင်အမှတ်နှင့် ကစားခြင်း ဖြစ်လိမ့်မည်။ သို့ရာတွင် အသက် အတန်ငယ် ရလာပြီး ဆင်ရုပ်ကို အရုပ်မှန်း သိသွားသောအခါ ဆင်ရုပ်နှင့် မကစားရုံမျှ မက ဆင်ရုပ်ကို လှည့်၍ပင် မကြည့်တော့ပေ။

ကစားစရာအပေါ် ထားသော ကလေးသူငယ်၏ သဘောအတိုင်းပင် စာအုပ်ဖတ်သော ကလေးသူငယ်၏ သဘောလည်း တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်သွားလိမ့်မည်။ ဆင်ရုပ်ကို အရုပ်မှန်း သိပြီး ဆင်အစစ် မဟုတ်မှန်း နားလည်လာသောအခါ ဆင်ရုပ်ကို လှည့်ကြည့်တော့မည် မဟုတ်ပေ။ ကလေးသူငယ်များကို စာကြီးပေကြီး ဖွတ်အတင်း ဖတ်ခိုင်းဖို့ မလိုပေ။ အပျော်ဖတ် စာအုပ်များ ကာတွန်းများကို အပျော်ဖတ်စရာများဟု သဘောပေါက်လာသော အခါ အပျော်ဖတ် စာအုပ်များကို ထားခဲ့ပြီး တကယ့် အကျိုးရှိမည့် အဆင့်မြင့် စာအုပ်များဆီသို့ မလှမ်းဘဲ နေလိမ့်မည် မဟုတ်ပေ။ ဆင်ရုပ် အရေခွံ ကွာကျသွားပြီး ဆင်အစစ် အရေခွံ အသစ် လဲလာပေလိမ့်မည်။ ကလေးဖတ် အပျော်ဖတ် အရေခွံ အဟောင်း ကွာကျသွားပြီး လူကြီးဖတ် အရေခွံသစ် လဲလာပေလိမ့်မည်။

လယ်ယာစီးပွား

၁၈ - မေ - ၂၀၀၁။





## ကလေးနှင့် ကစားစရာ (၂)

မြန်မာ့အလင်း သတင်းစာ (၁၈- ၄- ၂၀၀၁) နေ့ထုတ်တွင် "သရေစာ အထုပ်များမှ ကလေး ကစားစရာများ ကျန်းမာရေးကို ခြိမ်းခြောက်" ဟူသော ခေါင်းစဉ်ဖြင့် ဆင်ဟွာ သတင်းတစ်ပုဒ်ကို ဖော်ပြထားသည်။

"ကလေး ကစားစရာလေးများ ထည့်ထားသည့် သရေစာ အထုပ်များမှာ ကလေးများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက် ရှိနေသည်ဟု တရုတ် စားသုံးသူများ အသင်းက သတိပေးထားကြောင်း" ဆင်ဟွာ သတင်းတစ်ပုဒ်တွင် ရေးသား ဖော်ပြထားသည်။

၎င်းတို့၏ ပစ္စည်းများကို ကလေးသူငယ်များအား ဆွဲဆောင်သည့် အနေဖြင့် သရေစာ အထုပ်များတွင် ထုတ်လုပ်သူများက ထည့်သွင်းထားကြကြောင်း ချိုင်းနားဒေးလီး သတင်းစာက တနင်္လာနေ့က ရေးသား ဖော်ပြထားသည်။

ကလေး ကစားစရာ အများစုမှာ သေနတ်များ၊ ကားများ၊ ဂျင်များနှင့် အခြား အလားတူ လိုချင့်စဖွယ် ပစ္စည်းများ ပါဝင်ပြီး ၎င်းတို့ကို သတ္တုနှင့် ပလတ်စတစ်များဖြင့် ပြုလုပ်ထားကြသည်။ ကာတွန်း စက္ကူချပ်ကလေးများ သို့မဟုတ် ရိုးရာပုံပြင်များမှ ရုပ်လုံးဖော်ထားသည်များ၊ စက္ကူချပ်များကို သရေစာ အထုပ်များတွင် ထည့်သွင်းထားသည်။

ကစားစရာများတွင် စွဲစွဲလမ်းလမ်း နှစ်ခြိုက်သည့် ကလေး သဘောသဘာဝကို အလွဲသုံးစား ပြုလျက် ကလေးအတွက် ရောင်းချသော သရေစာ အထုပ်များထဲတွင် ကလေး ကစားစရာများကို ထည့်သွင်းရောင်းချသော အလေ့အထနှင့် မြန်မာနိုင်ငံလည်း မကင်းပေ။

၁၆-၅-၂၀၀၁ နေ့၌ ထုတ်ဝေသော ယင်း ချိုင်းနားဒေးလီး သတင်းစာ၏ အဆိုကို ကိုးကားလျက် ဖော်ပြထားသော ဆင်ဟွာသတင်း အဆိုအရ ပြည်သူ့ တရုတ်ပြည်၌ပင် ယင်းကဲ့သို့ ကစားစရာ ကြိုက်တတ်သော ကလေးများကို နားလှည့်ပါးလှည့် လုပ်လျက် သရေစာထုပ်များထဲတွင် ကစားစရာများ ထည့်ပြီး ရောင်းချနေကြောင်း သိရှိရသည်။ စီးပွားရေး တစ်ခုတည်းကိုသာ ထည့်တွက်ကြသော ဈေးသည်များအား ယင်းကဲ့သို့သော ကလေးငယ်များ၏ အကြိုက်နှင့် တွဲပြီး သရေစာ ရောင်းချသည့် အတွက် တရုတ် စားသုံးသူများ အသင်းက သတိပေးထားသည်။ တရုတ် စားသုံးသူများ အသင်း၏ သတိပေးချက်တွင် ယင်းကဲ့သို့သော စီးပွားရေး သောင်းကျန်းသူများသည် "ကလေးငယ်များ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက် ရှိသည်" ဟု စွပ်စွဲ ပြောပြထားသည်။

ယင်း ကြေညာချက်ကို ထောက်လျက် ကလေးကစားစရာများနှင့် တွဲဖက်ပြီး ရောင်းချသော သရေစာများသည် ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်နိုင်သော ပြီးစလွယ် လုပ်သည့် သရေစာများ ဖြစ်လိမ့်မည်ဟုလည်း သိရှိရသည်။





မြန်မာနိုင်ငံတွင်လည်း အလားတူ ဖြစ်ရပ်များ မရှိဟု ပြော၍ မရပေ။ မြန်မာနိုင်ငံ၌လည်း ကစားစရာ ကြိုက်တတ်သော ကလေးသဘာဝကို အမြတ်ထုတ်လျက် စားစရာ အထုပ်များထဲတွင် ကစားစရာ ရုပ်ပုံကလေးများ ရိုက်နှိပ် ဖော်ပြထားသော စက္ကူကလေးများကို ထည့်သွင်းပြီး ရောင်းချတတ်သည်။

ယင်းကဲ့သို့ ကလေးကြိုက်တတ်သော ပစ္စည်းတစ်ခုနှင့် တွဲဖက်ပြီး ရောင်းချခြင်းသည် မိမိတို့ ထုတ်လုပ်သော သရေစာများ၏ အဆင့်အတန်းကို ဖော်ပြနေသကဲ့သို့ ဖြစ်နေသည်။ မိမိတို့ ထုတ်လုပ်သော သရေစာများ၏ အဆင့်နိမ့်ကျခြင်း သို့မဟုတ် ကျန်းမာရေးနှင့် မညီညွတ်ခြင်းကို ဖုံးအုပ်ထားရန် အတွက် ကစားစရာများ၏ အကူအညီကို ယူထားကြခြင်း ဖြစ်ပေလိမ့်မည်။

ကလေးများအတွက် ရောင်းချသော သရေစာကို ကလေးများ ကြိုက်တတ်သည့် ကစားစရာနှင့် တွဲဖက် ရောင်းချခြင်းသည် လူနာများအတွက် ဆေးအတု ရောင်းချသူများနှင့် ကွဲပြားမှု မရှိပေ။ အညှီအဟောက်နှင့် အဆိပ်အတောက်စာကို ထည့်သွင်း ဖော်ပြပြီး စာဖတ်သူများ၏ အိတ်ထဲက ပိုက်ဆံ နှိုက်ယူသူများနှင့်လည်း ခြားနားမှု မရှိပေ။ စီးပွားရေး တစ်ခုတည်းကိုသာ တွက်ပြီး ဘယ်သူ သေသေ၊ ငတေမာ ပြီးရော သဘောဖြင့် ကျန်းမာရေး ထိခိုက်စေမည့် အစားအသောက်များ၊ ပစ္စည်းအတုများကို ရောင်းချသူများနှင့်လည်း ခြားနားချက် မရှိ အတူတူသာ ဖြစ်ကြသည်။

ထို့ကြောင့် နိုင်ငံတော် အစိုးရအနေနှင့် ကျန်းမာရေးနှင့် မလျော်ညီသော ရေသန့်ဘူးများ၊ ဆေးအတုများနှင့် တခြား စားဖွယ်သောက်ဖွယ် ပစ္စည်းများကို အရေးယူ ဆောင်ရွက်သကဲ့သို့ ကလေးကြိုက်တတ်သော ကစားစရာများကို အရောင်ပြပြီး ကလေးများ၏ ကျန်းမာရေးကို

ခြိမ်းခြောက်လျက် ကလေးသူငယ်များ၏ အိတ်ထဲက ပိုက်ဆံကို မတရားသော နည်းလမ်းဖြင့် နှိုက်ဖို့ ကြိုးစားနေသူများ၏ လက်ကို ဖမ်းဆွဲထားသင့် ပေသည်။

လယ်ယာစီးပွား

၁၅ - ၆ - ၂၀၀၁။

## ကလေးနှင့် ပန်းချီ

ဆုမြတ်ကြည်သည် သုံးတန်း ကျောင်းသူကလေး ဖြစ်သည်။ ကျောင်းမနေခင်ကပင် ပန်းချီ ဝါသနာပါသည်။ သူ့ဟာသူ လူရုပ်ကလေးများကို ရေးဆွဲနေတတ်သည်။ သူဆွဲထားသော အရုပ်ကလေးများကို မိမိထံ လာပြသည်။ "ကောင်းတယ်" ဟု ပြောရုံမှ တစ်ပါး "ဘယ်လို ဆွဲရမယ်၊ ဘာလိုသေးတယ်" စသဖြင့် ပန်းချီဆွဲနည်းနှင့် ပတ်သက်ပြီး သူ့ကို နည်းပေးလမ်းပြ ညွှန်ကြား ပြောပြနိုင်သည့် အခြေအနေ မရှိပေ။ အခြား လူများကလည်း ပြောမပြကြပေ။ ဆုမြတ်ကြည် မူလတန်း ရောက်သွားသည်။ ကျောင်းတက်ရင်းနှင့် အားလပ်သည့် အချိန်များ၌ သူ့ဟာသူ အရုပ် ဆွဲနေတတ်သည်။ သူ၏ ပန်းချီပုံကလေးများကို တွေ့မြင်ရသောအခါ လက်ရာ တစ်စတစ်စ တက်လာသည်ကို တွေ့မြင်ရသည်။ သို့သော်လည်း မူလတန်းကျောင်း၌လည်း သူ့ကို ပုံဆွဲနည်း ပြောပြမည့် ဆရာ မရှိပေ။

တစ်နေ့ ဆုမြတ်ကြည် "မိုးသောက်ပန်း" စာစောင်ကလေးကို လက်က ကိုင်ပြီး မိမိထံ ရောက်လာသည်။ ဆုမြတ်ကြည်သည် တစ်စုံတစ်ခု ဝမ်းသာစရာ ရှိလျှင် ခုန်ပေါက် နေတတ်သည်။ ယခုလည်း မိမိအနီး ရောက်ရှိလာသောအခါ ခုန်ပေါက်နေသည်။

“ဘယ်လို ဖြစ်လာတာလဲ... ဆုမြတ်ကြည်”

မိမိ အမေးကို ဆုမြတ်ကြည်သည် နှုတ်ဖြင့် ပြန်မဖြေဘဲ “မိုးသောက်ပန်း” စာစောင်ကို ပြသည်။ ၂၆- ၁၂- ၂၀၀၀ နေ့တွင် ထုတ်ဝေသော “မိုးသောက်ပန်း” စာစောင် တစ်နေရာ၌ ဆုမြတ်ကြည်၏ ဓာတ်ပုံနှင့် သူ အရောင်ခြယ်ထားသော ပန်းချီပုံ ပါလာသည်ကို တွေ့ရသည်။ ကလေး ပန်းချီပြိုင်ပွဲ၌ ဆုမြတ်ကြည်၏ ပန်းချီပုံ တတိယ ရသည်။

ကလေးသူငယ် လောက၌ ဆုမြတ်ကြည်လို ပန်းချီ ဗီဇ ကိန်းအောင်းလာသော ကလေးသူငယ် များစွာ ရှိသည်။ ယင်း ကလေးငယ်များ၏ ပန်းချီ မျိုးစေ့ကို ရေလောင်းခြင်း၊ မြေတောင်မြှောက်ပေးခြင်း၊ ပေါင်းသင်ခြင်း စသော စိုက်ပျိုးရေးနည်း သို့မဟုတ် ပန်းချီ ဆွဲနည်းဖြင့် အားပေးအားမြှောက် ပြုမည်ဆိုလျှင် ယင်း မျိုးစေ့ ဗီဇများမှ အညွန့်အညှောက်များ ထွက်ပြီး ရှင်သန် ကြီးထွားလာသော ပန်းချီ ပင်စည် ပင်မကြီးများ ဖြစ်လာပေလိမ့်မည်။ သူတို့၏ ဘိုးဘေးဘီဘင်များ ဖြစ်ကြသည့် ဆရာဆောင်း၊ ဦးဘဉာဏ်၊ ဦးဘလုံ၊ ဦးငွေကိုင်၊ ဦးအုန်းလွင် စသော ပန်းချီကျော်များ၏ လက်ရာများသည် ပြည်ပ ပန်းချီအနုပညာ လောက၌ပင် မသေးငယ်သော နေရာကို ရရှိနေကြသည်။

တစ်လောက စင်ကာပူ တရုတ်နွယ်ဖွား ကျောင်းသူတစ်ယောက် ရောက်လာသည်။ ပြင်သစ်ပြည် ပါရီတက္ကသိုလ်၌ အာရှ ပန်းချီ အနုပညာ လက်ရာများနှင့် ပတ်သက်ပြီး ဘွဲ့လွန်ကျမ်းစာ ရေးသားနေသူ ဖြစ်သည်။ မြန်မာ ပန်းချီဆရာများထဲက သူ၏ ကျမ်းစာအတွက် အဓိကထားပြီး ရွေးချယ်ထားသော ပန်းချီဆရာမှာ ပန်းချီ အောင်စိုး ဖြစ်သည်။ ပန်းချီ အောင်စိုးအကြောင်း လေ့လာလိုသောကြောင့် မြန်မာနိုင်ငံ ရောက်ရှိလာခြင်း ဖြစ်သည်။ မိမိ၏ ပန်းချီ အောင်စိုးအကြောင်း ဆောင်းပါးနှင့် ဝတ္ထုတို့ကို အင်္ဂလိပ် ဘာသာပြန်မှ တစ်ဆင့် ထိုကျောင်းသူ ဖတ်ပြီးသား ဖြစ်နေပြီ။ ပန်းချီ အောင်စိုးအကြောင်း ထပ်မံ မေးမြန်း စုံစမ်းလိုသောကြောင့် မိမိထံ ရောက်လာခြင်း ဖြစ်သည်။

ထို ကျောင်းသူသည် တခြား စာရေးဆရာများနှင့် ပန်းချီဆရာများထံသို့လည်း သွားရောက်ပြီး ပန်းချီ အောင်စိုးအကြောင်း မေးမြန်းစုံစမ်းသည်။ ပန်းချီအောင်စိုး၏ ပန်းချီကားများကိုလည်း လေ့လာသည်။

နှစ်စဉ်နှစ်တိုင်း ပြည်ပသို့ မြန်မာ ပန်းချီကျော်များ၏ ကားများ အရေအတွက် များစွာ ထွက်နေခြင်းသည် ပြင်ပကမ္ဘာ၌ မြန်မာ ပန်းချီအနုပညာရှင်များ၏ အခန်းကဏ္ဍကို ဖော်ပြနေခြင်း ဖြစ်သည်။

ယင်းကဲ့သို့ ကမ္ဘာ့ ပန်းချီအနုပညာ လောက၌ပင် ဝင်တိုးလို့ ရသော မြန်မာ ပန်းချီကျော်များ မျက်နှာလွှဲသွားကြသောအခါ ယင်းတို့၏ နေရာတွင် အစားထိုး ဝင်ရောက်လာမည့် မျိုးဆက်သစ် ပန်းချီ အနုပညာရှင်များကို မြေတောင်မြှောက်ပေးဖို့ လိုအပ်သည်။ မျိုးဆက်သစ် ပန်းချီ အနုပညာရှင် များ၏ မျိုးရိုး ဗီဇသည် ယခုအခါ ပန်းချီ ဝါသနာပါသော ကလေးသူငယ်များ၏ သန္တာန်၌ ကိန်းအောင်းနေသည်။ ယင်း မျိုးစေ့ ဗီဇများ အညွန့်အညှောက် ပေါက်ပြီး ကြီးထွားသန်မာလာအောင် နည်းမျိုးစုံဖြင့် အားပေးအားမြှောက် ပြုလုပ်သင့်သည်။

အိန္ဒိယနိုင်ငံ “ရှန်ကာ” အမည်ရှိ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဂျာနယ် တစ်စောင် ရှိသည်။ “ရှန်ကာ” ဂျာနယ်မှ နှစ်စဉ်နှစ်တိုင်း တိုင်းပြည်အသီးသီးမှ ကျောင်းသား ကလေးသူငယ်များ ရေးဆွဲသော ပန်းချီပုံများကို ရွေးချယ်လျက် ဆု ချီးမြှင့်သည်။ နှစ်စဉ် နှစ်တိုင်းလိုပင် မြန်မာနိုင်ငံမှ ကလေးသူငယ်များလည်း ဆုချီးမြှင့် ခံရသည်။ ယခု ရှန်ကာဂျာနယ် ပန်းချီ ဆုပေးပွဲအကြောင်း မကြားရသည်မှာ အချိန် အတော်ကြာသွားပြီ။ ထိုအချိန်အတွင်း ကလေးသူငယ်များအတွက် နိုင်ငံရပ်ခြား အခြားနေရာများမှ ချီးမြှင့်သော ပန်းချီ အနုပညာ ဆုကိုလည်း မြန်မာနိုင်ငံမှ တချို့ ကလေးများ ရရှိကြသည်။ တစ်ခါတုန်းကလည်း လောကနတ်၌ ကလေးပန်းချီ ပြိုင်ပွဲတစ်ခု ကျင်းပ ပြုလုပ်ဖူးသည်။ ကိုတာတို့ပင် ထို ကလေး ပန်းချီပြိုင်ပွဲမှ ကလေး ပန်းချီကား တချို့ ဝယ်ထားသည်။

တစ်လောက အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ဂန္ဒီ အထိမ်းအမှတ် ပြခန်းနှင့် ဒေလီ တိရစ္ဆာန်ဥယျာဉ်၌ ကလေးပန်းချီ ပြပွဲတစ်ခု ကျင်းပ ပြုလုပ်သည်။ ယင်း ပြပွဲ၌ အိန္ဒိယ၊ ဂျပန်၊ တရုတ်၊ ရုရှား၊ ဩစတြေးလျ၊ အမေရိကန်၊ ကိုရီးယား၊ ယိုးဒယား၊ သီရိလင်္ကာ နိုင်ငံများမှ ကလေးသူငယ်များ ရေးဆွဲထားသော ပန်းချီပုံများကို ပြထားသည်။ ယင်း ပန်းချီပြပွဲ၌ ပြထားသော ပန်းချီပုံများမှာ ၂ နှစ်အရွယ်မှ ၁၆ နှစ် အရွယ်အထိ ကလေးများ ရေးဆွဲထားသော ပန်းချီပုံများ ဖြစ်ကြသည်။ ယင်း ကလေးသူငယ် ပန်းချီပြပွဲ၌ ပြထားသော ပန်းချီပုံများထဲတွင် မြန်မာနိုင်ငံမှ ကလေးသူငယ်များ ရေးဆွဲထားသော ပန်းချီပုံများ ပါသည်ကို မတွေ့ရပေ။

လယ်ယာစီးပွား

၃၀ - ၃ - ၂၀၀၁။





## ပန်းချီ အနုပညာကျောင်းနှင့် ပန်းချီ ပြပွဲ

မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် ပြည်သူ ပြည်သားများသည် စာပေနှင့် အနုပညာကို ယခင်ကထက် စူးစမ်းလေ့လာမှု၊ အာရုံစိုက်မှု ပိုများလာသည်။ ယခင်ကထက် အဆပေါင်းများစွာ စာအုပ်များ ရိုက်နှိပ် ထုတ်ဝေကြသည်။ ယခုတစ်လော တစ်နေ့ စာအုပ် ငါးအုပ်လောက် အပြတ်စနစ်ဖြင့် အသစ် လာဖြန့်နေကြ၍ စာအုပ်ဆိုင်များ၏ ညည်းညူသံကိုပင် ကြားနေရသည်။ ယခင်က မရှိခဲ့ဘူးသော စာအုပ်ဆိုင် ကြီးကြီးမားမားများလည်း အရေအတွက်များများ ဖွင့်လှစ် ရောင်းချနေကြသည်။

အနုပညာနှင့် ပတ်သက်၍လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ယခု သုံးလေးနှစ်အတောအတွင်း၌ မြန်မာ့ ပန်းချီအနုပညာကို ပြည်တွင်းပြည်ပ နှစ်ဌာနလုံးကပင် အာရုံစူးစိုက်လာကြသည်။ ပန်းချီပြပွဲများကို ဆက်တိုက် ကျင်းပနေခြင်းသည် ယင်းအချက်၏ သက်သေသာဓက ဖြစ်သည်။ ပန်းချီဆရာများသည် ပန်းချီပြခန်းများ၌ မိမိတို့၏ ပန်းချီကားများကို ခင်းကျင်းပြသနိုင်ရန်အတွက် အချိန် စောစီးစွာ ရက်ချိန်း ယူထားရသည်။ လောကနတ်၊ ဗိဿနိုး စသော ပန်းချီ ပြခန်းများတွင် ပန်းချီပြပွဲများ ဆက်တိုက်လိုလို ကျင်းပ ပြုလုပ်နေကြသည်။

မန္တလေးမြို့ ထန်းရိပ်ညို ပန်းချီပြခန်း၌လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ထန်းရိပ်ညို ပန်းချီပြခန်း၌ ပန်းချီပြပွဲအတွက် ရက်ချိန်း ယူထားကြသည်မှာ ၂၀၀၁ ခုနှစ် တစ်နှစ်လုံးအတွက် ရက်ပြည့်သွားပြီဟု သိရသည်။

ရန်ကုန်မြို့၌ ရှိရင်းစွဲ ပန်းချီပြခန်းများအပြင် ပန်းချီပြခန်း အသစ်တစ်ခု ပေါ်လာသည်။ ယင်း ပန်းချီပြခန်း အသစ်မှာ ပန်းချီအနုပညာ ကျောင်းဝင်းအတွင်းက ကုမုဒြာ ပန်းချီပြခန်းပင် ဖြစ်သည်။ ၁၅-၁၀-၂၀၀၀ နေ့က ကုမုဒြာ ပန်းချီပြခန်း၌ မုံရွာမြို့မှ ပန်းချီဆရာ အောင်မောင်း၏ တစ်ကိုယ်တော် ပန်းချီပြပွဲသို့ သွားရောက် ကြည့်ရှုကြသည်။

ပန်းချီ အနုပညာကျောင်း ရောက်သွားသောအခါ ယခု ပန်းချီ အနုပညာကျောင်း အဆောက်အအုံ၏ နောက်ကြောင်းကို ပြန်လည် သတိရလာသည်။ ယင်း အဆောက်အအုံကြီး၏ ဒုတိယကမ္ဘာစစ် မဖြစ်မီက သမိုင်းသည် မိမိတို့၏ အမှတ်သညာထဲတွင် မှုန်ဝါးဝါး ဖြစ်နေသော်လည်း ဂျပန်လက်ထက်မ ၂စ၍ အဆောက်အအုံ၏ သမိုင်းကားချပ်သည် တစ်ခန်းပြီး တစ်ခန်း ပြန်ပေါ် လာသည်။

ရန်ကုန်မြို့ကို ဂျပန်စစ်တပ်နှင့် ဘီအိုင်အေ ပူးပေါင်းပြီး သိမ်းပြီးစ အချိန်ကာလလောက်က ဖြစ်သည်။ အဆောက်အအုံကြီးတွင် အုပ်ချုပ်ရေး ဌာနချုပ်ရုံး ဖွင့်လှစ်ထားသည်။ ဂျပန်စစ်တပ် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသောအခါ ဂျပန်စစ်တပ်နှင့် အတူ ပါလာသော ရဲဘော် သုံးကျိပ်ထဲက ဗိုလ်ချုပ်အောင်ဆန်းက စစ်ခေါင်းဆောင်အဖြစ် လည်းကောင်း၊ သခင်ထွန်းအုပ်က အုပ်ချုပ်ရေး ခေါင်းဆောင်အဖြစ် လည်းကောင်း၊ တာဝန်အသီးသီး ယူထားကြသည်။ အုပ်ချုပ်ရေး ခေါင်းဆောင်အဖြစ် တာဝန်ယူထားသော သခင်ထွန်းအုပ်သည် ထိုအချိန်က အုပ်ချုပ်ရေး ဌာနချုပ် ဖွင့်လှစ်ထားသော ယင်း အဆောက်အအုံကြီးတွင် ရုံးထိုင်သည်။ ထိုအချိန်က သခင်ထွန်းအုပ်

ဘေးတွင် ပရိသတ်များ ပျားပန်းခတ်မျှ ဖြစ်နေကြသည်။ သခင်ထွန်းအုပ် အာဏာလက်မဲ့ ဖြစ်ပြီး ကီလီလမ်းတွင် အိမ်ငှားနေရပြီး အိမ်လခပင် မှန်မှန် မပေးနိုင်သော ဘဝ ရောက်လာသော အခါ ထို ပရိသတ်ထဲက တစ်ယောက်မှပင် သခင်ထွန်းအုပ် အနား ကပ်မလာကြတော့ပေ။ အဆောက် အအုံကြီး၏ သမိုင်းတစ်ခေတ်လည်း နိဂုံးချုပ်သွားသည်။

ထို့နောက် အဆောက်အအုံ၏ သမိုင်းတစ်ခေတ် ပေါ်လာသည်။ အဆောက်အအုံကြီးသည် ဂျပန်ခေတ်တွင် ဖွဲ့စည်းသော အာရှလူငယ်များ အစည်းအရုံး၏ ဗဟိုဌာနချုပ် ဖြစ်လာသည်။ အာရှလူငယ် အစည်းအရုံးသည် ဂျပန်တော်လှန်ရေး ကာလ ရောက်သောအခါ အမာခံ အဖွဲ့အစည်း တစ်ခု ဖြစ်လာသည်။ အာရှလူငယ် အစည်းအရုံးခေတ် နိဂုံးချုပ်သွားပြီးနောက် ဒုတိယကမ္ဘာစစ် အပြီး မြန်မာ့လွတ်လပ်ရေးအတွက် မီးကုန်ယမ်းကုန် ကြိုးပမ်းနေချိန်၌ ယင်း အဆောက်အအုံသည် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဝင်များ၏ တပ်ပေါင်းစု ဖဆပလ အဖွဲ့ချုပ်၏ တည်ရာဌာန ဖြစ်လာသည်။ အဆောက်အအုံကြီး၏ ထိုအချိန်က အခန်းကဏ္ဍသည် သမိုင်းတွင်ရစ်နေမည့် အခန်းကဏ္ဍ ဖြစ်သည်။

တစ်ခေတ် ပြောင်းသွားပြန်သည်။ သမိုင်းတစ်ခေတ် ပြောင်းသွားသောအခါ အဆောက် အအုံကြီးသည် ပန်းချီ အနုပညာကျောင်း ဖြစ်လာသည်။

ပန်းချီ အနုပညာကျောင်းဝင်း အတွင်းရှိ ကုမုဒြာ ပန်းချီပြခန်း၌ ခင်းကျင်း ပြသထားသော အောင်မောင်း၏ ပန်းချီကားများ ကြားထဲက ပန်းချီအနုပညာကျောင်း အဆောက်အအုံ၏ အတိတ်က ပုံရိပ်ကို တစ်ခေတ်ပြီး တစ်ခေတ် သရုပ်ဖော်ထားသော ပန်းချီကားချပ်များကလည်း တစ်ချပ်ပြီး တစ်ချပ် ဝင်ရောက် နေရာယူနေကြသည်။

မုံရွာသည် စာပေပညာရှင်၊ အနုပညာရှင်များ ကြွယ်ဝသော မြို့တစ်မြို့ ဖြစ်သည်။ ရှေးယခင်ခေတ်မှ စပြီး ယခု မျက်မှောက်ခေတ် အထိ မုံရွာမှ စာပေပညာရှင်များ အများအပြား ပေါ်ထွက်ခဲ့သည်။ မုံရွာ၏ သားရတနာများ ဖြစ်ကြသော အနုပညာရှင်များထဲက ယခု မျက်မှောက်ခေတ်၌ ရေးအား၊ ဖန်တီးအား ကောင်းနေသော အနုပညာရှင် နှစ်ဦးမှာ ဦးလူတင်နှင့် အောင်မောင်းတို့ ဖြစ်ကြသည်။

ယခုပြပွဲ၌ ခင်းကျင်း ပြသထားသော အောင်မောင်း၏ ပန်းချီကားများမှာ ရေဆေးပန်းချီကားများ ဖြစ်သည်။ ပန်းချီကား အားလုံးလိုလိုပင် အညာ၏ ဘဝ၊ အထူးအားဖြင့် မုံရွာ၏ ဘဝကို သရုပ်ဖော်ထားသော ပန်းချီကားများ ဖြစ်ကြသည်။ အောင်မောင်း၏ ပန်းချီကားများ၌ အညာ၏ ဘဝ၊ အထူးအားဖြင့် မုံရွာ၏ ဘဝသည် ထူးထူးခြားခြား ရုပ်လုံးပေါ်နေသည်။ အညာနွေဥတုကို သရုပ်ဖော်ထားသော ပန်းချီကားကို ကြည့်နေချိန်၌ မိမိကိုယ်တိုင် အညာရောက်နေပြီး အညာ၏ နွေဥတုကို ခံစားနေရသကဲ့သို့ပင် ထင်နေရသည်။ ပန်းချီဆွဲပုံ ဆွဲနည်းမှာလည်း ပုံကို ဓာတ်ပုံ ရိုက်ထားသလို ဖော်သော ဆွဲနည်းမျိုး မဟုတ်ဘဲ တိုးတက် ပြောင်းလဲလာပြီ ဖြစ်သည့် ဆွဲနည်းမျိုးဖြင့် ဆေးတို့ရုံသာ တို့ပြီး စုတ်တံ ကစားထားသော ဆွဲနည်းမျိုး ဖြစ်သည်။

လယ်ယာစီးပွား

၁၇ - ၁၁ - ၂၀၀၀။

## ဗုဒ္ဓခေတ် လယ်ယာစီးပွား

ယခုခေတ်ကဲ့သို့ပင် ဗုဒ္ဓခေတ် အခါကလည်း အိန္ဒိယနိုင်ငံ ပြည်သူတို့၏ အဓိက လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး ဖြစ်သည်။ ဗုဒ္ဓခေတ် အိန္ဒိယနိုင်ငံ၌ အမျိုးမျိုးသော ပြည်နယ် သို့မဟုတ် တိုင်းများ ကွဲပြားခြားနားလျက် ရှိသည်။ ယင်း ပြည်နယ် သို့မဟုတ် တိုင်းများအနက် “ဂဏ” အမည်ရှိ ပြည်သူ့ဆန္ဒနှင့် အုပ်ချုပ်သော နိုင်ငံများလည်း ရှိသည်။ ပဒေသရာဇ် စနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံများလည်း ရှိသည်။ ဝဇ္ဇီ စသော နိုင်ငံများမှာ ဂဏ နိုင်ငံများ ဖြစ်ပြီး မဂဓ စသော နိုင်ငံများမှာ ပဒေသရာဇ် စနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံများ ဖြစ်ကြသည်။

မိမိတို့ နိုင်ငံ၌ ရှိကြသော တောင်သူလယ်သမားများအား အားပေးခြင်းသည် မိမိတို့၏ တာဝန် ဝတ္တရားများ ဖြစ်သည်ဟု နိုင်ငံ အုပ်ချုပ်သူများက ထင်မှတ် ယူဆထားကြသည်။ ထိုခေတ်က “ကသိကမ္မ” ခေါ် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသည် လူမျိုးကြီး လေးမျိုး ရှိသည့်အနက် လူမျိုးတစ်မျိုးနှင့်သာ ပတ်သက်သော လုပ်ငန်း ဖြစ်သည်ဟု သတ်မှတ်ထားခြင်း မရှိပေ။ လူမျိုးကြီးလေးမျိုးထဲတွင် ဗြာဟ္မဏမျိုးသည် အမြင့်မြတ်ဆုံး ဖြစ်သည်ဟု ထင်မှတ် ယူဆထားကြသည်။ သို့သော်လည်း ဗြာဟ္မဏ လူမျိုးတို့လည်း လယ်ယာစိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်ကြသည်။

ဒီဇ နိကာယ် ကူဋဒန္တသုတ်၌ မဂဓနိုင်ငံ ဧကနာလာ ဗြာဟ္မဏရွာမှ လယ်သမား ဘာရဒွါဇ ဗြာဟ္မဏ ထွန်တုံးငါးရာဖြင့် လယ်ထွန်သည် ဆိုသည့် အကြောင်း ဖော်ပြထားသည်။ မဇ္ဈိမ နိကာယ် ဂေါပါလမောဂ္ဂလာန သုတ် အရလည်း မဂဓနိုင်ငံမှ ဂေါပါလမောဂ္ဂလာန ဗြာဟ္မဏသည် တောင်သူလယ်သမား ဖြစ်ကြောင်း သိရှိရသည်။ နောက်ပိုင်း၌ မဟာကဿပ ဖြစ်လာသော ပိပ္ပလိမာဏဝက တို့လည်း လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။

ဗုဒ္ဓ ခေတ်အခါက လယ်မြေကို လယ်ကွင်း လယ်ကွက်ငယ်ကလေးများ အဖြစ် ပိုင်းခြား သတ်မှတ်ထားပြီးလျှင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ယင်း လယ်ကွက်ငယ်ကလေးများ တွင် တစ်အိမ်စီ၊ အိမ်ထောင် မိသားစု တစ်ခုစီသည် လယ်လုပ်ကြပြီးလျှင် ကောက်ပဲသီးနှံများကို ရိတ်သိမ်းလျက် မိမိတို့ အိမ်သို့ သယ်ဆောင်သွားကြသည်။ သို့ရာတွင် တစ်ရွာလုံး ပိုင်သော မြေယာများကို အားလုံး စုပေါင်းစိုက်ပျိုး လုပ်ကိုင်ခြင်းမျိုးလည်း ရှိသည်။ ယင်း မြေယာများကို “ဂါမခေတ္တ” ဟု ခေါ်သည်။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ အိမ်ထောင်မိသားစု တစ်ခုခုကို ဖြစ်စေ၊ မိမိတို့ လုပ်သည့် မြေယာ အစိတ်အပိုင်းများအား ရောင်းချနိုင်ခွင့် သတ်မှတ်ထားသည်။ တစ်ရွာလုံး စုပေါင်း ပိုင်ဆိုင်သော လယ်မြေ သို့မဟုတ် ဂါမခေတ္တ သို့မဟုတ် အိမ်ထောင် မိသားစု အသီးသီးတို့အတွက် သတ်မှတ်ပေးထားသော လယ်ကွက် အစိတ်အပိုင်းများ ရှိသည်။ ယင်း အစိတ်အပိုင်းများကို စည်းရိုးများဖြင့် လည်းကောင်း၊ ရေမြောင်းများဖြင့် လည်းကောင်း တစ်ကွက်နှင့် တစ်ကွက် သတ်မှတ် ပိုင်းခြားထားသည်။ အချို့နေရာများ၌ တိုင်များကိုလည်း စိုက်ထူထားကြသည်။

ဗုဒ္ဓသည် မဂဓနိုင်ငံ၏ ယင်း လယ်ကွင်းလယ်ကွက် ရှုခင်းကို နှစ်ခြိုက်တော်မူသည်။ ယင်း ရှုခင်းကို ကြည့်ရှုတော်မူ၍ အခန်း သို့မဟုတ် အကွက်နှင့် သင်္ကန်း ချုပ်လုပ်ရန် အကြံရတော်မူခြင်း ဖြစ်သည်။ “ချစ်သား အာနန္ဒာ... မဂဓတိုင်း နိုင်ငံ၏ စည်းရိုးခြားထားသော၊ နယ်နိမိတ် သတ်မှတ်ထားသော လေးဘက်လေးတန် ဘောင်ခတ်ထားသော လယ်ကွင်း လယ်ကွက်များကို ကြည့်လော့...။ ရဟန်းများ အတွက်လည်း ယင်းကဲ့သို့သော သင်္ကန်းကို ချုပ်လုပ်နိုင်မည် မဟုတ်လော” ဟူ၍ ဝိနည်း ပိဋကတ်၌ မြတ်စွာဘုရား ဟောကြားတော်မူသည်။

အဝတ် အပိုင်းအစများကို စပ်၍ ချုပ်ထားသော ရဟန်း သံဃာများ ဝတ်ရုံသည့် သင်္ကန်းသည် ပုံစံ အနေအထားအရ စည်းရိုးခြားထားသော (ကစ္စိဗဒ္ဓ)၊ စည်းခြားထားသော (ပါလိဗဒ္ဓ)၊ ဘောင်ခြားထားသော (မရိယာဗဒ္ဓ)၊ လေးဘက်လေးတန် စည်းခြားထားသော (သိင်္ဃာဋကဗဒ္ဓ) လယ်ကွင်း လယ်ကွက်ကလေးများနှင့် အလားသဏ္ဍာန် တူသည်။ ယခုခေတ် ကာလ ပိတ်အသစ်ကို ရဟန်း သံဃာတော်များ အတွက် ချုပ်လုပ်သော သင်္ကန်းများ၌ ဝိနည်း ပညတ်ချက် အရ အကန့်များ ခွဲခြားထားရသည်။ ယင်းမှာ မဂဓတိုင်းနိုင်ငံမှ လယ်ကွင်း လယ်ကွက်တို့၏ နမူနာကို ယူထားသည့် ပုံစံ ဖြစ်သည်။

သေးငယ်သော ကျဉ်းမြောင်းသော ပမာဏရှိသည့် လယ်ကွက်ပေါင်း များစွာ ဘောင်ခတ် ထားသော မဂဓလယ်ကွင်း “မဂဓခေတ္တ” တစ်ကွင်းစီ၏ အကျယ် ပမာဏမှာ တစ်ဂါဝုတ် (နှစ်မိုင်ခန့်) ရှိသည်ဟု “ပါဠိ ဝေါဟာရ အဘိဓာန်” ၌ ဒေါက်တာ မာလာလဆေကရ က ဆိုထားသည်။ သုဝဏ္ဏ ကက္ကဋ ဇာတ်နှင့် သာလိကေဒါရ ဇာတ်တို့၌ “ကရီသ” တစ်ထောင် (ဧက ရှစ်ထောင်ခန့်) အကျယ် ရှိသော လယ်မြေအကြောင်း စကားစပ်ထားသည်။ ယင်း လယ်မြေမှာ ရာဇဂြိုဟ်၏ အရှေ့ သို့မဟုတ် အရှေ့မြောက် အရပ်ရှိ သာလိန္ဒယ ရွာ၌ ရှိသည်။ ယင်း လယ်မြေတွင် လယ်လုပ်သားပေါင်း များစွာဖြင့် လယ်လုပ်ကြသည် ဟူ၍ သာလိကေဒါရ ဇာတ်၌ ဖော်ပြထားသည်။

ဗုဒ္ဓ ခေတ်အခါက လယ်ယာစိုက်ပျိုးသည့် အလုပ် လုပ်ကိုင်ရာ၌ အသုံးပြုသည့် နည်းလမ်းများမှာ ယခု ခေတ်အခါနှင့် ခြားနားမှု မရှိလှပေ။ ထွန်ယက်စိုက်ပျိုးသည့် အလုပ်မှ စ၍ ရိတ်သိမ်းသည် အထိ ပြုလုပ်သော နည်းများမှာ ယခုခေတ် လုပ်ပုံ လုပ်နည်းများနှင့် အတူတူလိုပင်

ဖြစ်သည်။ သကျ သာကိဝင် မဟာနာမသည် သူ၏ ညီတော် အနုရုဒ္ဓအား အိမ်ထောင်ရှင် တစ်ဦး၏ တာဝန်ဝတ္တရားနှင့် စပ်လျဉ်း၍ သတိပေးရာတွင် “ပထမ လယ်ထွန်ရမည်။ လယ်ထွန်ပြီးနောက် စိုက်ပျိုးရမည်။ စိုက်ပျိုးပြီးနောက် ရေသွင်းပေးရမည်။ ရေသွင်းပေးပြီးနောက် ရေကို ထုတ်ပစ်ရမည်။ ရေထုတ်ပစ်ပြီးနောက် ကောက်ပင်ကို ခြောက်အောင် လုပ်ရမည်။ ခြောက်အောင် လုပ်ပြီးနောက် စပါး ရိတ်ရမည်။ စပါး ရိတ်ပြီးနောက် ရိတ်ပြီး စပါးကို အပေါ်တင်ရမည်။ အပေါ်တင်ပြီးနောက် စည်းထားရမည်။ စည်းထားပြီးနောက် နယ်ရမည်။ နယ်ပြီးနောက် ကောက်ရိုး ဖယ်ပစ်ရမည်။ ကောက်ရိုး ဖယ်ပြီး ဖွဲကို ဖယ်ပစ်ရမည်။ ဖွဲကို ဖယ်ပြီးနောက် စပါးကို စုပုံထားရမည်” ဟု ပြောဆိုကြောင်း ဝိနည်း ပိဋကတ်၌ ပါရှိသည်။

ထွန်တုံးနှင့် နွားသည် လယ်ယာအလုပ်၏ မရှိမဖြစ်သော အင်္ဂါအစိတ်အပိုင်း ဖြစ်သည်။ ထိုခေတ် အခါသမယကလည်း ယခုခေတ် ကဲ့သို့ပင် ထွန်တုံးတွင် နွားတပ်၍ လယ်ထွန်ကြသည်။ သီမာဓမ္မ ဇာတ်နှင့် အခြား ဇာတ်နိပါတ်ပေါင်း များစွာတို့၌ ထိုကဲ့သို့ လယ်ထွန်ကြောင်း ဖော်ပြထားသည်။ “လူတို့သည် ထွန်ဖြင့် လယ်ထွန်ပြီးနောက် စပါး စိုက်ပျိုးလျက် ဥစ္စာနေ ရအောင် လုပ်ပြီးလျှင် မိမိ သားမယားများကို ကျွေးမွေး ပြုစုကြ၏။ သင် ဘိက္ခုနှင့် ဘိက္ခုနီတို့သည်လည်း နောင်တတစ်ဖန် ပူပင်ခြင်း မဖြစ်ရသည့် အလုပ်များ ပြုလုပ်လျက် သာသနာတော်အား အဘယ်ကြောင့် မပြုစု မစောင့်ရှောက်ရမည်နည်း” ဟူ၍ မြတ်စွာဘုရားက ဘိက္ခုနှင့် ဘိက္ခုနီ များအား သတိပေး ညွှန်ကြားတော်မူသည်ကို မကြာခဏ တွေ့ရှိရသည်။

ဗုဒ္ဓ ခေတ်အခါက လယ်ထွန်သည့် အလုပ်ကို အလေးအမြတ် ပြုအပ်သည့် အလုပ်တစ်ခု အဖြစ် ထင်မှတ် ယူဆထားကြသည်။ သကျ သာကီဝင် အမျိုးတို့မှာမူ လယ်ထွန် မင်္ဂလာ၊ လယ်စိုက်ပျိုး မင်္ဂလာ (ဝပ္ပ မင်္ဂလာ) ပွဲကိုလည်း ဆင်ယင် ကျင်းပကြသည်။ ယင်း မင်္ဂလာပွဲများ၌ ထွန်တုံး တစ်ထောင်ကို တစ်ပြိုင်နက် တပ်ကြပြီးလျှင် မှူးမတ် ခြွေရံများနှင့် အတူ ဘုရင်ကိုယ်တိုင် လယ်ထွန်သည်။ ယင်း လယ်ထွန် မင်္ဂလာပွဲကို ထိုခေတ်အခါ သမယက “လယ်ယာ လုပ်ငန်းသည် အလွန် ဂုဏ်ရှိသည့် အလုပ်ဖြစ်ပြီး ပြည်သူပြည်သားများနှင့် အတူတကွ ပါဝင် လုပ်ကိုင်ခြင်းသည် ဘုရင်၏ တာဝန် ဝတ္တရားတစ်ရပ် ဖြစ်၏” ဟူ၍ ထင်မှတ် ယူဆထားခြင်း၏ သက်သေ သာဓက တစ်ရပ် ဖြစ်သည်။

ထိုခေတ်က လယ်သမားများသည် ပေါက်တူးနှင့် ပေါက်ပြားများကိုသာ အသုံးပြုကြသည်။ ဗုဒ္ဓခေတ်က လယ်သမားများသည် ကောက်ပင်များကို သမင် စသော တိရစ္ဆာန်များ မဖျက်စီးစေရန် အတွက် စီမံထားကြကြောင်းကိုလည်း လက္ခဏ ဇာတ်အရ သိရှိရသည်။ တလင်းများထဲတွင် စုထားသော ကောက်လှိုင်းများကို နယ်လျက် စပါးများကို ယခုခေတ် ကဲ့သို့ပင် အိမ်သို့ သယ်ဆောင်ပြီး စပါးကျီထဲတွင် သိုလှောင်ထားကြသည်။ စပါးများကို ယခုခေတ် ကဲ့သို့ပင် ဆန်ဖြစ်အောင် ကြိတ်ဆုံဖြင့် ကြိတ်ကြလျက် မောင်းဖြင့် ထောင်းကြသည်။

ဗုဒ္ဓ ခေတ်အခါက ဇမ္ဗူဒိပ်ကျွန်းရှိ တောင်သူလယ်သမား ဘဝသည် ဆန်ရေစပါး ပေါများ၍ ချမ်းသာ ဝပြောသည်။ ထေရဂါထာ၌ ဗြဟ္မာလိ မထေရ်သည် မဂဓ တိုင်းသူ ပြည်သားများ “ဆန်ရေစပါး ပေါများ ကြွယ်ဝကြ၏။ ချမ်းသာသုခ ရှိကြ၏ ဟု ငါကြားရသည်” ဟူ၍ ဥဒါန်း ကျူးရင့်ထားသည်။

**လယ်ယာစီးပွား**

၁၈ - ၈ - ၂၀၀၀။

## ဝါတွင်းနှင့် လယ်ယာ စိုက်ပျိုးရေး

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသည် ယခင်ကလည်း လယ်ယာ စိုက်ပျိုးရေးကို အဓိကထားခဲ့သော၊ ယခုလည်း လယ်ယာ စိုက်ပျိုးရေးကိုပင် အဓိက ထားနေသော နိုင်ငံဖြစ်သည်။ သကျမုနိ ဗုဒ္ဓလက်ထက် အခါကပင် လယ်ယာ စိုက်ပျိုးရေးနိုင်ငံ ဖြစ်ခဲ့သည်။ ဝိနည်း ပိဋကတ်၌ အသက်မွေး ဝမ်းကျောင်းမှု လုပ်ငန်းများထဲတွင် လယ်ယာစိုက်ပျိုးသည် အဓိက ဖြစ်သည်ဟု ဦးစားပေး ဖော်ပြထားသည်။ လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ကျွဲနွား မွေးမြူရေး ဟူသော အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်း သုံးခုထဲတွင် လယ်ယာ စိုက်ပျိုးရေးကို “ဥက္ကဋ္ဌကမ္မ” ဟူ၍ အမြင့်ဆုံးအဖြစ် ညွှန်ပြထားသည်။

လယ်ယာ စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံ ဖြစ်သောကြောင့် မဇ္ဈိမဒေသ အိန္ဒိယ နိုင်ငံတွင် ရေး ရေးမင်းများနှင့် ပြည်သူများသည် လယ်ယာလုပ်ငန်းခွင် စတင်ဝင်ကြချိန် လယ်ထွန် မင်္ဂလာ သို့မဟုတ် လယ်ယာ စိုက်ပျိုးရေး မင်္ဂလာ အခမ်းအနား ကျင်းပပြုလုပ်လေ့ ရှိကြသည်။ သိဒ္ဓတ္ထမင်းသား မီးရှူးသန့်စင် ဖွားမြင်ပြီး တစ်လမြောက် အချိန်၌ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် မှူးမတ်ဗိုလ်ပါ အခြံအရံနှင့်တကွ လယ်ထွန်မင်္ဂလာ အခမ်းအနား ကျင်းပပြုလုပ်နေစဉ်





ဇမ္ဗူ့သပြေပင်ရင်း၌ စီမံထားသော နေရာ တစ်နေရာတွင် အလောင်းတော် မင်းသားကို သိပ်ထားသည်။ အထိန်းအာယ မိန်းမများ ဘုရင်မင်းကြီး၏ လယ်ထွန်မင်္ဂလာ သဘင်ကို ကြည့်ရှု နေကြစဉ် အလောင်းတော် မင်းသားသည် သိပ်ထားသော နေရာထက်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် အာနာပါဏ ကမ္မဋ္ဌာန်း စီးဖြန်းနေသည်။

သံယုတ္တ နိကာယ်၌ ပါသော ကသိဘာရဒွါဇ ဗြာဟ္မဏ အကြောင်းတွင်လည်း “မင်္ဂလဝပ္ပ” ခေါ် လယ်ယာစိုက်ပျိုးရေး မင်္ဂလာ အခမ်းအနား ကျင်းပသည့် အကြောင်း ပါရှိသည်။ ဒက္ခိဏာဂီရိ အနီးရှိ ဧကနာလာ အရပ်တွင် ကသိဘာရဒွါဇ ဗြာဟ္မဏ နေထိုင်သည်။ သကျမုနိ ဗုဒ္ဓသည် သမ္မာသမ္ဗုဒ္ဓ ဘုရား ဖြစ်တော်မူပြီးနောက် ၁၁ နှစ် အကြာတွင် ဘာရဒွါဇ ဗြာဟ္မဏထံ ရောက်သွားသည်။ ဘာရဒွါဇသည် သူ၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အကြောင်းပြု၍ “ကသိဘာရဒွါဇ” အမည် တွင်နေခြင်း ဖြစ်သည်။ လယ်ယာစိုက်ပျိုးမှု မင်္ဂလာ အခမ်းအနား ကျင်းပနေခိုက် သကျမုနိ ဗုဒ္ဓသည် ဘာရဒွါဇထံ ရောက်သွားခြင်း ဖြစ်သည်။ မင်္ဂလာ အခမ်းအနား ရောက်လာကြသူများကို ထမင်းကျွေးနေခိုက် ရောက်သွားသောအခါ ဆွမ်းခံကြွလာသော သကျမုနိ ဗုဒ္ဓကို ဘာရဒွါဇက “အသက်မွေး ဝမ်းကျောင်းမှုအတွက် သူ့လို လယ်ယာလုပ်ငန်း လုပ်သင့်သည်” ဟု ပြောပြလိုက်သည်။ ထိုအခါ သကျမုနိ ဗုဒ္ဓက “ငါလည်း လယ်သမားတစ်ဦး ဖြစ်၏။ လယ်သမားတစ်ဦး ပြုလုပ် ဆောင်ရွက်သော တာဝန် ဝတ္တရားများ၌ မျိုးစေ့သည် သဒ္ဓါတရား ဖြစ်သည်။ ဝိပဿနာ အလုပ်သည် လယ်ထွန်အလုပ် ဖြစ်၏။ သတိသည် ထွန်သွားဖြစ်၏။ စွမ်းအားသည် ဝန်ဆောင်သူများ ဖြစ်၏။ စိုက်ပျိုးသည့်အတွက် ဖြစ်ထွန်းလာသော သီးနှံသည် နိဗ္ဗာန် ဖြစ်၏။ ဒုက္ခ လွတ်ငြိမ်းခြင်းသည် အမြိုက်သုဓာ ဖြစ်၏” ဟု မိန့်ကြားတော်မူသောအခါ ဘာရဒွါဇ ဗြာဟ္မဏသည် အကြီးအကျယ် ကျေနပ်သွားပြီး သကျမုနိ ဗုဒ္ဓအား နို့ဆွမ်း ကပ်လှူသည်။

သကျမုနိ ဗုဒ္ဓက "တထာဂတတို့ မည်သည့် တရားဒေသနာ ဟောကြားသည့် အခါ မည်သည့် အဖိုးအခကိုမှ လက်မခံ" ဟု အကြောင်းပြပြီးလျှင် ဘာရဒွါဇ ပေးလှူသော ဆွမ်းအလှူကို ငြင်းပယ်ပစ်လိုက်သည်။ သကျမုနိ ဗုဒ္ဓ၏ အကြံပေးချက် အရ ဘာရဒွါဇသည် ယင်း ဆွမ်းအလှူကို မြစ်ထဲ ပစ်ချလိုက်သည်။ အကြောင်းမူကား တထာဂတအား ပေးလှူသော ဆွမ်း ဘောဇဉ်သည် အခြား တစ်စုံတစ်ယောက် စားသုံးလျှင် ကြေနိုင်သည့် အခြေအနေ မရှိသည့်အတွက် ဖြစ်သည်။ ဆွမ်းအလှူသည် မြစ်ရေနှင့် ထိသွားသောအခါ အသံမြည်လာပြီး မီးခိုးများ ထွက်ပေါ်လာသည်။ ထိုအခါ ကသိဘာရဒွါဇသည် တအံ့တသြ ဖြစ်သွားပြီးလျှင် သကျမုနိ ဗုဒ္ဓ၏ ခြေတော်ရင်း၌ ဝပ်စင်းလိုက်သည်။

သကျမုနိ ဗုဒ္ဓသည် ၂၉ နှစ်တိတိ နန်းအိမ်တွင်း၌ စံနေတော် မူခဲ့သော်လည်း သမ္မာသမ္ဗုဒ္ဓ ဘုရား ဖြစ်လာသောအခါ တရားဒေသနာ ဟောကြားရန် အလို့ငှာ နေရာ အသီးသီး၊ ဒေသ အသီးသီး၊ ထောင့်အသီးသီးသို့ ဒေသစာရီ ကြွချီတော်မူသည်။ ထို့ကြောင့် သကျမုနိ၏ နောက်ပိုင်း ဘဝသည် ပြည်သူနှင့် နီးစပ်သော ဘဝ ဖြစ်လာသည်။ အကျွတ်တရား ရပြီး သာသနာ့ဘောင် ဝင်ရောက်လာသော သကျမုနိ ဗုဒ္ဓ၏ တပည့် သာဝကများထဲတွင် အလွှာအသီးသီးက ပုဂ္ဂိုလ်များ ပါဝင်သည်။ ဘုရင်၊ မှူးကြီးမတ်ရာ၊ သူဌေးသူကြွယ်၊ ဆင်းရဲသားနှင့် သူတောင်းစား စသူတို့ ပါသည်။ လယ်သမားလည်း ပါသည်။ ကသိဘာရဒွါဇ ဗြာဟ္မဏသည် လယ်သမားတစ်ဦး ဖြစ်သည်။

သကျမုနိ ဗုဒ္ဓသည် ဒေသစာရီ ကြွချီတော်မူသောအခါ ယာဉ်ကို မစီးဘဲ ခြေကျင်သာ ကြွတော်မူသည်။ ထို့ကြောင့် နယ်မြေ အနေအထားနှင့်လည်း ဆက်စပ်မှု ရှိနေသည်။ လယ်ယာ စိုက်ပျိုးရေးကိုလည်း လျစ်လျူရှုထားတော် မမူပေ။ ထို့ကြောင့် မိမိ ဟောကြားတော်မူသော တရား ဒေသနာများ၌ လယ်ယာနှင့် ပတ်သက်သော အကြောင်းအရာများကို ဥပမာ ပေးပြီး ဟောကြားတော် မူခဲ့သည်မှာ အများအပြား ရှိသည်။ "ခေတ္တ" ဟူသော ဝေါဟာရသည် လယ်မြေကို ခေါ်ဆိုခြင်း ဖြစ်သည်။ သကျမုနိ ဗုဒ္ဓသည် ပုညနှင့် ခေတ္တကို တွဲပြီး "ပုညက္ခေတ္တ" ဟု အသုံးပြုပြီးလျှင် ကုသိုလ်ကောင်းမှု ပြုလုပ်ရန် သင့်လျော်သည့် နေရာကို ပုညက္ခေတ္တ (လယ်ယာမြေကောင်း) ဟု အသုံးပြုထားသည်။

ပါစိတ် ပါဠိတော်၌ ပါရှိသော ဥက္ကဋ္ဌကမ္မံ (လယ်ယာလုပ်ငန်းသည် လုပ်ငန်း သုံးမျိုးထဲတွင် အမြင့်ဆုံး အမြတ်ဆုံး ဖြစ်၏) ဟု ဆိုထားသည်မှာလည်း လယ်ယာ စိုက်ပျိုးရေးကို သကျမုနိ ဗုဒ္ဓ မည်မျှ တန်ဖိုးထားသည် ဆိုသည့်အကြောင်း ထင်ရှား ပေါ်လွင်နေသည်။ ရဟန်း သံဃာများကို မိုးကာလ ဝါတွင်း သုံးလပတ်လုံး မိမိတို့ နေထိုင် သီတင်းသုံးသော ကျောင်းတိုက်က တခြားခရီး မသွားရ ဟူသော ပညတ်ချက်သည်လည်း လယ်ယာ စိုက်ပျိုးရေးနှင့် ပတ်သက် ဆက်နွယ်နေသည်။ သကျမုနိ ဗုဒ္ဓ၏ တပည့်သာဝက ရဟန်း သံဃာတော်များလည်း သကျမုနိ ကဲ့သို့ပင် ဒေသစာရီ လှည့်လည် သွားကြသောအခါ ယာဉ်မစီးဘဲ ခြေကျင် ကြွကြသည်။ မိုးဥတု ကာလ လယ်ကွက်များထဲတွင် စိမ်းလန်းနေသော ကောက်ပဲသီးနှံများ ဖြစ်ထွန်းနေချိန် ရဟန်း သံဃာတော်များ ခြေကျင် ကြွသွားကြသည့်အတွက် ကောက်ပဲသီးနှံများကို နင်းမိပြီး ကောက်ပဲ သီးနှံများ ပျက်စီးကုန်ကြသည်။ ယင်း အခြေအနေကို သိတော်မူသောကြောင့် သကျမုနိ ဗုဒ္ဓသည် ဝါတွင်းကာလ သုံးလပတ်လုံး ရဟန်းသံဃာများ ခရီးမသွားရ ဟူသော သိက္ခာပုဒ်ကို ပညတ် ထားတော်မူခြင်း ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ နိုင်ငံများ၌ ရဟန်း သံဃာတော်များ ဝါဆိုချိန်မှ စ၍ ဝါကျွတ်သည် အထိ လယ်သမားများ လယ်လုပ်ချိန် သုံးလမျှသော အချိန်ကာလသည် "ဝါတွင်း" အဖြစ် ထင်ရှား ကျော်ကြားနေကြခြင်း ဖြစ်သည်။ မြန်မာ့ စတုတ္ထလကို ဝါဆိုဟု လည်းကောင်း၊ အဋ္ဌမလကို ဝါကျွတ် သို့မဟုတ် သီတင်းကျွတ်ဟု လည်းကောင်း ခေါ်ဆိုနေကြခြင်း ဖြစ်သည်။ "ဝါတွင်း" အချိန်ကာလ

ဖြစ်ပေါ်ခြင်းကို ထောက်လျှင် လယ်ယာ စိုက်ပျိုးရေးနှင့် ပတ်သက်၍ သကျမုနိ ဗုဒ္ဓ မည်မျှ အာရုံစူးစိုက်တော်မူသည် ဆိုသည့်အကြောင်း သိသာ ထင်ရှားနေသည်။

လယ်ယာစီးပွား

၁၀ - ဩဂုတ် - ၂၀၀၁။

## ဇေယျ၊ မဟာဆွေ ရာပြည့်ပွဲသဘင်

စာရေးဆရာ၊ စာပေပညာရှင်များကို မွေးထုတ်ပေးသော တိုင်းပြည် နိုင်ငံများ၌ သူတို့နိုင်ငံက ကွယ်လွန်သွားကြပြီ ဖြစ်သည့် စာရေးဆရာ စာပေပညာရှင်များအတွက် အမှတ်တရ အထိမ်းအမှတ် ပွဲများကို ကျင်းပ ပြုလုပ်လေ့ ရှိကြသည်။ အိန္ဒိယနိုင်ငံ၌ ရာမနှင့် ပတ်သက်ပြီး ရေးသားသော ဂန္ထဝင် မဟာကဗျာကျမ်း နှစ်ကျမ်း ရှိသည်။ တစ်ကျမ်းမှာ သက္ကတ ဘာသာနှင့် ရှိသော "ရာမာယဏ" မဟာကဗျာ။ အခြား ကျမ်းတစ်ကျမ်းမှာ ရှေးဟောင်း ဟိန္ဒီ ကဗျာဖွဲ့နည်းဖြင့် ရေးသားထားသော "ရာမစရိတမာနသ" မဟာကဗျာ ဖြစ်သည်။ "ရာမာယဏ" မဟာကဗျာကို ရေးဖွဲ့ဆိုသူမှာ "ဝါလမီကိ" ဖြစ်ပြီး "ရာမစရိတမာနသ" ကဗျာကို ရေးဖွဲ့သူမှာ "တုလသီဒါဆ်" ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ "ရာမစရိတမာနသ" မဟာကဗျာကျမ်း ရေးသားဖွဲ့ဆိုသူ "တုလသီဒါဆ်" အမှတ်တရ အထိမ်းအမှတ် ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်လေ့ ရှိကြသည်။ ကဗျာဆရာကြီး ရာဗိန္ဒြာ နတ်တဂိုး၏ အမှတ်တရ အထိမ်းအမှတ် ပွဲများကိုလည်း အိန္ဒိယ ပြည်တွင်းပြည်ပ နှစ်ဌာနလုံး၌ နှစ်စဉ် ကျင်းပပြုလုပ်လေ့ ရှိကြသည်။ မြန်မာနိုင်ငံ၌လည်း ယူနက်စကိုနှင့် ပညာရေး ဝန်ကြီးဌာန ပူးပေါင်းပြီး မြို့တော်ခန်းမ၌ တဂိုး ရာပြည့်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။ တရုတ်ပြည်၌လည်း ပြည်သူ့

စာရေးဆရာကြီး လူထုဦးလှ (?) ၏ အမှတ်တရ အထိမ်းအမှတ်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပ ပြုလုပ်ကြသည်။ မြန်မာနိုင်ငံ၌လည်း ကွယ်လွန်သွားကြပြီ ဖြစ်သော နာမည်ကျော် စာရေးဆရာ၊ စာပေပညာရှင်များ အတွက် အမှတ်တရ အထိမ်းအမှတ်ပွဲ နေ့များကို ကျင်းပ ပြုလုပ်ကြသည်။ ယမန်နှစ်က ယဉ်ကျေးမှု ဝန်ကြီးဌာန ကြီးမှူးလျက် သိပ္ပံမောင်ဝ ရာပြည့် အထိမ်းအမှတ်ပွဲကို အမျိုးသားပြတိုက် ခန်းမ၌ ခမ်းနား သိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ခဲ့သည်။

ယခုတစ်ဖန် ၂၃-၉-၂၀၀၀ နေ့က ဆရာ ဇေယျနှင့် ဆရာ မဟာဆွေ ရာပြည့် အထိမ်းအမှတ် ပွဲကို အမျိုးသား ပြဇာတ်ရုံ၌ တခမ်းတနား ကျင်းပ ပြုလုပ်သည်။ ယခု ကျင်းပပြုလုပ်သော ရာပြည့် အထိမ်းအမှတ်မှာ ယခင် ရာပြည့် အထိမ်းအမှတ်ပွဲများနှင့် မတူ ကွဲပြား ခြားနားမှု ရှိနေသည်။ ဆရာ ဇေယျနှင့် ဆရာ မဟာဆွေတို့၏ ရာပြည့်နှစ်သည် တစ်နှစ်တည်း တစ်ချိန်တည်းလိုလို၌ ကျရောက်နေသည် ဖြစ်၍ ဆရာကြီး နှစ်ဦး၏ ရာပြည့် အထိမ်းအမှတ်ပွဲကို ပေါင်းပြီး ကျင်းပ ပြုလုပ်သည့် အခါအခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ရာပြည့် အထိမ်းအမှတ်ပွဲကို တစ်ကြိမ် တစ်ခါသာ ကျင်းပနိုင်သည်။ စောရွ၍လည်း ကျင်းပ ပြုလုပ်၍ မရပေ။ ကျော်လွန်ပြီး ကျင်းပ ပြုလုပ်၍လည်း မရပေ။ ရာပြည့်နှစ်၊ ရာပြည့် အချိန်ကျမှသာ ကျင်းပ ပြုလုပ်နိုင်သည် ဖြစ်သောကြောင့် ရာပြည့် အထိမ်းအမှတ်ပွဲသည် "ကာလိကာသဘာ" (သူ့အချိန်နှင့် သူ ကျင်းပ ပြုလုပ်ရသော ပွဲသဘင်မျိုး) ဖြစ်နေသည်။

ယခုတစ်ကြိမ် ဝါမိုးအောင် စာပေမှ ကြီးမှူးပြီး အထိမ်းအမှတ်ပွဲ ကျင်းပသော ဆရာ ဇေယျနှင့် ဆရာ မဟာဆွေ နှစ်ဦးစလုံးပင် မြန်မာ စာပေလောကကို အထူး ကျေးဇူးပြုသွားခဲ့သူ ပုဂ္ဂိုလ်ကြီးများ ဖြစ်သည်။ ဆရာ ဇေယျသည် ကဗျာ၊ ဝတ္ထု၊ စကားပြေပေါင်း များစွာကို ရေးသား သွားခဲ့သည်။ ဆရာ မဟာဆွေကမူ အင်္ဂလိပ် ကိုလိုနီခေတ်၌ လွတ်လပ်ရေး တိုက်ပွဲဝင်များအား မျိုးချစ်စိတ်ဓာတ် ထက်သန်လာစေရန် လှုံ့ဆော်ပေးသည့် "တို့မေမေ" စသော ဝတ္ထုများကို ရေးသားခဲ့သည်။

ယခု ကျင်းပပြုလုပ်သော ရာပြည့် အထိမ်းအမှတ်ပွဲ၌ အခြား ထူးခြားချက် တစ်ခုမှာ စာတမ်းများကို တင်သွင်းဖတ်ကြားခြင်း ဖြစ်သည်။ စာတမ်းရှင်များမှာ မောင်ထင်၊ တိုက်စိုး၊ ထီလာစစ်သူ၊ မြဝင်း (ဒဿန)၊ ခင်ဆွေဦးတို့ ဖြစ်ကြသည်။ စာတမ်းရှပ်ရှင်များ၏ ဆရာ ဇေယျ၊ ဆရာ မဟာဆွေနှင့် ပတ်သက်သော စာတမ်းများကို စာအုပ်အဖြစ် ပုံနှိပ် ထုတ်ဝေထားသည် ဖြစ်၍ ယင်း စာတမ်းများသည် ဆရာ ဇေယျနှင့် ဆရာ မဟာဆွေတို့၏ ရာပြည့် အထိမ်းအမှတ်ပွဲကို အဓွန့်ရှည်စွာ အမှတ်တရ ဖြစ်နေစေရန်အတွက် ဆောင်ရွက် သွားကြပေလိမ့်မည်။

လယ်ယာစီးပွား

၆ - ၁၀ - ၂၀၀၀။

## ဘရက်လေဘာ

တစ်နေ့ နံနက်ခင်း နံနက်စာအတွက် လက်ဖက်ရည်နှင့် သောက်ဖို့ ဝယ်နေကျ ပလာတာဆိုင်၌ ပလာတာ သွားဝယ်သည်။ ပလာတာ ရောင်းသော ယာယီဆိုင်လေးတွင် ပလာတာ ရောင်းသူကို မတွေ့ရ၍ အကျိုးအကြောင်း မေးကြည့်သည်။ "ပလာတာ ရောင်းသမား နှစ်လုံးထီ ပေါက်လို့ ဒီကနေ့ ဆိုင်မထွက်ဘူး" ဆိုသည့် သတင်း ကြားသိရသည်။ တစ်လောကလည်း ကိစ္စတစ်ခုနှင့် အပြင်သွားစရာရှိ၍ စီးနေကျ အငှားကားဆရာ တစ်ဦးထံ ကားငှားသည်။ အငှားကား ဆရာ ပြောပြလိုက်သော စကားကို ကြားရ၍ စိတ်ပျက်ပြီး ပြန်လာခဲ့ရသည်။

"ကျုပ် ချဲပေါက်လို့ အနည်းဆုံး တစ်ပတ်လောက်တော့ အငှားကား မထွက်သေးဘူးလို့ အောက်မေ့တယ်။ ချဲပေါက်လို့ ရတဲ့ ငွေကလေးနဲ့ အိမ်မှာ ဒူးနံ့ပြီး နေလိုက်ဦးမယ် ဆရာ၊ ဆရာ့ကိုတော့ အားနာပါတယ်"

အိမ်တွင်းအိမ်ပြင် နေရာတကာ၌ နှစ်လုံးတိုက် ထီနံပါတ် ပေးသံများကို လည်းကောင်း၊ နှစ်လုံးထီ တိုက်သည့်အတွက် ဝမ်းသာအားရ ပျော်မြူးကြသည့် အသံကို လည်းကောင်း၊ နှစ်လုံးထီ လွဲသွားသောကြောင့် စိတ်ပျက် အားလျော့ပြီး တဖျစ်တောက်တောက် ပြောနေကြသော အသံကို လည်းကောင်း၊ ထီပေါက်ပြီးမှ ထီလက်မှတ် ပျောက်သွားသလို နှစ်လုံးထီ သို့မဟုတ် ချဲပေါက်ပြီးမှ ဒိုင်လုပ်သူက မလျော်နိုင်ဘဲ ရှောင်နေသည့်အတွက် ဒိုင်အပေါ် ဒေါသူပုန် ထနေသံများကို လည်းကောင်း၊ ဘယ်သူပေးသော ဂဏန်းက ပေါက်ပြီး ဘယ်သူပေးသော ဂဏန်းက လွဲသွားသည် ဆိုသည်ကို မြိန်ရေရှက်ရေ ပြောနေကြသော အသံများကို လည်းကောင်း နားမဆန့် ကြားနေရသည်။

ယင်း ပြောသံများကို မိမိတို့ အိမ်၌လည်း ကြားနေရသည်။ လက်ဖက်ရည်ဆိုင်၌လည်း ကြားနေရသည်။ ဈေးထဲ၌လည်း ကြားနေသည်။ ရုံးပြင်ကနား၌လည်း ကြားနေရသည်။ ရပ်ရွာထဲတွင်လည်း ကြားနေရသည်။ မြို့နယ်များ၌လည်း ကြားနေရသည်။ တိုင်းပြည် အနှံ့အပြား၌ ကြားနေရသည်။ ပန်းရနံ့ မွှေးကြိုင်နေသော ပန်းတစ်ပွင့်၊ ပန်းတစ်ခိုင်၏ ဘေးပတ်လည်၌ တဝီဝီနှင့် အော်မြည်နေသော ပျားပိတုန်းများ၏ အော်မြည်သံ ကဲ့သို့ပင် ချဲသမား၊ နှစ်လုံးထီသမားများ၏ တဝီဝီ အော်မြည်နေကြသော အသံများကို နားပိတ်ထားရမတတ် ကြားနေရသည်။

ယင်း မြင်ကွင်း မြင်ကွက်များကို တွေ့မြင်ရပြီး ယင်း စကားပြောသံများကို တစ်ရုံမဆင့် ကြားနေရသောအခါ မြန်မာပြည်သူ ပြည်သားများသည် "အလုပ်မှ လုပ်ကြသေးရဲ့လား။ ချဲပဲ ထိုးနေကြသလား။ နှစ်လုံးထီပဲ တိုက်နေကြသလား" ဆိုသည်အထိ စဉ်းစားဖို့ ဖြစ်လာသည်။ မိမိတို့ အတွေးအမြင်ကို အားဖြည့်ပေးသော သတင်းစကားများကိုလည်း ဆက်တိုက် ကြားနေရသည်။

မည်သည့် နေရာ၌ မည်သူတို့သည် အလုပ် မလုပ်ကြတော့ဘဲ သို့မဟုတ် အလုပ် လုပ်ဖို့ စိတ်မဝင်စားကြတော့ဘဲ ချဲထိုးနေကြသည်။ နှစ်လုံးထီ ထိုးနေကြသည်။ ချဲ သို့မဟုတ် နှစ်လုံးထီ ဖွင့်သောနေ့၌ ဒိုင်လုပ်သူများသည် တစ်နေရာ၌ စားပွဲတစ်လုံး ကုလားထိုင် တစ်လုံးနှင့် ထီထိုးသူများကို လက်ခံ စာရင်းယူလျက် ထီဖွင့်သည်နှင့် လျော်ကြေးပေးရသူကို လျော်ကြေးပေးပြီး

စားရသူများထံမှ စားပြီးသည်နှင့် တစ်ပြိုင်နက် ဖုတ်ဖက်ခါ ထသွားကြသည်။ ယင်း အလုပ်မှာ သူတို့၏ လုပ်နေကျ စီးပွားရေး အလုပ် ဖြစ်နေသည်။ မည်သူသည် အခြား အလုပ်ကို မလုပ်ဘဲ ချဲ သို့မဟုတ် နှစ်လုံးထီကိုသာ စိုက်လိုက်မတ်တတ် ထိုးနေသည်။ တစ်ခါတစ်ရံ ပေါက်သည်။ သို့သော်လည်း ပေါက်သည့်အခါမှာ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဖြစ်သည်။ မပေါက်သည့် အခါက များသည်။ တစ်ခါတစ်ရံလောက် ပေါက်သည့်အတွက် မက်လုံး ရှိလာပြီး ပေါက်နိုး ပေါက်နိုးနှင့် ဆက်ဆက်ထိုးသည်။ ဆက်ဆက်ထိုးတော့ ဆက်ဆက် ငွေကုန်သည်။ သို့ရာတွင် ချဲ ပေါက်ဂဏန်းနှင့် နှစ်လုံးထီ ပေါက်ဂဏန်းသည် ထိုးသူများ ထိုးသော ဂဏန်းဆီ ဝေ့မလာဘဲ ရှောင်ကွင်းသွားသည်က များသည်။ ထိုးလေ မပေါက်လေ ဖြစ်သောအခါ ထိုးသူများ၏ လက်ထဲတွင် ထိုးစရာငွေ မရှိတော့သည့်အတွက် ပန်းကန်ခွက်ယောက်က အစ အသုံးအဆောင် ပစ္စည်းများကို ချရောင်းသူများက ချရောင်းကြသည်။ ပေါင်နှံသူများက ပေါင်နှံကြသည်။ ပစ္စည်းရောင်း၍ ရသော ငွေဖြင့် ပစ္စည်းပေါင်၍ ရသော ငွေဖြင့် လေ့မျှောလျှင် လေ့ဖြင့် လိုက်သလို မျှောသွားသော ငွေနောက် ငွေဖြင့် လိုက်သည်။ သို့ရာတွင် မျှောသော ငွေနောက် လိုက်သော ငွေသည်လည်း ပြန်လှည့် မလာတော့ဘဲ ရေထဲ ပစ်ချလိုက်သလို ဖြစ်သွားသည်။ ယင်းသို့အားဖြင့် ဖွတ်ကျောပြာစု ဇာတ် ခင်းနေကြသည်။ ဂျာအေး သူ့အမေရိုက် ဇာတ် ကနေကြသည်။

အမှန်က ချဲ သို့မဟုတ် နှစ်လုံးထီ သို့မဟုတ် ရိုးရိုး ထီများသည် အရင်းမစိုက် လေ့ထိုးလိုက်သူများ ဖြစ်သည်။ တစ်ပွဲထိုး လုပ်နေကြသူများ ဖြစ်သည်။ အလုပ် မလုပ်ဘဲ ဖြတ်လမ်းက အပွ ကြံချင်သူများ ဖြစ်သည်။ အလုပ် မလုပ်ဘဲ မိမိလက်ထဲ မိုးပေါ်က ကျလာသော ကြေးငွေဓနသည် မိမိ လက်ထဲတွင် ကြာရှည်မနေဘဲ မိုးပေါ် ပျံသွားတတ်သည်။ ကာယအင်အားဖြင့် ဖြစ်စေ၊ ဉာဏအင်အားဖြင့် ဖြစ်စေ အားသွန်ခွန်စိုက် မလုပ်ဘဲ မိမိလက်ထဲ ရောက်ရှိလာသော ငွေသည် မိမိ၏လက်ထဲတွင် မပျော်ပိုက်ပေ။ တစ်နေရာရာသို့ အနေးနှင့် အမြန် ပြန်ထွက်သွားသည်။

ထီပေါက်သူများ၏ လက်ထဲတွင် ထီပေါက်၍ ရသော ငွေကြေးဓနသည် ကြာရှည် မခံပေ။ မရဘူးသော ငွေကြေး ပမာဏကို ရရှိသည့်အတွက် မသုံးဘူးသော ပစ္စည်းများကို ဝယ်ပြီး သုံးဖြုန်းပစ်လိုက်ကြသောအခါ ဒုံရင်း ပြန်ရောက်သွားသည်။

မိမိတို့ ရပ်ကွက်၌ အချိန်အတန်ကြာက ရှိလာခဲ့သော ကျူးကျော်အိမ်များကို သက်ဆိုင်ရာက ဖျက်ပြီး လျော်ကြေးပေးသည်။ တချို့ လျော်ကြေး ရသူများသည် ရလာသော လျော်ကြေးငွေဖြင့် ကားဝယ်သည်၊ ရုပ်မြင်သံကြား ဝယ်သည်။ အချိန် အတန်ကြာသွားသောအခါ သူတို့ လက်ထဲတွင် စားစရာ မရှိတော့၍ ဝယ်ထားသော ပစ္စည်းများကို ပြန်ရောင်းကြရသည်။ ထိုအခါ နေစရာ စားစရာ လက်မဲ့ ဖြစ်သွားပြီး အတိဒုက္ခ ရောက်ကြရသည်။ ပေါ့ပေါ့ရသော ငွေကို ပေါ့ပေါ့ သုံးပစ်ကြသည်။ ပေါ့ပေါ့ရသော ငွေကို ဖြစ်စေ၊ ကြိုးစားအားထုတ်၍ ရသောငွေကို ဖြစ်စေ စနစ်တကျ သုံးစွဲတတ်မှသာလျှင် နေရေး စားရေးအတွက် သူတစ်ပါးထံတွင် လက်ဖြန့် တောင်းခံစရာ မလိုသည့် အခြေအနေတွင် တည်မြဲနေပေလိမ့်မည်။

မဟာတ္တမ ဂန္ဒီက တော်လတ္တိုင်း၏ **“What shall we do then”** စာအုပ်ကို ကိုးကားလျက် ဤသို့ ရေးပြထားသည်။ “ဘရက်လေဘာ” **(Bread Labour)** ၏ တိုက်ရိုက် အဓိပ္ပာယ်မှာ “ကိုယ်ကာယကို အရင်းခံလျက် အလုပ် မလုပ်သော သူသည် ထမင်းစားပိုင်ခွင့် မရှိ” ဟု ဆိုလိုသည်။ အကယ်၍ ကျွန်ုပ်တို့သည် ထမင်း၏ တန်ဖိုးနှင့် ညီမျှသော အလုပ် လုပ်ကြမည် ဆိုလျှင် ကမ္ဘာလောက၌ တွေ့မြင်နေရသော ချို့တဲ့ ဆင်းရဲခြင်းသည် ပျောက်ကွယ်သွားနိုင်စရာ အကြောင်း ရှိသည်။ ပျင်းရိသူ တစ်ယောက်သည် ထမင်းငတ်နေသူ နှစ်ယောက်အား နှိပ်စက်နေသူ ဖြစ်၏။ အကြောင်းမူကား သူ၏ အလုပ်ကို အခြားလူများက လုပ်ပေးနေရသည့်အတွက် ဖြစ်သည်။

"ကာယအားဖြင့် ဖြစ်စေ၊ ဉာဏအားဖြင့် ဖြစ်စေ လုပ်အား စိုက်ထုတ်လျက် အပင်ပန်းခံပြီး လုပ်မှသာလျှင် ကမ္ဘာလောက၏ စားသုံးစရာများကို စားသုံးထိုက်သူများ ဖြစ်သွားနိုင်၏။ ကမ္ဘာလောက၏ စားသုံးစရာများကို ပေါက်လွတ်ပဲစား စားသုံးနေသူများကို အသက်ရှင် နေသူများဟု မခေါ်ဆိုထိုက်ပေ" ဟူ၍ ရေးသား ဖော်ပြထားသည်။

လယ်ယာစီးပွား သတင်း

၆ - ၄ - ၂၀၀၁။